http://www.yeyintnge.com/

စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

## စစ်အစိုးရကို စုံစမ်းစစ်ဆေးမည့် ကော်မရှင် အမေရိကန် ထောက်ခံ

ရောဝတီ Wednesday, August 18, 2010

မြန်မာ စစ်အစိုးရ၏ စစ်ရာဇ ၀တ်မှုများနှင့် လူသား မျိုးနွယ် အပေါ် ကျူးလွန်သည့် ရာဇဝတ် မှုများကို စုံစမ်း စစ်ဆေးမည့် လွတ်လပ်သော ကုလသမဂ္ဂ စုံစမ်း စစ်ဆေးရေး ကော်မရှင် ဖွဲ့စည်းရေးကို အမေရိကန် ပြည်ထောင်စုက ထောက်ခံရန် ဆုံးဖြတ်လိုက်ကြောင်း အမေရိကန် စာနယ်ဇင်းများက ဖော်ပြသည်။




ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ၏ အိန္ဒိယနိုင်ငံ ခရီးစဉ်အတွင်း နယူးဒေလီမြို့တွင် မြန်မာ့ ဒီမိုကရေစီ အင်အားစုများက ဆန္ဒပြပြီး ပိုစတာများ ဖြန့်ကြဲထားစဉ်။ (ဓာတ်ပုံ - Reuters)

စစ်အစိုးရနှင့် ထိတွေ့ဆက်ဆံရေး မူဝါဒကို ပြည်လည် သုံးသပ်ပြီးနောက် အမေရိကန် အစိုးရက ယင်းသို့ ဆုံးဖြတ်လိုက်ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆုံးဖြတ်ချက်သည် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ခေါင်းဆောင်သော စစ်ခေါင်းဆောင်များကို အဓိက ပစ်မှတ်ထားပြီး အမေရိကန် သမ္မတ အိုဘားမား အစိုးရ၏ ယမန်နှစ်က စတင် ကျင့်သုံးခဲ့သည့် မအောင်မြင်သော စစ်အစိုးရနှင့် ထိတွေ့ဆက်ဆံရေး မူဝါဒကို ထင်ဟပ်နေသည်။

အမေရိကန် အစိုးရက တရားဝင် ထုတ်ဖော် ကြေညာခြင်း မရှိသေးသော်လည်း ထိုသို့ ထောက်ခံရန် ဆုံးဖြတ်လိုက်ကြောင်း ဝါရှင်တန်ပို့စ် သတင်းစာနှင့် နိုင်ငံခြားရေး မူဝါဒ (Foreign Policy) မဂ္ဂဇင်း တို့၏ ဝက်ဘ်ဆိုဒ်တွင် ဖော်ပြထားသည်။

စုံစမ်းစစ်ဆေးရေး ကော်မရှင်ကို ထောက်ခံရန် ဆုံးဖြတ်ချက်သည် စစ်အစိုးရက နိုင်ငံတကာ၏ အသိအမှတ်ပြုမှုကို ဂရုမစိုက် ဘဲ ရွေးကောက်ပွဲကို နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပမည်ဟု ကြေညာပြီး မကြာမီ ထွက်ပေါ်လာခြင်းလည်း ဖြစ်သည်။

"အဓိက အရေးကြီးသည်မှာ မြန်မာပြည်သူများထက် စစ်ခေါင်းဆောင်တစု၊ အထူးသဖြင့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေကို ပစ်မှတ် ထားခြင်း ဖြစ်သည်" ဟု အမေရိကန် အစိုးရ အဆင့်မြင့် အရာရှိတဦးကို ကိုးကား၍ ဝါရှင်တန်ပို့စ် သတင်းစာက ဖော်ပြသည်။

စုံစမ်းစစ်ဆေးရေး ကော်မရှင် ဖွဲ့စည်းရေးကို အဓိက တိုက်တွန်းသူမှာ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူး ကိုယ်စားလှယ် သောမတ်စ် အိုဟေး ကင်တာနာ ဖြစ်သည်။

"ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတကာ ရာဇဝတ်မှုများကို ထုတ်ဖော် မေးမြန်းမည့် ကော်မရှင် တရပ် ဖွဲ့စည်းရန် စဉ်းစားသင့်ပါသည်" ဟု ကင်တာနာ က မတ်လအတွင်း၌ တင်သွင်းသော အစီရင်ခံစာတွင် တိုက်တွန်းထားသည်။

ယင်းအစီရင်ခံစာသည် စစ်အစိုးရအပေါ် ဥပဒေကြောင်းအရ အရေးယူရန် ကြိုးပမ်းနေသော အဖွဲ့အစည်းများနှင့် မြန်မာ အတိုက်အခံ အင်အားစုများ၏ မျှော်လင့်ချက်ကို မြင့်တက်စေပါသည်။

ကုလသမဂ္ဂ အနေဖြင့် နောက်လတွင် ကျင်းပမည့် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ ပုံမှန်အစည်းအဝေးတွင် ယင်းသို့ သော စုံစမ်းစစ်ဆေးရေး ကော်မရှင်မျိုး ဖွဲ့စည်းရေး မိတ်ဆက်တင်ပြနိုင်ရန် လမ်းပွင့်သွားသည်ဟု နိုင်ငံခြားရေး မူဝါဒ မဂ္ဂဇင်းက ရေးသားထားသည်။ အိုဘားမား အစိုးရသည် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ထိုကော်မရှင်ဖွဲ့ရန် ဆုံးဖြတ်ချက် ကျရေး အတွက် ဖိအားပေးနိုင်ကြောင်း၊ သို့မဟုတ် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းကို ၎င်း၏ လုပ်ပိုင်ခွင့်ထဲမှ ဆောင်ရွက်ပေးရန် မေတ္တာရပ်ခံနိုင်ဖွယ်ရှိကြောင်း နိုင်ငံခြားရေး မူဝါဒ မဂ္ဂဇင်းကြီးက ဆက်လက် ရေးသားထားသည်။

ဝါရှင်တန်ပို့စ် သတင်းစာက ကုလသမဂ္ဂ လုံခြုံရေး ကောင်စီတွင် တရုတ်က ကန့်ကွက်သည့်တိုင် မဲခွဲဆုံးဖြတ်ပြီး စုံစမ်းစစ်ဆေး ရေး ကော်မရှင်ကို ဖွဲ့စည်းနိုင်ဖွယ် ရှိကြောင်း သုံးသပ်ထားသည်။ စစ်ရာဇဝတ်မှုများဖြင့် အရေးယူခံနေရသည့် ဆားဘီးယား ခေါင်းဆောင်ဟောင်း ဆလိုဘိုဒန် မီလိုဆီဗစ် နှင့် ယခုလောလောဆယ်တွင် နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့၌ တရား ရင်ဆိုင်နေရသည့် လိုက်ဘေးရီးယား သမ္မတဟောင်း ချားလ်စ် တေလာ တို့ကို ဝါရှင်တန်ပို့စ်က ဥပမာပေး ဖော်ပြထားသည်။

နိုင်ငံခြားရေး မူဝါဒ မဂ္ဂဇင်းတွင် "စုံစမ်းစစ်ဆေးရေး ကော်မရှင် ဖွဲ့စည်းရေး ဆုံးဖြတ်ချက်သည် မြန်မာစစ်အစိုးရ အမြောက် အမြား ကျူးလွန်ထားသော ရာဇဝတ်မှုများ၏ အကျိုးဆက်များကို ထင်ဟပ်ခြင်း ဖြစ်ကြောင်း၊ အတိုက်အခံ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးပါတီက ထိုကဲ့သို့သော ကော်မရှင် ဖွဲ့စည်းရေးကို ထောက်ခံကြောင်း၊ စစ်အစိုးရသည် ဒီမိုကရေစီရေးကို ရှေ့ရှုသော လုပ်ရပ်များ ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ကြောင်းနှင့် စစ်အစိုးရအား အရေးယူရန် အမေရိကန်လွှတ်တော်၏ ညီညွတ်စွာ တောင်းဆိုမှု အကျိုးဆက် ဖြစ်ကြောင်း" ရေးသားထားသည်။

"မြန်မာပြည်က ရေပေါ်ဆီ စစ်ဘက်ဆိုင်ရာ မျိုးဆက်တခုလုံး လာမယ့် နှစ် အနည်းငယ်အတွင်းမှာ တခုခု ရွေးချယ်ရတော့မှာ ဖြစ်ပါတယ်။ သူတို့ကို အဓိက ရည်ရွယ်ပါတယ်" ဟု အမေရိကန် အဆင့်မြင့် အရာရှိတဦးကို ကိုးကား၍ ဝါရှင်တန်ပို့စ် သတင်းစာက ဖော်ပြထားသည်။

အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး ဟီလာရီ ကလင်တန်က မြန်မာစစ်အစိုးရနှင့် ထိတွေ့ဆက်ဆံရေး မူဝါဒသစ်ကို ကြေညာပြီး တနှစ်နီးပါး ကာလအတွင်း၌ အမေရိကန်-မြန်မာ အစိုးရအဆင့် တွေ့ဆုံဆွေးနွေးရေးကို နှစ်ကြိမ်တိုင် ပြုလုပ်ခဲ့သော်လည်း မည်သည့်ရလဒ်မှ ထွက်မလာသည့်အပေါ် စိတ်ပျက်မှုကို လူသိရှင်ကြား ထုတ်ဖော်ပြသခဲ့သည်။

အမေရိကန် အစိုးရ အဆင့်မြင့် အရာရှိ ၂ ဦးက နိုင်ငံခြားရေး မူဝါဒ မဂ္ဂဇင်းသို့ ပြောကြားရာတွင် အမေရိကန်အနေဖြင့် မြန်မာစစ်အစိုးရအပေါ် စုံစမ်းစစ်ဆေးရေး ကော်မရှင် ဖွဲ့စည်းရေးကို ထောက်ခံအားပေးသော်လည်း စစ်အစိုးရနှင့် ထိတွေ့ ဆက်ဆံရေး မူဝါဒကိုမူ ဆက်လက် ကိုင်စွဲထားမည်ဟု ဆိုသည်။

တဦးသော အမေရိကန် အဆင့်မြင့်အရာရှိက"မြန်မာ စစ်အစိုးရကို သံတမန်နည်းလမ်းနဲ့ ထိတွေ့ ဆက်ဆံရာမှာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးဆိုင်ရာ ရလဒ်ကောင်းတွေ မရခဲ့ပါဘူး"ဟု ပြောသည်။

ထောင်နှင့်ချီနေသော နိုင်ငံရေးအကျဉ်းသားများ ပြန်လည် လွတ်မြောက်ရေးနှင့် မြန်မာပြည်တွင်း နိုင်ငံရေး အခင်းအကျင်း ပိုမိုပွင့်လင်း မြင်သာစေရန် ဖိအားပေးသည့် အနေဖြင့် အိုဘားမားအစိုးရသည် စီးပွားရေး ပိတ်ဆို့မှုများကို ထပ်မံတင်းကျပ်ရန် စဉ်းစားနေသည်ဟု ဝါရှင်တန်ပို့စ် သတင်းစာ၏ ဖော်ပြချက်အရ သိရသည်။

## *ရွေးကောက်ပွဲနီးလေ သတင်းဂျာနယ်များကို ပိုနိုပ်ကွပ်လေ*

အောင်သက်ဝိုင်း Wednesday, August 18, 2010

Share / Save

စစ်အစိုးရက ရွေးကောက်ပွဲ ကျင်းပမည့် အချိန် နီးကပ် လာသည်နှင့် အမျှ ပြည်တွင်း သတင်း မီဒီယာများ အပေါ် တင်းကျပ်စွာ ဖိနှိပ်၍ သတင်းများကို ပိုမို စိစစ်ဖြတ်တောက် လာကြောင်း သိရသည်။



ရန်ကုန်မြို့ လယ်ရှိ လမ်းဘေး ဂျာနယ်အရောင်းဆိုင် တဆိုင်မြင်ကွင်း (ဓါတ်ပုံ AP)

နိုဝင်ဘာလ ၇ ရက်နေ့တွင် ရွေးကောက်ပွဲကျင်းပမည်ဟု တရားဝင်ကြေညာပြီး လွှတ်တော် ကိုယ်စားလှယ်လောင်း အမည်စာရင်းကို ဩဂုတ်လ ၁၆ ရက်နေ့မှစ၍ ၃၀ ရက်နေ့ နောက်ဆုံးထား တင်သွင်းကြရန် ညွှန်ကြားချက် ထုတ်ပြန် လိုက်သည့်အတွက် နိုင်ငံရေးပါတီများ မကျေနပ်ကြကြောင်း၊ ထိုသို့ မကျေနပ်ချက်များကို နိုင်ငံရေး ပါတီများက ပြည်တွင်းသတင်း မီဒီယာများထံ ဖြေကြားကြသော်လည်း စာပေစိစစ်ရေးကဖော်ပြခွင့်မပြုဘဲ ပိတ်ပင်လိုက်ကြောင်း သိရသည်။

"ရွေးကောက်ပွဲ ကျင်းပမယ့်ရက်နဲ့ လွှတ်တော်အမတ်လောင်း တင်သွင်းရမယ့်ရက် ထုတ်ဖော်ကြေညာတာနဲ့ ပတ်သက်လို့ အပြုသဘောဆောင် ကြိုဆိုတာတွေ ကိုပဲ ဖော်ပြခွင့်ပြုတယ်။ ဝေဖန်တာတို့၊ မကျေနပ်တာတို့လို အနုတ်လက္ခဏာ ဆောင်တဲ့ အမြင်တွေ လုံးဝဖော်ပြခွင့် မပြုဘူး" ဟု ရန်ကုန်အခြေစိုက် အမှုဆောင်အယ်ဒီတာတဦးက ပြောသည်။

ယခု လကုန်ပိုင်းအတွင်း လွှတ်တော်အမတ်လောင်း ကိုယ်စားလှယ်စာရင်း တင်သွင်းခိုင်းသည့် အတွက် နိုင်ငံရေးပါတီ အများစု အဆင်သင့်မဖြစ်သေးဘဲ ပါတီဖျက်သိမ်း ခံရနိုင်သည်အထိ အခက်အခဲများကြုံတွေ့ နေရသည်ဟု သိရှိရသည်။

"ပါတီဝင်အင်အား တင်ပြဖို့လုပ်နေတယ်။ အမတ်လောင်းစာရင်းအတွက်လည်း ဘာမှ မပြင်ဆင်ရသေးဘူး။ ပါတီ ဖျက်သိမ်းမခံရဖို့ အနည်းဆုံး မဲဆန္ဒနယ်သုံးခု ပြိုင်နိုင်အောင် လုပ်နေပါတယ်" ဟု နိုင်ငံရေးပါတီတခုမှ တာဝန်ရှိသူတဦးက ပြောသည်။

စစ်အစိုးရ၏ ရွေးကောက်ပွဲဥပဒေတွင် ပါတီမှတ်ပုံတင်ခွင့်ရပြီး ရက်ပေါင်း ၉၀ အတွင်း သတ်မှတ် ပါတီဝင်အင်အား တင်ပြခြင်းမရှိလျှင်လည်းကောင်း၊ အနည်းဆုံး မဲဆန္ဒနယ်သုံးခုတွင် ပါဝင်ယှဉ်ပြိုင်ခြင်း မပြုလျှင်လည်းကောင်း ပါတီကို ဖျက်သိမ်းခံရ မည်ဟု တရားဝင်ပြဌာန်းထားသည်။

နိုင်ငံရေးပါတီများ လွှတ်တော်အမတ် ကိုယ်စားလောင်းစာရင်း တင်သွင်းရန်နှင့် ပါတီဝင်အင်အား ပြည့်မီရေးအတွက် ဆောင်ရွက်နိုင်ရန် ရန်ပုံငွေ အလွန် လိုအပ်နေသောကြောင့် ပြည်တွင်း သတင်းမီဒီယာ များမှတဆင့် ပြည်သူလူထုထံ အသိပေး အကူအညီ တောင်းခံလိုသော်လည်း စာပေစိစစ်ရေး၏ ဖြတ်ပယ်မှုကြောင့် အကျပ်အတည်းဖြစ်နေရကြောင်း နိုင်ငံရေးပါတီတချို့၏ တာဝန်ရှိသူများက ရှင်းပြသည်။

"ဈေးတွေမှာ အလှူခံတော့လည်း စည်ပင်က တရားစွဲတယ်။ မီဒီယာကတဆင့် ပြည်သူလူထု ဆီမှာ အကူအညီတောင်းပြီး အလှူခံချင်တော့လည်း စာပေစိစစ်ရေးက ဖြတ်တယ်။
နိုင်ငံရေးပါတီတွေ ဘယ်လိုနည်းလမ်းနဲ့ အလှူခံရမလဲ" ဟု
နိုင်ငံရေး ပါတီတခုမှ အမှုဆောင်တဦးက ဆိုသည်။

ထို့ပြင် နိုင်ငံရေးပါတီများ၏ ပြည်သူလူထုအတွင်း လှုံ့ဆော်စည်းရုံး လှုပ်ရှားရန် ပြင်ဆင်လုပ်ဆောင်နေသည့် သတင်း များကိုလည်း စာပေစိစစ်ရေးက ဖြတ်ပယ်လျက်ရှိကြောင်း သိရသည်။

"ကြံ့ဖွံ့ပါတီကို ကျော်ပြီး နိုင်ငံရေးပါတီတွေ လူသိများလာမှာ အစိုးရက ကြောက်တဲ့ပုံပဲ။ ပါတီစည်းရုံးရေးသတင်းတွေ အပါအဝင် နိုင်ငံရေးသတင်း တော်တော်များများ အဖြတ်ခံနေရတယ်" ဟု ရန်ကုန်အခြေစိုက် သတင်းသမားတဦးက ရှင်းပြသည်။

ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်တွင် ရှိသော စာပေစိစစ်ရေးဌာနသည် ရွေးကောက်ပွဲကာလ နီးကပ် လာသည်နှင့်အမျှ ပိုမိုတင်းကျပ်သော မူဝါဒများ ချမှတ်လာကာ ရွေးကောက်ပွဲ ဥပဒေကို ဝေဖန်ခြင်း၊ မှားယွင်းဖော်ပြခြင်း ပြုလုပ်လျှင်
သတင်းဂျာနယ်များ ပိတ်သိမ်းမည်ဟူ၍ ဇူလိုင်လ ၂၀ ရက်နေ့က ညွှန်ကြားချက်တစောင် ထုတ်ပြန်ခဲ့သည်။

စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနသည် စစ်ထောက်လှမ်းရေး အကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဦးဆောင် ပါဝင်သော နိုင်ငံတော် လုံခြုံရေးအဖွဲ့၏ ညွှန်ကြားချက်ဖြင့် သတင်းများစိစစ် ဖြတ်ပယ် နေရသည့်အပြင် ညွှန်ကြားရေးမှူး ဗိုလ်မှူး တင့်ဆွေသည်လည်း တင်းကျပ်စွာ ဆောင်ရွက်မည့် စာပေစိစစ်ရေး မူဝါဒများနှင့် ပတ်သက်ပြီး နေပြည်တော်ရှိ ပြန်ကြားရေး ဝန်ကြီးဌာနသို့ မကြာခဏဆိုသလို သွားရောက် ဩဝါဒ ခံယူနေရ ကြောင်း သိရသည်။

"ဂျာနယ်မှာပါတဲ့ သတင်းတခုကြောင့် လူကြီးတွေ စိတ်ဆိုးရင် ကျနော်တို့ စာပေစိစစ်ရေးက ဝန်ထမ်းတွေ နေစရာ နေရာ မရှိတော့ဘူး။ အပေါ်ကလည်း ထောင်း၊ ဂျာနယ်တွေကလည်း ငြိုငြင်နဲ့ ကျနော်တို့ အနေအထားက တော်တော် ထိခိုက်လွယ်တယ်။ အချိန်မရွေး ရာထူးက ပြုတ်ကျသွားနိုင်တယ်။ ထောင်ကျသွားနိုင်တယ်" ဟု အမည် မဖော်လိုသော စာတည်းမှူးတဦးက ရှင်းပြသည်။

စာပေစိစစ်ရေးက ခွင့်ပြုထားပြီးသည့် သတင်းဖြစ်သော်လည်း နေပြည်တော်ရှိ စစ်ဗိုလ်ချုပ်ကြီးများကို စိတ်အနှောင့်အယှက် ဖြစ်စေလျှင် စာပေစိစစ်ရေးက သတင်းဂျာနယ်အား

ပိတ်ပင်အရေးယူလေ့ရှိသည်။

ဇူလိုင်လနှင့် ဩဂုတ်လ ၂ လအတွင်းတွင် စာပေစိစစ်ရေးက ၄ ကြိမ်တိုင်တိုင် ဂျာနယ်ထုတ်ဝေခွင့် ပိတ်ပင်ခြင်းများ ပြုလုပ်ခဲ့သည်။

ယခု အခြေအနေအရ ပြည်တွင်း သတင်းမီဒီယာများ အနေဖြင့် လာမည့် ရွေးကောက်ပွဲတွင် လွတ်လပ်သော သတင်း မီဒီယာအဖြစ် ရပ်တည်နိုင်မည်မဟုတ်ဘဲ စစ်အစိုးရ၏ နှိပ်ကွပ်မှုအောက်တွင်သာ သတင်းများ စိစစ်ဖော်ပြခွင့် ရမည်ဖြစ်ကြောင်း ပြည်တွင်း စာနယ်ဇင်းသမားများက ပြောဆိုနေကြသည်။

"သတင်းလွတ်လပ်ခွင့်က အခုလည်း မရဘူး၊ နောင်လည်း မရဘူး။ အနာဂတ်မှာလည်း ရဖို့ မသေချာဘူး။ ဒီရွေးကောက်ပွဲမှာ မီဒီယာလွတ်လပ်ခွင့် လုံးဝ ရှိမှာမဟုတ်ဘူးဆိုတာ ထင်ရှားတယ်။ မီဒီယာ လွတ်လပ်ခွင့်မရှိတဲ့ ရွေးကောက်ပွဲက တရား မျှတဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး" ဟု သတင်းစာဆရာ တဦးက ရှင်းပြသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပစဉ်ကလည်း စစ်အစိုးရက ပြည်တွင်း မီဒီယာများကို လွတ်လပ်စွာ သတင်းယူခွင့် မပေးခဲ့သည့်အပြင် သတင်းသမားများက မဲရုံများကို ဓာတ်ပုံရိုက်ခြင်း၊ မဲပေးသူများနှင့် တွေ့ဆုံမေးမြန်းခြင်းများ ပြုလုပ်ခွင့် မရစေရန် နည်းလမ်းမျိုးစုံဖြင့် တားမြစ်ခဲ့သည်။

## *နိုင်ငံရေး အကျဉ်းသားများ လွတ်ရန် မျှော်လင့်ချက်နည်း*

ခင်ဦးသာ Wednesday, August 18, 2010

Share / Save

အကြောင်း အမျိုးမျိုးဖြင့် ထောင်ဒဏ် ကျခံနေရသည့် အကျဉ်းသားများကို နိုင်ဝင်ဘာလတွင် ကျင်းပမည့် ရွေးကောက်ပွဲ မတိုင်ခင် လွှတ်ပေးမည်ဟု သတင်းများ ထွက်ပေါ်နေ သော်လည်း နိုင်ငံရေး အကျဉ်းသားများ၏ မိသားစုများကမူ မျှော်လင့်ချက် အပြည့်အဝ မထားကြောင်း သိရသည်။

"လွှတ်ပေးရင်တောင် အစိုးရ အနေနဲ့ ၁ နှစ်၊ ၂ နှစ်ကျတဲ့ အကျဉ်းသားတွေကိုပဲ ပြန်လွှတ်ပေးနိုင်ပါတယ်။ နှစ်ကြီးသမားတွေကို တော့ လွှတ်ပေးဦးမယ် မထင်ပါဘူး"ဟု ဦးဖြိုးမင်းသိန်းက ဧရာဝတီသို့ ပြောသည်။

ပြည်ထောင်စု ဒီမိုကရေစီပါတီ၏ ဥက္ကဋ္ဌဟောင်း ဦးဖြိုးမင်းသိန်းသည် ဘူးသီးတောင်ထောင်တွင် ထောင်ဒဏ် ၆၅ နှစ်ကျခံနေရ သည့် ယောက်ဖတော်စပ်သူ ၈၈ ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ်ကို ယခုလဆန်းပိုင်းတွင် ထောင်ဝင်စာ သွားတွေ့ခဲ့ သည်။

ရွေးကောက်ပွဲတွင် ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ပါဝင်သင့်သူများ အားလုံးပါဝင်နိုင်ရေး၊  နိုင်ငံရေး အကျဉ်းသားများ လွှတ်ပေးရေးတို့ကို ဥရောပနိုင်ငံများ၊ အမေရိကန်၊ အာဆီယံနှင့် ကုလသမဂ္ဂ တို့က စစ်အစိုးရကို တောင်းဆိုထားသည်။

စစ်အစိုးရသည် နိုင်ငံတကာဖိအားများ ပေါ်ပေါက်လာတိုင်း အကျဉ်းသားများ လွှတ်ပေးခြင်းကို ဟန်ပြအနေဖြင့် လုပ်ဆောင် တတ်ကြောင်း၊ လွှတ်ပေးသည့် အခါတိုင်းတွင်လည်း ရိုးရိုးအကျဉ်းသားများ၊ ရာဇဝတ်အကျဉ်းသားများကိုသာ ဦးစားပေး လွှတ်ပေးလေ့ရှိကြောင်း ထိုင်းနိုင်ငံ အခြေစိုက် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (AAPP) အတွင်းရေးမှူး ကိုတိတ်နိုင်က ဧရာဝတီသို့ ပြောသည်။

"ဖိအားတွေ များလာလို့ လွှတ်ပေးရင်တောင် သူတို့အတွက် အန္တရာယ်မရှိနိုင်ဘူးလို့ ယူဆရတဲ့ လူမျိုးတွေ၊ လွတ်ရက်စေ့ခါနီး လူတွေကိုပဲ လွှတ်ပေးနိုင်ပါတယ်"ဟုလည်း ကိုတိတ်နိုင်က ဆိုသည်။

နှစ်ရှည်ထောင်ဒဏ် ကျခံနေကြရသည့် ၈၈ ကျောင်းသားခေါင်းဆောင်များ၊ စက်တင်ဘာ အရေးအခင်းတွင် အဖမ်းခံခဲ့ရသည့် ကျောင်းသားခေါင်းဆောင်များ၊ နိုင်ငံရေးနှင့် ဆက်စပ်၍ ထောင်ဒဏ်ကျခံနေကြရသည့် နိုင်ငံရေး အကျဉ်းသားများ၏ မိသားစု ဝင်များကမူ အကျဉ်းသားများ လွှတ်ပေးမည်ဟု သတင်းထွက်ပေါ်သည့်တိုင် ယုံကြည်မှု အပြည့်မရှိသေးကြောင်း ပြောသည်။

ဘားအံထောင်တွင် ထောင်ဒဏ် ၁၂ နှစ်ခွဲ ကျခံနေရသည့် ဘလော့ဂါ ကိုနေဘုန်းလတ်၏မိခင် ဒေါ်အေးအေးသန်းက "အန်တီတို့လည်း အကျဉ်းသားတွေ လွှတ်ပေးမယ်လို့ ကြားနေတယ်။ ဒါပေမယ့် မမျှော်လင့်ရဲသေးဘူး။ အိမ်ရောက်လာမှပဲ တကယ်လွတ်ပြီလို့ မှတ်ရတော့မယ်"ဟု ဧရာဝတီသို့ ပြောသည်။

ကိုနေဘုန်းလတ်နှင့်အတူ ဘားအံထောင်တွင် နိုင်ငံရေးမှုဖြင့် ထောင်ကျနေသည့် လွတ်ရက်စေ့ခါနီး နိုင်ငံရေးအကျဉ်းသား ၂ ဦးကို လွှတ်ပေးမည်ဟု အာဏာပိုင်များက ပြီးခဲ့သည့် ၂ လခန့်က အကြောင်းကြားသည်ဟု ကြားသိရကြောင်း ဒေါ်အေးအေးသန်းက ဆက်လက်ပြောသည်။

ရခိုင်ပြည်နယ် ဘူးသီးတောင်ထောင်တွင် ထောင်ဒဏ် ၁၁ နှစ်ကျခံနေရသည့် ကိုစည်သူမောင်၏ မိခင် ဒေါ်နုနုဆွေက အကျဉ်းသားများ လွှတ်ပေးမည့်သတင်းများ ကြားရ၍ ဝမ်းသာသော်လည်း ၎င်း၏သားအတွက်မူ မျှော်လင့်မထားကြောင်း၊ ကိုစည်သူမောင်နှင့်အတူ နိုင်ငံရေးအကျဉ်းသား အားလုံးကို လွတ်မြောက်လာစေချင်ကြောင်း ပြောသည်။

ရွေးကောက်ပွဲတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (ကြံ့ဖွံ့ပါတီ) အနိုင်ရရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် စည်းရုံးနေရာတွင် ယခုအခါ အကျဉ်းထောင်တချို့တွင် ကြံ့ဖွံ့ပါတီကို မဲပေးမည်ဆိုပါက ပြန်လွှတ်ပေးမည်ဟု ဒေသအာဏာပိုင် များက အရပ်ဝတ်များဖြင့် လာရောက်၍ ထောင်တွင်းရှိ အကျဉ်းသားများကို စည်းရုံးနေကြောင်း သိရသည်။

"ကျိုင်းတုံထောင်မှာ စည်းရုံးနေတာ ၂ ပတ်ကျော်ပြီ။ လွှတ်ပေးမယ်ဆိုပြီး စည်းရုံးတဲ့လူတွေထဲမှာတော့ နိုင်ငံရေး အကျဉ်းသား တွေ မပါဘူး။ မူးယစ်ဆေးနဲ့ ပတ်သက်လို့ ဖမ်းထားတာတို့၊ တခြားပြစ်ဒဏ်တွေနဲ့ ထောင်ကျနေတဲ့ လူတွေကိုပဲ စည်းရုံးနေတာ ပါ"ဟု အကျဉ်းထောင် အသိုင်းအဝိုင်းနှင့် နီးစပ်သူတဦးက ပြောသည်။ စည်းရုံးပြောဆိုရာတွင်  ကြံ့ဖွံ့ပါတီအား မဲမပေးပါက သက်ဆိုင်ရာ နယ်ထိန်းရဲမှတဆင့် ဖမ်း၍ ထောင်ထဲ ပြန်သွင်းမည်ဟုလည်း ခြိမ်းခြောက် ပြောဆိုကြောင်း ဆက်လက်ရှင်းပြ သည်။

ကျိုင်းတုံအကျဉ်းထောင်တွင် ထောင်ဒဏ် ၆၅ နှစ်ကျခံနေရသော ၈၈ ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်သည် ကျန်းမာရေး အသင့်အတင့် ကောင်းမွန်နေပြီး မျက်စိနှင့် အစာအိမ် ရောဂါ အနည်းငယ် ခံစားနေရဆဲဖြစ်ကြောင်း သိရသည်။

စစ်အစိုးရသည် ၂၀၀၉ ခုနှစ်တွင် အကျဉ်းသား ၉ ထောင်ကျော် လွှတ်ပေးခဲ့သော်လည်း နိုင်ငံရေးအကျဉ်းသား အနည်းသာ ပါဝင်ခဲ့သည်။

လက်ရှိ မြန်မာနိုင်ငံအကျဉ်းထောင်များအတွင်း နိုင်ငံရေးအကျဉ်းသားပေါင်း ၂၁၇၁ ဦးရှိကြောင်း AAPP က ထုတ်ပြန်ထား သော စာရင်းအရ သိရသည်။

## *ဝန်ကြီးများ တရားဝင် မဲဆွယ် စည်းရုံးရေးလုပ်မည်*

နရီလင်းလက် Wednesday, August 18, 2010

Share / Save

ဝန်ကြီးချုပ် ဦးသိန်းစိန် အပါအဝင် ဝန်ကြီးများ ရာထူးမှ နုတ်ထွက်ပြီး လာမည့် စက်တင်ဘာလ အတွင်း တရားဝင် မဲဆွယ် စည်းရုံးရေးများ ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

စစ်အစိုးရ ကျောထောက် နောက်ခံပြု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ(USDP)အနေနှင့် တရားဝင်မဲဆွယ် စည်းရုံး ရေးပြုလုပ်သွားမည်ဖြစ်သောကြောင့် ယခုလကုန်မှ စတင်၍ USDP ပါတီရုံးများ ဖွင့်လှစ်သွားဖွယ်ရှိကြောင်း USDP အသိုင်း အဝန်းမှ သိရသည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်း မဲဆန္ဒနယ်အသီးသီးအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း အမည်စာရင်းကို တင်သွင်းရန် ကြေညာပြီးနောက် ကိုယ်စားလှယ်လောင်းများအတွက် မဲဆွယ်စည်းရုံးခွင့်သတ်မှတ် ကာလကိုလည်း ယခုလ အတွင်း ကြေညာသွားဖွယ်ရှိကြောင်း ရွေးကောက်ပွဲ လေ့လာသူများက ခန့်မှန်းကြသည်။

"USDP ပါတီရုံးဖွင့်ဖို့ အဆောက်အအုံတွေ အကုန်အဆင်သင့်ပြင်ထားပြီးပြီ။ ဒီလကုန်လောက် ဖွင့်မယ် ထင်တယ်၊ အခုချိန် အထိတော့ အထက်က ဘာခွင့်ပြုချက်မှ မရသေးလို့ စောင့်နေတုန်းပဲ"ဟု USDP ပါတီ ရန်ကုန်တိုင်း တာမွေမြို့နယ်မှ စည်းရုံး ရေးမှူး တဦးက ဆိုသည်။

ပါတီရုံးများ ဖွင့်လှစ်ရာတွင် ခရိုင်အဆင့်၊ မြို့နယ်အဆင့် ရုံးခန်းများ အားလုံးကို တပြိုင်တည်းဖွင့်သွားဖွယ်ရှိကြောင်း ၎င်းက ဧရာဝတီကိုပြောသည်။

အတည်မပြုနိုင်သော သတင်းများအရ USDP ပါတီဝင်များသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ဖြစ်နေသည့်အတွက် ရွေးကောက် ပွဲ သည် တရားမျှတမှု မရှိနိုင်ဟု ပြည်တွင်းပြည်ပ ဝေဖန်မှုများကြောင့် ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေ ဦးဆောင်သည့် ကြားဖြတ် အစိုးရ တရပ်ဖွဲ့စည်းကာ အုပ်ချုပ်သွားမည်ဟု ကောလာဟလ သတင်းများလည်း ထွက်ပေါ်နေသည်။

၂၀၁၀ ရွေးကောက်ပွဲတွင် တနိုင်ငံလုံး အတိုင်းအတာအရ လွှတ်တော် ၃ ရပ်ပေါင်း ပြည်သူက ရွေးချယ်တင်မြှောက်မည့် ကိုယ်စားလှယ် နေရာ ၁၁၈၇ နေရာရှိပြီး ယင်းနေရာများတွင် USDP ပါတီ ကိုယ်စားပြု ကိုယ်စားလှယ်အားလုံး ပါဝင်ယှဉ်ပြိုင် သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဩဂုတ်လ ၁၃ ရက်နေ့က ပြုလုပ်ခဲ့သည့် နေပြည်တော် အစည်းအဝေးတွင် ၂၀၁၀ ရွေးကောက်ပွဲအား ဝန်ကြီး ရာထူးများမှ နုတ်ထွက်ဝင်ရောက်ပါက နုတ်ထွက်မည့်ဝန်ကြီးနေရာများတွင် ဆက်လက်တာဝန်ပေးရန် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အပါအဝင် ဝန်ကြီးများ ဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း နေပြည်တော်အသိုင်းအဝိုင်းက ပြောသည်။

နိုင်ငံရေးပါတီများ လွှတ်တော် ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းမှုကို ဩဂုတ်လ ၁၆ ရက်မှ ဩဂုတ်လ ၃၀ ရက် နေ့အထိ ရွေးကောက်ပွဲ ကော်မရှင်က တရားဝင်သတ်မှတ်ပေးထားသည်။

မဲဆန္ဒနယ် အသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းရက်အား သတ်မှတ်ပေးချိန် နည်းပါးခြင်းကြောင့် USDP ပါတီမှအပ ရွေးကောက်ပွဲဝင်ရောက်မည့် ကျန်ပါတီများ အနေနှင့် အခက်အခဲများကြုံတွေ့နေကြ ကြောင်း သိရသည်။

၁၅ ရက်အတွင်း လွှတ်တော် အသီးသီး၏ မဲဆန္ဒနယ်များအားလုံးအတွက် လွှတ်တော်ကိုယ်စားလှယ် လောင်းများ အမည် စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်ပတ်သက်၍ လုံလောက်သောအချိန် စက်တင်ဘာလသို့ ပြင်ဆင်သတ်မှတ် ပေးရန်၊ ရွေးကောက်ပွဲဝင်ခွင့် မှတ်ပုံတင်ကြေး များပြားလွန်းသဖြင့် ကျပ် တသိန်းသို့ ပြင်ဆင်ပြောင်းလဲ သတ်မှတ်ပေးရန် စသည့် အချက်များ ပါဝင်သော ကြေညာချက် တစောင်ကို ပြည်ထောင်စု ဒီမိုကရေစီ ပါတီက ထုတ်ပြန်ခဲ့သည်။

၂၀၀၈ ဖွဲ့စည်းပုံအရ အာဏာမတည်မီ လွှတ်တော် ခေါ်ယူပေးရေးနှင့်ပတ်သက်၍ ရှင်းလင်းပေးရန် ဇူလိုင်လ ၅ ရက်နေ့တွင် ပြည်ထောင်စု ဒီမိုကရေစီ ပါတီက အိတ်ဖွင့်ပေးစာဖြင့် တင်ပြတောင်းဆိုခဲ့ခြင်းဖြစ်ပြီး အထက်ပါ တောင်းဆိုချက်များ မလိုက်လျောပါက မဲဆန္ဒနယ် (၃) နယ်တွင်သာ ဝင်ရောက် ယှဉ်ပြိုင်မည်ဟု ပါရှိခဲ့သည်။

နေပြည်တော် စစ်အသိုင်းအဝန်းမှ ထွက်ပေါ်နေသည့် သတင်းများအရ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ လက်ရှိ ရာထူးများမှ နုတ်ထွက်မည်ဟု သတင်းများ ပျံ့နှံ့နေခဲ့သည်။

ရန်ကုန်တိုင်းအတွင်း USDP ပါတီကိုယ်စားပြု ဝင်ရောက်အရွေးချယ်ခံမည့် ဝန်ကြီးများမှာ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် ဟောင်း ဦးအောင်သိန်းလင်းက တောင်ဥက္ကလာပ၊ အလုပ်သမားဝန်ကြီး ဦးအောင်ကြည် က မင်္ဂလာတောင်ညွန့်၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု ဝန်ကြီး ဦးစိုးသာ က တွံတေး၊ စွမ်းအင် ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ က ကွမ်းခြံကုန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီး ဗိုလ်မှူးချုပ်ဟောင်း ဦးမောင်မောင်သိမ်း က ကော့မှူး စသည့် မြို့နယ်များတွင် ဝင်ရောက် အရွေးခံမည်ဖြစ်ကြောင်း ဧရာဝတီမှ စုံစမ်း သိရှိရသည်။

ထို့အပြင် စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း က မကွေးတိုင်း တောင်သာမြို့နယ်၊ နိုင်ငံခြားရေး ဝန်ကြီး ဦးဉာဏ်ဝင်း က ပဲခူး တိုင်း ဇီးကုန်းမြို့နယ်၊ သစ်တောရေးရာ ဝန်ကြီး ဗိုလ်မှူးချုပ်ဟောင်း ဦးသိန်းအောင် က ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီး ဗိုလ်ချုပ်ဟောင်း ဦးစိုးနိုင် က ဧရာဝတီတိုင်း ဖျာပုံမြို့နယ်၊ ပြည်ထဲရေး ဒု ဝန်ကြီး ဗိုလ်မှူးချုပ် ဟောင်း ဦးဘုန်းဆွေ က ရခိုင်ပြည်နယ် မောင်းတောမြို့နယ်၊ ကျန်းမာရေး ဒု ဝန်ကြီး ဒေါက်တာမြဦး က ပဲခူးတိုင်း ပေါင်းတည် မြို့နယ် စသည့် ဒေသများတွင် လည်းကောင်း ဝင်ရောက် အရွေးခံကြမည်ဟု သိရသည်။

စစ်အစိုးရက ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၇ ရက်နေ့တွင် လွှတ်တော် အသီးသီး အတွက် ကျင်းပသွားမည်ဟု ဩဂုတ်လ ၁၃ ရက်နေ့က ထုတ်ပြန် ကြေညာထားသည်။

## *ပါတီများ မဲဆွယ် ဟောပြောရမည့်နေရာ ကန့်သတ်*

သန်းထိုက်ဦး Wednesday, August 18, 2010

Share / Save

မှတ်ပုံတင်ခွင့် ရရှိထားပြီးသော နိုင်ငံရေး ပါတီများသည် စုဝေးခြင်းနှင့် မဲဆွယ် ဟောပြောခြင်းများ ပြုလုပ်ရန် လျှောက်ထား ရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က ခွင့်ပြုသော နေရာများတွင်သာ ပြုလုပ်ရမည်ဟု နိုင်ငံရေးပါတီများကို ကန့်သတ်လိုက်ကြောင်း သတင်းရရှိသည်။

ယင်း အကြောင်းကြားစာကို ရန်ကုန်တိုင်း ရွေးကောက်ပွဲ ကော်မရှင်ရုံးက နိုင်ငံရေး ပါတီများသို့ ယနေ့ ပေးပို့ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံရေးပါတီများ အနေဖြင့် စည်းရုံးဟောပြောပွဲများ ပြုလုပ်ရန် ခွင့်ပြုသောနေရာများမှာ အခကြေးငွေဖြင့် ငှားရမ်းနိုင်သည့် ခန်းမဆောင်၊ အားကစားကွင်း၊ ဈေးကွက်လပ်တို့ဖြစ်ပြီး နေရာအခက်အခဲရှိသည့် ကျေးလက်ဒေသများတွင်မူ ရပ်ကွက် ဗီဒီယိုရုံနှင့် ဆွမ်းချက်ရုံများ၌ ခြွင်းချက်အဖြစ် သတ်မှတ်ပေးထားကြောင်း အမျိုးသား နိုင်ငံရေး မဟာမိတ်အဖွဲ့ချုပ်မှ အတွင်းရေးမှူး (၂) ဦးလှအောင်က ဧရာဝတီသို့ ပြောသည်။

ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းနှင့် ဓမ္မာရုံကဲ့သို့ ဘာသာရေး အဆောက်အအုံများကို စုဝေးဟောပြောခြင်းအတွက် ထည့်သွင်း လျှောက်ထားခြင်း မပြုလုပ်ရန် ရွေးကောက်ပွဲ ကော်မရှင်က ကန့်သတ်ထားကြောင်း ၎င်းက ဆိုသည်။

ဇွန်လ ၂၃ ရက်နေ့တွင် စစ်အစိုးရပိုင် သတင်းစာများမှတဆင့် ရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန်သည့် "နိုင်ငံရေး ပါတီများ ပါတီဝင် အင်အား စုဆောင်းခြင်းနှင့် စပ်လျဉ်းသည့် ညွှန်ကြားချက်" တွင် နိုင်ငံရေးပါတီများ စုဝေးခြင်းနှင့် ဟောပြောခြင်းများ ပြုလုပ်လိုပါက သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသို့ အနည်းဆုံး ၇ ရက်ခန့် ကြိုတင်၍ ခွင့်ပြုမိန့်ကို လျှောက်ထားရမည် ဖြစ်ကြောင်း ဖော်ပြထားသည်။

ဦးလှအောင်က "ကျနော်တို့က ၇ ရက် ကြိုတင်ပြီးတော့ စည်းရုံးရေး လုပ်ရမယ့် ပုံစံရှိပေမယ့် စည်းရုံးရေးကို လိမ်မာပါးနပ်စွာ တည်ဆောက်ဖို့ပဲ လိုအပ်တယ်လို့ ယူဆပါတယ်" ဟု ပြောသည်။

ပါတီများ စုဝေး ဟောပြောမည့် နေရာ၊ နေ့ရက်၊ စတင်မည့် အချိန်နှင့် ခန့်မှန်းခြေ ပြီးဆုံးမည့် အချိန်၊ တက်ရောက်မည့် လူအင်အား၊ ဟောပြောမည့်သူ၏ အမည်၊ မှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာတို့ကိုလည်း တင်ပြရမည်ဟု ရွေးကောက်ပွဲ ကော်မရှင်၏ ညွှန်ကြားချက်တွင် ပါရှိသည်။

သက်ဆိုင်ရာ ကော်မရှင် အဖွဲ့ခွဲက လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုမိန့်ကို စုဝေးဟောပြောခြင်း မစတင်မီ ၄၈ နာရီ ထက်မနည်း ကြိုတင် ထုတ်ပေးမည်ဖြစ်သကဲ့သို့ ပါတီများက လျှောက်ထားချက်ကို ပြန်လည် ဖျက်သိမ်းလိုပါက ၄၈ နာရီ ထက်မနည်း ကြိုတင် အကြောင်းကြားရမည်ဟုလည်း ဖော်ပြထားသည်။

၄၈ နာရီထက် မနည်း ကြိုတင် အကြောင်းကြားရန် အမိန့်ထုတ်ခြင်းမှာ ဟောပြောသည့်နေရာတွင် လုံခြုံရေးများ ချထားရေး ပြင်ဆင်ရန် ဖြစ်ကြောင်း သိရသည်။

လာမည့် ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ရန် ပါတီဆက်လက် တည်ထောင်ခွင့်နှင့် တည်ထောင်ခွင့်လျှောက်ထားသည့် နိုင်ငံရေး ပါတီ ၄၇ ပါတီ ရှိသည်။ ပါတီမှတ်ပုံတင်ခွင့် လျှောက်ထားသည့် ပါတီမှာ ၄၂ ပါတီရှိပြီး ပါတီ ၄၀ ကို မှတ်ပုံတင် ချပေးပြီး ဖြစ်သည်။

ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၇ ရက်နေ့တွင် လွှတ်တော် အသီးသီးအတွက် ကျင်းပသွားမည်ဟု ဩဂုတ်လ ၁၃ ရက်နေ့တွင် စစ်အစိုးရက ထုတ်ပြန် ကြေညာထားသည်။

## *ကြားဖြတ်အစိုးရ စက်တင်ဘာလ အတွင်း ဖွဲ့စည်းဖွယ်ရှိ*

ရန်ပိုင် Wednesday, August 18, 2010

Share / Save စစ်တိုင်းမှူးများ ပါဝင်မည့် ကြားဖြတ်အစိုးရ တရပ်ကို လာမည့် စက်တင်ဘာလတွင် ဖွဲ့စည်းမည်ဟု စစ်တပ် အသိုင်းအဝန်း ကြားတွင် သတင်းများ ထွက်ပေါ်နေသည်။

လက်ရှိ တာဝန်ထမ်းဆောင် နေသည့် ဝန်ကြီးများကို နုတ်ထွက်စေပြီး ဝန်ကြီးဌာနများကိုလည်း အဓိကကျသည့် ၉ ဌာနကို သာ ထားရှိမည်ဖြစ်ကြောင်း၊ ၎င်းဝန်ကြီးဌာနများကို လက်ရှိ စစ်တိုင်းမှူးများက တာဝန်ယူမည်ဖြစ်ကြောင်း နေပြည်တော် စစ်တပ် အသိုင်းအဝိုင်းနှင့် နီးစပ်သူ တဦးက ဧရာဝတီသို့ ပြောသည်။

"ဝန်ကြီးဌာန တချို့ကိုတော့ လုပ်ငန်းချင်းတူတဲ့ နီးစပ်ရာ ဌာနတွေကို ပေါင်းလိမ့်မယ်၊ တိုင်းမှူးတွေနဲ့ယာယီ ကြားဖြတ် အစိုးရ ဖွဲ့လိမ့်မယ်"ဟု ၎င်းကဆိုသည်။

ဝန်ကြီးချုပ် ဦးသိန်းစိန် ခေါင်းဆောင်သည့် အစိုးရအဖွဲ့ဝင်များသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ(USDP) အဖွဲ့ဝင် များ ဖြစ်ပြီး မဲဆွယ်စည်းရုံးရေး ကာလတွင် လက်ရှိ ရာထူးတာဝန်များနှင့် စည်းရုံးရေး ဆင်းလျှင် ပြောဆိုဝေဖန်မှု များပြား လာမည် ကို စိုးရိမ်သည့်အတွက် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

စစ်အစိုးရ လက်ထက်တွင် ဖွဲ့စည်းထားသည့် ဝန်ကြီးဌာနပေါင်း ၃၂ ခုရှိသည်။

ရွေးကောက်ပွဲ ကျင်းပမည့်ရက်ကို စစ်အစိုးရက မကြာသေးမီ ရက်ပိုင်းက ကြေညာခဲ့ပြီးနောက် ကုလသမဂ္ဂနှင့် နိုင်ငံတကာ အသိုင်းအဝန်းက တိုင်းရင်းသားများနှင့် ဒီမိုကရေစီလိုလားသူများ အားလုံးပါဝင်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ဖြစ်စေရန် တိုက်တွန်းမှုများ ပိုမိုများပြားလာခဲ့သည်။

USDP ပါတီ၏ အနေအထားမှာ တခြားသော နိုင်ငံရေးပါတီများနှင့် နှိုင်းယှဉ်လျှင် အာဏာရ ပါတီ ပုံစံမျိုးဖြစ်နေသည်ဟု ရွေး ကောက်ပွဲဝင်မည့် နိုင်ငံရေး ပါတီများက ပြောဆိုဝေဖန်နေကြသည်။

မကြာသေးမီရက်ပိုင်းကလည်း ဒေသ ကွပ်ကဲမှု စစ်ဌာနချုပ်(ဒကစ)များမှ ဗိုလ်မှူးချုပ် အဆင့်ရှိသည့် ဒေသကွပ်ကဲရေးမှူးများကို ရွေးကောက်ပွဲ ဝင်မည့် USDPပါတီ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အဖြစ် ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် လက်ရှိရာထူး များမှ နုတ်ထွက်ရန် နေပြည်တော်သို့ ခေါ်ယူ၍ ပြောဆိုခဲ့ကြောင်း ယင်းပါတီနှင့် နီးစပ်သူတဦးကလည်း ပြောသည်။

"ပါတီအတွက် ဝင်ရွေးမယ့် ကိုယ်စားလှယ်လောင်းက မပြည့်သေးတဲ့ အတွက် တပ်ထဲက တော်တော်များများကို ယူနီဖောင်းချွတ် ခိုင်းတာ၊ နေရာပေါင်း ၁၀၀၀ ကျော်ဝင်မှာ ဆိုတော့ ပါတီက စိတ်ချရတဲ့သူက မလောက်ဘူး"ဟု ၎င်းကဆိုသည်။

ထိုသို့ လက်ရှိ စစ်တပ်အတွင်း ရာထူးလက်ကိုင်ရှိသူများကို ရာထူးစွန့်ခိုင်းသည့် အတွက် တပ်တွင်း၌လည်း မကျေမနပ်ပြောဆိုမှု များရှိနေကြောင်း၊ USDP ပါတီအနေဖြင့် လွှတ်တော် သုံးရပ်စလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဆိုလျှင် ဝန်ထမ်းများနှင့် စစ်ဘက် အရာရှိများ၊ အငြိမ်းစားဝန်ထမ်းများပါ လိုအပ်ကြောင်း ၎င်းကဆိုသည်။

USDP ပါတီသည် ပြည်ထောင်စုလွှတ်တော် အတွက် ကိုယ်စားလှယ် ၃၃၀ ဦး၊ အမျိုးသားလွှတ်တော် အတွက် ၁၆၈ ဦး တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်အတွက် ၆၈၉ ဦး ဖြစ်၍ စုစုပေါင်း ၁၁၈၇ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဟု သိရသည်။

လက်ရှိ မြို့နယ်များ၊ ပြည်နယ်နှင့် တိုင်းများရှိ စည်းရုံးရေးမှူးများ၊ ပါတီဝင်များနှင့် ပတ်သက်၍မူ မည်မျှ စိတ်ချရသည်ကို စစ်အစိုးရ က မခန့်မှန်းနိုင်သည့် အတွက် တချို့သော ပါတီဝင်များကို ရွေးကောက်ပွဲ ကိုယ်စားလှယ်များ အဖြစ် တာဝန်ပေးခြင်းမရှိကြောင်း ဆက်လက်ပြောဆိုသည်။

USDP ရွေးကောက်ပွဲ ဝင်ရောက်မည့် ကိုယ်စားလှယ်လောင်း ရွေးချယ်ခြင်းနှင့် ပတ်သက်၍ လုပ်နည်း လုပ်ဟန်မှာ ဝင်ရောက် အရွေးခံမည့် သူများကို အောက်ခြေမှ တင်ပြရခြင်းမရှိဘဲ၊ ဗဟိုမှသာ ချထားပေးခြင်းဖြစ်သည်ဟု သိရသည်။

## *ရန်ကုန်သားအများစု မဲပေးရန် အဆင်သင့်မဖြစ်သေး*

နိုင်သွယ် Wednesday, August 18, 2010

Share / Save စစ်အစိုးရ ကျင်းပမည့် ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး စစ်တမ်းငယ်တခု ပြုလုပ်ခဲ့ရာ ရန်ကုန်မြို့တွင် နေထိုင်သူ အများစုက မဲပေးရန် အဆင်သင့် မဖြစ်သေးကြောင်းနှင့် ရွေးကောက်ပွဲ လျင်မြန်စွာ ပြီးသွားစေချင်ကြောင်း ဖြေဆိုကြသည်။

၂၀၁၀ နိုဝင်ဘာလ ၇ ရက်နေ့ တွင် ပါတီစုံ အထွေထွေ ရွေးကောက်ပွဲကျင်းပမည်ဟု ပြီးခဲ့သည့် ဩဂုတ်လ ၁၃ ရက်နေ့က ထုတ်ပြန် ကြေညာ ထားသည်။

အဆိုပါ စစ်တမ်းကို ရန်ကုန်မြို့တွင် နေထိုင်သူ ၂၂၇ ဦးတို့က ဖြေဆိုခဲ့ကြပြီး အသက် ၁၈ နှစ်မှ အသက် ၃၀ နှစ် အတွင်း လူငယ် အမျိုးသမီး အမျိုးသားပေါင်း ၁၄၀၊ အသက် ၃၁ နှစ်မှ အသက် ၆၀ အတွင်း အမျိုးသား အမျိုးသမီး ပေါင်း ၅၇ ဦး ပါဝင်ကာ အသက် ၆၁ နှစ်နှင့် အထက် အမျိုးသား အမျိုးသမီးပေါင်း ၃၀ ပါဝင်ဖြေဆိုကြသည်။

နိုင်ငံရေးပါတီများကို ရွေးချယ်မဲထည့်ရန်အတွက် အဆင်သင့်မဖြစ်သေးကြောင်း ဖြေဆိုသူ ၁၈၇ ဦး ရှိပြီး လူ ၄၀ မှာ အဆင်သင့် ဖြစ်ကြောင်း ဖြေဆိုသည်ကို တွေ့ရသည်။

"ပါတီ ဘယ်နှစ်ခု ရှိလို့ ရှိမှန်းတောင် ကျနော်တို့ မသိဘူး၊ ရွေးကောက်ပွဲမှာ မဲထည့်ဖို့တော့ အဆင်သင့်ဖြစ်ဖို့ မပြောနဲ့ စဉ်းတောင် မစဉ်းစား ရသေးဘူး၊ ဒါပေမယ့်လည်း ရွေးကောက်ပွဲတော့ မြန်မြန်ပြီးစေချင်လှပြီ ဘာဖြစ်လို့လည်းဆိုတော့ ဒီရွေးကောက်ပွဲပြီးမှ ခေါ်စု လည်း အပြင်ထွက်ခွင့်ရမှာ"ဟု အသက် ၃၄ နှစ် ဝန်းကျင် အရွယ် အမျိုးသားတဦးက ပြောသည်။

အသက် ၆၃ နှစ် အရွယ် အငြိမ်းစား အမျိုးသမီးကြီး တဦးကလည်း"ကျမတို့အနေနဲ့ ပါတီတွေကို ရွေးချယ်ဖို့ မပြောပါနဲ့ ပါတီနာမည် တွေတောင် မှန်အောင် မပြောတတ်သေးတော့ ဘယ်နယ့်လုပ်ပြီး မဲထည့်ကြမလဲ ဆိုတာ မသိသေးဘူး"ဟု ပြောသည်။

လာမည့်ရွေးကောက်ပွဲသည် ပြည်သူလူထု အောင်ပွဲခံရမည့် ပွဲဟု ယုံကြည်မှု မရှိသောကြောင့် ရွေးကောက်ပွဲ အပေါ်တွင် စိတ် ဝင်စားမှု နည်းပါးနေကြခြင်းဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံရေးပါတီများကလည်း လူထုကို နိုင်ငံရေးအသိစိတ် နိုးကြားလာရန် စည်းရုံး နိုင်စွမ်း မရှိသည်ကို တွေ့မြင်ရပြီး လူထုကြား ကျယ်ကျယ်ပြန့်ပြန့် ဝင်ရောက် စည်းရုံးနိုင်ခွင့် မရှိသည်ကိုလည်း တွေ့မြင်ရကြောင်း အထက်ပါ အငြိမ်းစား အမျိုးသမီးကြီးက ပြောဆိုသည်။

အသက် ၃၅ နှစ်အရွယ် အမျိုးသားတဦးကမူ လာမယ့် ရွေးကောက်ပွဲတွင် မဲထည့်ရန် အဆင်သင့်ဖြစ်ကြောင်း ပြောလိုက်ပြီး "ဝင်ပြိုင်မယ့် ပါတီထဲမှာတော့ ဘယ်ပါတီကို အားပေး ထောက်ခံမလဲဆိုတာ ရွေးချယ်ပြီးသား ရှိပါတယ်၊ အဲဒီ ပါတီကိုပဲ မဲထည့် မှာပါ"ဟုလည်း ပြောဆိုသည်။

အဆင်သင့် ဖြစ်ကြောင်း ဖြေဆိုကြသူ ၄၀ ထဲတွင် မဲထည့်ရန်အတွက် ပါတီရွေးချယ်ပြီးသူများ ပါဝင်သကဲ့သို့ ပါတီ ရွေးချယ်ထား ခြင်း မရှိသော်လည်း ရွေးကောက်ပွဲ မြန်မြန်ပြီးစေချင်သူများလည်း ပါဝင်သည်ကို တွေ့မြင်ရသည်။

"အမှန်အတိုင်း ပြောရရင် ရွေးကောက်ပွဲကို စိတ်ကို မဝင်စားဘူး၊ မဲကတော့ ကျနော်တို့ ဘယ်ပါတီကိုပဲ ထည့်ထည့်ပါ၊ ရွေးကောက် ပွဲမှာ ဘယ်ပါတီ အနိုင်ရမလဲဆိုတာလည်း အားလုံးသိပြီးသားပဲ ဆိုတော့ မထူးပါဘူး၊ မြန်မြန်ပြီးသွား အေးတာပဲ"ဟု အသက် ၂၆ နှစ် အရွယ် အမျိုးသားတဦးက ပြောသည်။

လာမယ့် ရွေးကောက်ပွဲတွင် မဲထည့်မည်လား၊ မထည့်ဘူးလားဆိုသည့် နောက်ဆက်တွဲ မေးခွန်းကိုလည်း အဆိုပါ ၂၂၇ ဦးအား ဆက်လက်မေးမြန်းခဲ့ရာ ၁၀၆ ဦးမှာ မဲထည့်မည်ဟု ဖြေဆိုခဲ့ကြပြီး ကျန် ၁၂၁ ဦးမှ ၆၇ ဦးမှာ မထည့်ဟု ဖြေဆိုကာ ၅၄ ဦးမှာ စဉ်းစားဆဲဖြစ်ကြောင်း ဖြေဆိုကြသည်။

"မဲကတော့ သွားထည့်မှာပါ၊ လက်ရှိပါတီထဲက အသင့်တော်ဆုံးဖြစ်မယ့် ပါတီကိုတော့ ရွေးရမှာပေါ့၊ မဲမထည့်ဘူး ဆိုရင် ကိုယ့် ဘက် က ၂ ခါနာ ဖြစ်သွားနိုင်တယ်၊ ကိုယ့်မဲကို သူတို့က သူတို့မဲ လုပ်ပစ်လိုက်မှာလေ"ဟု အသက် ၄၅ နှစ် အရွယ် အမျိုးသား တဦးက ပြောသည်။

ရွေးကောက်ပွဲတွင် မဲထည့်ရန်အတွက် အဆင်သင့်မဖြစ်သေးဟု ဖြေဆိုကြသူများနှင့် မဲထည့်မည်ဟု ဖြေဆိုကြသူ အများစုမှာ ၎င်းတို့၏ မဲများအား အာဏာပိုင်များက စိတ်ကြိုက် အသုံးပြုလိုက်မည်ကို စိုးရိမ်သူများဖြစ်ကြောင်း သိရသည်။

အသက် ၃၂ နှစ်အရွယ် အမျိုးသမီးတဦးက"ရွေးကောက်ပွဲကိုလည်း စိတ်မဝင်စားဘူး၊ မဲလည်း သွားမထည့်ဘူး၊ တက်ချင်တဲ့ အစိုးရ တက်ပါ၊ ကျမတို့ဘဝ သိပ်ထူးခြားနိုင်မှာလည်း မဟုတ်ဘူး"ဟု ပြောသည်။

မဲသွားမထည့်ဟု ဖြေဆိုကြသူများထဲတွင် ရွေးကောက်ပွဲအတွက် အဆင်သင့်မဖြစ်သေးဟု ဖြေဆိုကြသူပေါင်း ၄၂ ဦး ပါဝင်ပြီး အဆင်သင့်ဖြစ်ကြောင်း ဖြေဆိုသူ ၂၅ ဦးပါဝင်ကြောင်းတွေ့မြင်ရသည်။

လာမည့်ရွေးကောက်ပွဲအား ပြည်သူလူထုအနေဖြင့် စိတ်ဝင်စားမှုနည်းပါးလျက်ရှိသကဲ့သို့ ပါဝင်ယှဉ်ပြိုင်မည့် နိုင်ငံရေး ပါတီများ အနေနှင့်လည်း စိတ်ဝင်စားမှုနည်းပါးသည်ကိုတွေ့မြင်ရကြောင်း ပြည်တွင်းမှ ဝါရင့် သတင်းထောက် တဦးက ပြောသည်။

"လူတွေက ရွေးကောက်ပွဲရလဒ်ကို သူတို့မျှော်လင့်သလို ဖြစ်မလာနိုင်ဘူးလို့ ထင်နေကြတာလည်း ပါတယ်၊ နောက်တချက်က မီဒီယာတွေက ရွေးကောက်ပွဲအပေါ် သိပ်ပြီး မကြိုးဆိုကြတာလည်း ပါတယ်၊ အထူးသဖြင့် ပြည်တွင်းက လူတွေကို လွှမ်းမိုးထားတဲ့ ရေဒီယိုတွေက နိုင်ငံရေးပါတီတွေအကြောင်း မလွှင့်ဘူး၊ ပြည်တွင်း ဂျာနယ်တွေမှာလည်း ရွေးကောက်ပွဲဝင်မယ့် နိုင်ငံရေးပါတီ တွေနဲ့ ပတ်သက်ပြီး ပါတယ်ဆိုရုံလောက်ပဲ ရေးကြတော့ လူတွေရဲ့စိတ်ကို မစွဲဆောင်နိုင်ဘူး"ဟု ၎င်းက ပြောဆိုသည်။

## *တယောက်တည်းပြေးတာ ဒုတိယ*

ရန်ကုန်သားတာတေ Wednesday, August 18, 2010 ထွေရာလေးပါး

"တတီတို့တီ … တတီတို့တီ … တီတီတီတီတီ"

ဖိုးရှုပ်က ရေကူးကန်ထဲတွင် စိမ်ရင်း ပြာလွဲ့သော ကောင်းကင်ကြီးကို မော့ကြည့်ကာ ကန်ပေါင်ပေါ်၌ အသင့်တင်ထားသည် ဝီစကီကို တကျိုက် ကျိုက်လိုက်သည်။ ဖိုးရှုပ်ကတော့ နေပူဆာလှုံရင်း ကောင်မလေးတယောက် လိုးရှင်းလိမ်းပေးသည်ကို ဇိမ်နှင့် ခံစားနေသည်။ ဦးရုက္ခစိုးကတော့ ရှားရှားပါးပါး တောရိပ်တောင်ရိပ်၏ အေးချမ်းမှုကြောင့် ကြည်နူးနေသည်။



ဦးရုက္ခစိုးမှာ လူအများကြား ရောရောထွေးထွေးနေမိရင်း သူပေါင်းခဲ့မိသော ဖိုးရှုပ်၊ ကြွက်စုတ်တို့၏ အမိ မြန်မာပြည်ကြီး အရေးတွင် ဓားစုတ်ရာ လက်ဝင်လျှိုမိသလို ဖြစ်နေခဲ့သည်။ လူမစွမ်း နတ်မ ဟု ဆိုစကား ရှိသော်လည်း မြန်မာပြည်အရေးက လူမစွမ်းလို့ နတ်မမနိုင်ရုံမက နတ်ပါပြေးပေါက်မှားမည့် အနေအထား ဖြစ်သည်။

တခုသော ဩဂုတ်လ၏ နေ့တနေ့မှာတော့ ဖြစ်ချင်ရာဖြစ်ဟု တွေးကာ ဦးရုက္ခစိုးနှင့် ဖိုးရှုပ်၊ ကြွက်စုတ်တို့ အေးရာအေးကြောင်း အပန်းဖြေ ခရီးထွက်ခဲ့ကြသည်။ ချင်းမိုင်မြို့ပြင်က ရုက္ခဗေဒဥယျာဉ် ရီဆို့စ်ကြီးကား သာယာပေစွ။ ကြည့်လေရာ စိမ်းလန်းလို့ … အေးချမ်း လို့ …။ ဦးရုက္ခစိုး ကံတော်တော်ကောင်းနေသည်ဟု ထင်လိုက်မိသည်။ သို့သော် … ဦးရုက္ခစိုး ထိုနေ့က ကံမကောင်းပါ …။

"တတီတို့တီ … တတီတို့တီ … တီတီတီတီတီ"

ကြွက်စုတ်။ ။ ဘယ်သူ့ဖုန်းလဲဟ … ဇိမ်ပျက်လိုက်တာ။

ဖိုးရှုပ်။ ။ ဒီလိုမျိုး သဘာဝ တောရိပ်တောင်ရိပ်ကို ခံစားရင်း ရေကူးနေတဲ့အချိန်မှာ … ဒီလို အီလက်ထရွန်းနစ်သံတွေ ကြားရတာ တော်တော် နားမချမ်းသာစရာ ကောင်းတာပဲ။

ဖုန်းသံက ထပ်မြည်လာပြန်သည်။

ရုက္ခစိုး။ ။ ဟာ … ငါ့ဖုန်း … ငါ့ဖုန်းဟာ။

ကြွက်စုတ်။ ။ ဘယ်တုန်းက ဦးရက္ခစိုးဆီမှာ ဖုန်းရှိသွားတာလဲ။ နတ်က ဖုန်းကိုင်စရာလိုလို့လား။

ရက္ခစိုး။ ။ သြော် ... နတ်လည်း နောက်ဆုံးပေါ်နည်းပညာတွေ သုံးတတ်မှ ဖြစ်မယ်လေ။ မဟုတ်ရင် ဒိတ်အောက် နတ်ကြီး ဖြစ်သွားမှာပေါ့။

ပြောရင်း ဦးရက္ခစိုးက ဖုန်းကိုင်လိုက်သည်။

"ဟဲလို ရက္ခစိုး ပြောနေပါတယ်"
"ပြောရုံနဲ့ မရဘူး ဦးရက္ခစိုး။ ဦးရက္ခစိုးရဲ့ ညာဘက်ကို ကြည့်လိုက်စမ်းပါ"
"မင်းက ဘာကောင်မို့လို့ ငါ့ကို အမိန့်လာပေးတာလဲ"
"မကြည့်ရင်လည်း နေလေ။ အခု ဦးရက္ခစိုးရှိရာကို ရောက်လာပြီ"

ဦးရက္ခစိုးက လန့်သွားပြီး ညာဘက်ကို လှည့်ကြည့်လိုက်ရာ သူတို့ရှိရာ တလှုပ်လှုပ်နှင့် လာနေသော ချိုကုပ်ဒူးကြီးကို တွေ့လိုက်ရလေသည်။

ရက္ခစိုး။ ။ ဟာ ... ကွိုင်ပဲ။

ဖိုးရှုပ်။ ။ ဦးရက္ခစိုးဖုန်းက ဂျီပီအက်စ်ကို ခြေရာခံပြီး လိုက်လာတာနဲ့တူတယ်။

ကြွက်စုတ်။ ။ ဒီနေ့ ကံမကောင်းပါလား။

ချိုကုပ်။ ။ ဟိုင်း ... အဲဗရီးဘော်ဒီ ... ။ တော်တော်လေးမှ အနားရကြရဲ့လား။

ရက္ခစိုး။ ။ ဘယ်လိုလဲဗျာ ... ။ ကျုပ်တို့က အနားယူချင်လွန်းလို့ တမင်သက်သက် ဘယ်သူမှကို အသိမပေးဘဲ ထွက်လာတာကို ရအောင်လိုက်လာရလား။ အေးအေးဆေးဆေး နေလို့မရတော့ဘူးလား။

ချိုကုပ်။ ။ ခင်ဗျားတို့ ကျုပ်မျက်ခွက်ကြီးကို မမြင်ချင်ဘူးဆိုတာ သိပါတယ်ဗျာ။ ဒါပေမယ့် ကျုပ်ကလည်း ပြောချင်လွန်းလွန် လွန်းလို့ပါ။

ရက္ခစိုး။ ။ ကဲ ပြောဗျာ ... ဘာလဲ။

ချိုကုပ်။ ။ ခင်ဗျားတို့ သတင်းနဲ့ အဆက်အသွယ် ပြတ်နေတယ်ထင်ပ့ါ။ ဒီမနက်ပဲ ကျုပ် ရွေးကောက်ပွဲ ကျင်းပမယ့် ရက်ကို ကြေညာလိုက်တယ်ဗျ။ ဟဲဟဲ။

ဖိုးရှုပ်တယောက် ရေကန်ထဲမှ ကမန်းကတန်း တက်ကာ ဖုန်းကိုဖွင့်ပြီး ဟိုဟို သည်သည် ခေါ်လိုက်၊ မေးလိုက်၊ ပြောလိုက် အလုပ်ရှုပ် သွားသည်ကို ချိုကုပ်ဒူးကြီးက အရသာခံ ကြည့်နေသည်။ ကောင်မလေး၏ လိုးရှင်းလိမ်းပေးခြင်းကို ခံနေသော ကြွက်စုတ်လည်း စွေ့ခနဲ ဦးရက္ခစိုးနား ရောက်လာသည်။

ကြွက်စုတ်။ ။ လုပ်စရာလားဗျာ။ တခြားရက်လုပ်တော့ ဘာဖြစ်မှာမို့လို့လဲ။ ခုလို ကျနော်တို့ အပန်းဖြေခရီး ထွက်နေတဲ့ အချိန်မှာ ဒီလို သတင်းထုတ်တာ သက်သက် လုပ်ကြံတာမဟုတ်လား။

ချိုကုပ်။ ။ ဟဲဟဲဟဲဟဲ ဟဲဟဲဟဲဟဲ ဟဲဟဲဟဲဟဲ။

ရေစိုဘောင်းဘီကို မလဲနိုင်အားသေးဘဲ အင်တာနက်ကိုဖွင့်ကာ ဟိုကလိ သည်ကလိ လုပ်နေသည့် ဖိုးရှုပ်ကို ချိုကုပ်ဒူးကြီး ကြည့်ရင်း အတောမသတ် ရယ်နေပြန်သည်။

ရက္ခစိုး။ ။ တော်တော် အူမြူးနေတယ် ဟုတ်လား။

ချိုကုပ်။ ။ မြူးပြီလားဗျာ။ ပြည်ပအခြေစိုက် သတင်းဌာနတွေအားလုံး အလုပ်ရှုပ်ကုန်ကြမယ်ဆိုတာ ဖိုးရှုပ် တယောက်ကို ကြည့်တာနဲ့ သိသာတယ်။ ဟားဟားဟား။ ဒီနေ့ ကြေညာမယ်ဆိုတာ ဘယ်သူမှ ထင်မထားကြဘူးလေ။

ဖိုးရှုပ်။ ။ ကဲကဲ ... ချိုကုပ်ဒူးကြီး အဲဒါထားတော့။ ကျနော် အနားယူနေတုန်း အလုပ်ရှုပ်ရမှာနဲ့ တန်အောင် အင်တာဗျူး လုပ်မယ်။ ဖြေပေတော့။ ဘာလို့ နိုဝင်ဘာ ၇ ရက်နေ့မှာ ရွေးကောက်ပွဲ လုပ်တာလဲ။ အကြောင်းရှိလား။

ချိုကုပ်။ ။ ရှိတာပေ့ါ။ ဟိုကောင်မလေး ဒေါ်အောင်ဆန်းစုကြည် လွတ်ရက် မရောက်သေးခင် တမင်လုပ်တာ။ ရွေးကောက်ပွဲမှာ ကြံ့ဖွံ့နိုင်ရင် သူ့ကို လွှတ်ပေးကောင်း လွှတ်ပေးမယ်။ ကြံ့ဖွံ့မနိုင်ရင် တိုင်းပြည်မငြိမ်သေးဘူး ဆိုပြီး ဆက်ဆွဲထားမယ်။ နောက်တခုကတော့ ကွိုင်ကွိုင့် ယတြာလည်း နည်းနည်းပါတာပေ့ါ။ ၉ ဂဏန်းတို့၊ ၁၁ မီးငြိမ်းဖို့တို့၊ လပ်ကီး ဆဲဗင်းတို့၊ ဆဲဗင်း အလဲဗင်းတို့ ... ဟာဗျာ ... လူတွေ ထင်ထားသမျှ အကုန်ဟုတ်တယ်။

ဖိုးရှုပ်။ ။ လူတွေ ပြောပြောနေတဲ့ တရားမျှတပြီး လွတ်လပ်တဲ့ ရွေးကောက်ပွဲဖြစ်အောင်လုပ်တယ် ဆိုတာ ကမ္ဘာက သိဖို့ ခင်ဗျား သက်သေ ပြနိုင်ပ့ါမလား။

ချိုကုပ်။ ။ သိပ်ပြနိုင်တာပေ့ါဗျာ ...။ NLD ကနေ ခွဲထွက်လာတဲ့ NDF ကို ရွေးကောက်ပွဲ မဝင်ဝင်အောင် ဖိအားပေး ... အဲ ဆောရီး အကျင့်ပါသွားလို့နော်၊ NDF ဝင်နိုင်အောင် အဘက်ဘက်က ကူညီမယ်။ လူအင်အား၊ ငွေအင်အားတွေပေ့ါဗျာ။ အခု ပါတီတွေ ခက်နေတာ အဲဒါပဲလေ။

ကြွက်စုတ်။ ။ ဘယ်လို ... လူအင်အား၊ ငွေအင်အား ဟုတ်လား။ ရှင်းအောင် ပြောပါဦး။

ချိုကုပ်။ ။ ရှင်းပါတယ်။ လွှတ်တော်အမတ် စာရင်းတင်ဖို့ သူတို့မှာ လူလိုမှာပဲလေ။ အဲဒီတော့ ကြံ့ဖွံ့ကလူတွေကို NDF အဝတ်လေး ဝတ်ပေးပြီး နာမည်သွားခံခိုင်းမှာပေ့ါ။ အဝတ်လဲတဲ့နေရာမှာ ကျုပ်တို့ ဘယ်လောက် တော်တယ်ဆိုတာ ခင်ဗျားတို့ သိပါတယ်။ ဟဲဟဲ။ နောက်တခုက ငွေဗျ။ လွှတ်တော်အမတ် တနေရာကို ၅ သိန်းတင်ဖို့ ခက်တယ်လေ။ အဲဒီပိုက်ဆံကို နိုင်ငံတော် ဘဏ္ဍာကနေ ချေးလိုက်မယ်။

ဖိုးရှုပ်။ ။ ထားပါတော့။ တကယ်လို့ NDF က အင်အားကောင်းပြီး ကြံ့ဖွံ့ကိုနိုင်သွားရင်ကော။

ချိုကုပ်။ ။ ဟာ အစကတည်းက သူတို့နဲ့သဘောတူညီထားမှာလေ။ ရွေးကောက်ပွဲမှာ ပါပဲပါ၊ နိုင်လို့မရဘူး။ တကယ်လို့ သူတို့ နိုင်သွားရင် သူတို့ ချေးထားတဲ့ ပိုက်ဆံတွေ ချက်ချင်း ပြန်ဆပ်ခိုင်းမှာပေ့ါ။ ပြီးတော့ နိုင်ငံတော်ဘဏ္ဍာ အလွဲသုံးစား လုပ်တယ်ဆိုပြီး ကွိုင်ရှာမှာပေ့ါ ...။ ပိုင်ပါတယ်။ လူတွေကိုလည်း ကျုပ်လူတွေပဲ ထည့်ထားမှာပဲဟာ။

ဖိုးရှုပ်။ ။ ဒီအတိုင်းဆို ဒီမိုကရေစီ ပါတီတွေဘက်က နေရာတိုင်းမှာ ဝင်ပြိုင်နိုင်ဖို့ မလွယ်တော့ဘူးထင်တယ်။

ချိုကုပ်။ ။ အစကတည်းက ဒီလိုပဲ ဖြစ်အောင် လုပ်ထားတာပဲဟာ။ အဲဒီပါတီလေးတွေက ကြံ့ဖွံ့နဲ့ ပြိုင်ဖက်မဟုတ်ဘူး။ ကြံ့ဖွံ့ ပထမရတယ် ဆိုတာကို သက်သေပြပေးရုံပဲ ပါရင်ရပြီ။

ကြွက်စုတ်။ ။ ကိုယ်စားလှယ်လောင်း စာရင်း တင်ဖို့ကလည်း အချိန် ၂ ပတ်ပဲ ပေးထားတယ်။

ချိုကုပ်။ ။ဟား ... ကြံ့ဖွံ့အတွက်ကတော့ ၁ ပတ်ဆိုရင်တောင် တော်တော်များနေပြီ။ လိုလျှင်ကြံဆ ကြိုလုပ်ရ ဆိုတာ မကြားဖူးဘူးလား။

"စကားပုံတော့ ပျက်ပါပြီ" ဟု ဦးရက္ခစိုးတွေးလိုက်သည်။

ဖိုးရှုပ်။ ။စည်းရုံး ဟောပြောရမယ့် အချိန်ကလည်း ၂ လတည်း။ အဲဒီ ၂ လအတွင်းမှာ ကန့်သတ်ချက်တွေကလည်း အပြည့်။

ချိုကုပ်။ ။ကြံ့ဖွံ့အတွက်က ၁ လ စည်းရုံးရင်တောင် တော်တော် များနေပြီ ဟဲဟဲ။

ရက္ခစိုး။ ။ချိုကုပ်ဒူးကြီးက အနိုင်တွက်ထားပြီးသားပေါ့ ဟုတ်လား။

ချိုကုပ်။ ။ကျုပ်တို့ နိုင်မှာလေဗျာ ...။ သေချာသပ လေညာက ဆိုသလိုပါပဲဗျာ။

ကြွက်စုတ်။ ။ကျုပ်တို့ဆိုတာ ဘယ်သူ့ကိုပြောတာလဲ ချိုကုပ်ဒူးကြီး။

ချိုကုပ်။ ။ကျုပ်တို့ ဆိုတာ ကျုပ်တို့ပေါ့ဗျ။ အားလုံးသိတယ်။ စစ်တပ်ဟာ ကြံ့ဖွံ့၊ ကြံ့ဖွံ့ဟာစစ်တပ်။ ဟော့ ဖိုးရှုပ် ဒါက အော့ဖ်သည် ရက်ကော့ နော်။

ကြွက်စုတ်။ ။သေချာရဲ့လား ချိုကုပ်ဒူးကြီးရဲ့။ တော်ကြာ ဦးသိန်းဂိန်ရဲ့ အာဏာက အရမ်းကြီးသွားပြီး ချိုကုပ်ဒူးကြီး ခိုင်းတိုင်းမလုပ်တော့ဘဲ ခင်ဗျားကို ပြန်ဒုက္ခပေးရင်ကော။

ချိုကုပ်။ ။အဲ ... အင်း ... သူက အဲဒီလိုမလုပ်ပါဘူးဗျ။ သူက ကျုပ်ရဲ့ အရိပ်ပါ။

ရက္ခစိုး။ ။ဩော် ... အခုထိလည်း တရားမရသေးပါလား။ တယောက်တည်းပြေးတိုင်း ပထမ ရမယ် ထင်မနေနဲ့ တယောက်တည်း ပြေးလည်း ဒုတိယ ရတာရှိတယ်။

ချိုကုပ်။ ။မရှိနိုင်ပါဘူးဗျာ ... ခင်ဗျားတို့ကလည်း။

ဖိုးရှုပ်။ ။ရှိပြီလားဗျာ ... ။ တယောက်တည်း ပြေးပေမယ့် အရိပ်က အရင်ပန်းဝင်သွားတာ မကြားဖူးဘူးလား။

ဖိုးရှုပ်ကို စိုက်ကြည့်ရင်း ချိုကုပ်ဒူးကြီးပါးစပ်မှ အမြှုပ်များ တစီစီထွက်ကာ ရုတ်တရက် ဝက်ရူးထပြန်သည်ကို မြင်လိုက်ရသည်။ ဖိုးရှုပ်နှင့် ကြွက်စုတ်က ပြေးသွားမည်ပြုစဉ် ဦးရက္ခစိုးက လက်ကာ၍ တားလိုက်၏။

ရက္ခစိုး။ ။ထားလိုက် ... ထားလိုက်။ သူ့အရှိန်နဲ့သူ လွှတ်ထားလိုက်။ အေးအေးဆေးဆေး အနားဆက်ယူကြ။

ဖိုးရှုပ်က ကိုယ်ရှိန်သတ်ရင်း သူ့ဝီစကီခွက်ကို ယူကာ တကျိုက်ကျိုက်ချလိုက်လေသည်။ ချိုကုပ်ဒူးကြီးကား ဆက်လက် တွန့်လိန် ကောက်ကွေးလျက် ... ဝက်ရူးပြန်ဆဲ။ ။

*"ထွေရာလေးပါး" သည် Satire ခေါ် သရော်စာ ကဏ္ဍ ဖြစ်ပါသည်။ သတင်းမှန်များအပေါ် အခြေခံ ရေးသားထားခြင်း မဟုတ်ပါ။*
http://www.irrawaddy.org/bur/

***ကုလမှ စစ်အစိုးရအား ကော်မရှင်ဖွဲ့ စစ်ဆေးရေးကို ထောက်ခံရန် ဦးဝင်းတင်မှ ကနေဒါကို တိုက်တွန်း***

သောမတ်စ် မောင်ရွှေ | ဗုဒ္ဓဟူးနေ့၊ ဩဂုတ်လ ၁၈ ရက် ၂၀၁၀ ခုနှစ် ၂၂ နာရီ ၂၁ မိနစ်

ချင်းမိုင် (မဇ္ဈိမ)။ ။အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်၏ ခေါင်းဆောင်တဦးဖြစ်သူ ဦးဝင်းတင်သည် ပြီးခဲ့သည့် အပတ်က အင်တာဗျူး တခုတွင် မြန်မာ စစ်အစိုးရက ကျူးလွန်ခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများ အတွက် ကုလသမဂ္ဂမှ ကော်မရှင်တရပ်ဖွဲ့၍ စုံစမ်း စစ်ဆေးပေးရန် အကြံပြု ပြောဆိုမှုများအား ထောက်ခံရန် ကနေဒါ အစိုးရနှင့် အခြားနိုင်ငံများအား တောင်းဆိုလိုက်သည်။




မြန်မာနိုင်ငံ၏ အဓိက အတိုက်အခံပါတီ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်သည် မတ်လက ပါတီ၏ ရုံးချုပ်တွင် လာမည့် ရွေးကောက်ပွဲသည် လွတ်လပ်မှုနှင့် တရားမျှတမှု မရှိနိုင်သဖြင့် ပါဝင်ယှဉ်ပြိုင်ခြင်း မပြုရန် ဆုံးဖြတ်ချက် ချမှတ်ပြီးနောက် ပါတီ၏ ခေါင်းဆောင်တဦးဖြစ်သူ ဦးဝင်းတင်ကို တွေ့ရစဉ်။ ပြီးခဲ့သည့် အပတ်က ဦးဝင်းတင်သည် မြန်မာစစ်အစိုးရက ကျူးလွန်ခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် ကုလသမဂ္ဂမှ ကော်မရှင်တရပ်ဖွဲ့၍ စုံစမ်း စစ်ဆေးပေးရန် အကြံပြု ပြောဆိုမှုများအား ထောက်ခံရန် ကနေဒါ အစိုးရနှင့် အခြားနိုင်ငံများအား တောင်းဆိုခဲ့သည်။ (ဓာတ်ပုံ - မဇ္ဈိမ)

ဩစတြေးလျ၊ ဗြိတိန်၊ ချက်ပြည်ထောင်စု၊ ဆလိုဗက်ကီးယားနှင့် အမေရိကန် နိုင်ငံတို့သည် ထိုကဲ့သို့ ကော်မရှင် တရပ်ဖွဲ့၍ စုံစမ်း စစ်ဆေးပေးရန်အတွက် ထောက်ခံမည်ဟု ကတိကဝတ် ပြုခဲ့ကြပြီး ဖြစ်သည်။

"မြန်မာနိုင်ငံမှာ လူ့အခွင့်အရေး ချိုးဖောက်နေမှုတွေဟာ အရမ်း ဆိုးဝါး ပြင်းထန် လွန်းတဲ့အတွက် အခုလိုမျိုး စုံစမ်းစစ်ဆေးပြီး ဘာတွေ ဖြစ်ခဲ့တယ် ဆိုတာကို မှတ်တမ်းတင်ဖို့ လိုပါတယ်။ စစ်အစိုးရရဲ့ အကြမ်းဖက်မှုတွေဟာ တိုင်းရင်းသား လူနည်းစုတွေ အတွက်လည်း အချက်ပေး ခေါင်းလောင်းထိုးသံ တခု ဖြစ်ပါတယ်" ဟု ဒေါ်အောင်ဆန်းစုကြည်၏ အားထားရသော လုပ်ဖော်ကိုင်ဘက် တဦးဖြစ်ပြီး စစ်အစိုးရကို ဆန့်ကျင်ခဲ့သည့်အတွက် ထောင်ဒဏ် ၁၉ နှစ်ခန့် အကျဉ်းချခြင်း ခံခဲ့ရသူ ဦးဝင်းတင် က မဇ္ဈိမသို့ ပြောကြားခဲ့သည်။

ကနေဒါ အစိုးရထံသို့ ကနေဒါ ပါလီမန် အမတ် ၆၃ ဦးနှင့် ဆီးနိတ်အမတ် ၁၂ ဦးတို့က မြန်မာစစ်အစိုးရ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများအား ကုလသမဂ္ဂမှ ကော်မရှင်ဖွဲ့ စစ်ဆေးရေးကို တိုက်တွန်းရန် အတွက် လက်မှတ်ရေးထိုးကာ ပန်ကြားခဲ့သည်ကို ရည်ညွှန်း၍ ဦးဝင်းတင်က "ကနေဒါ နိုင်ငံဟာ ကုလသမဂ္ဂရဲ့ ကော်မရှင်ဖွဲ့စစ်ဆေးရေးကို ထောက်ခံလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒီလို စစ်ဆေးဖို့ မြန်မာနိုင်ငံအတွက် အထူးလိုအပ်နေပါတယ်" ဟု ပြောဆိုခဲ့သည်။

ယခုနှစ် မတ်လက ကုလသမဂ္ဂ လူ့အခွင့်အရေး သံတမန် မစ္စတာ သောမတ်(စ်) အိုဂျေ ကွင်တားနားက ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီထံသို့ အစီရင်ခံစာတစောင် တင်ပြခဲ့ရာတွင် မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများသည် စနစ်တကျ ကျူးလွန်နေသည့် ပုံစံဖြစ်နေပြီး အစိုးရအရာရှိများ၊ စစ်အာဏာပိုင်များနှင့် တရားရေးရာဌာနများကပါ ပါဝင်ကျူးလွန်နေသည့် ပုံစံမျိုးဖြစ်နေသည်ဟု ပါရှိသည်။ မြန်မာ စစ်အစိုးရ၏ လူ့အခွင့်အရေး ချိုးဖောက်မှု ဖြစ်စဉ်များအား နိုင်ငံတကာ ရာဇဝတ်ခုံရုံး၏ ဖွင့်ဆို သတ်မှတ်ချက်အရ လူသားချင်းစာနာထောက်ထားမှုနှင့် လူ့အဖွဲ့အစည်းတခုလုံးကို ဆန့်ကျင်သည့် စစ်ရာဇဝတ်မှုများအဖြစ် သတ်မှတ်နိုင်ကြောင်းလည်း ထိုအစီရင်ခံစာထဲတွင် ဖော်ပြထားသည်။

ကွင်တားနားသည် ထိုအစီရင်ခံစာထဲတွင် မြန်မာစစ်အစိုးရ ကျူးလွန်ခဲ့သည့် နိုင်ငံတကာ ရာဇဝတ်မှုများအတွက် ကော်မရှင်တခုဖွဲ့စည်း၍ ထပ်မံအသေးစိတ် စုံစမ်းစစ်ဆေးရန် ကုလသမဂ္ဂအား အကြံပြု တိုက်တွန်းထားသည်။

ကနေဒါနိုင်ငံ မြန်မာ့မိတ်ဆွေများအဖွဲ့ (CFOB) မှ အလုပ်အမှုဆောင် ဒါရိုက်တာ တင်မောင်ထူးက မဇ္ဈိမသို့ "မစ္စတာ ကွင်တားနားရဲ့ အစီရင်ခံစာက ကုလသမဂ္ဂ အနေနဲ့ မြန်မာစစ်အစိုးရရဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို စနစ်တကျ စုံစမ်း စစ်ဆေးဖို့ လေးလေးနက်နက် အကြံပြုထားပါတယ်။ ဒါကို လျစ်လျူရှုလိုက်ဖို့ မသင့်ပါဘူး။ ကနေဒါ အပါအဝင် ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံတွေ အနေနဲ့ ကုလသမဂ္ဂက မစ္စတာကွင်တားနားရဲ့ အကြံပြုချက်ကို အကောင်အထည်ဖော်ဖို့၊ မြန်မာနိုင်ငံက လူ့အခွင့်အရေးချိုးဖောက်မှုတွေကို စစ်ဆေးပေးဖို့ တိုက်တွန်းသင့်ပါတယ်" ဟု ပြောကြားခဲ့သည်။

ပြီးခဲ့သည့်အပတ်က CFOB အဖွဲ့သည် ဘားမားကမ်ပိန်း (ယူကေ) အဖွဲ့နှင့် ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့ရာတွင် ကနေဒါနိုင်ငံခြားရေးဝန်ကြီး Lawrence Cannon အား ကွင်တားနား၏ အကြံပြုချက်ကို တွန်းအားပေးရန် တောင်းဆိုခဲ့ပြီး ကနေဒါ ဝန်ကြီးချုပ် Stephen Harper ၏ အစိုးရ အဖွဲ့သည် မြန်မာအတိုက်အခံများကို အစဉ်အမြဲထောက်ခံလေ့ ရှိသဖြင့် ယခုကွင်တားနား၏ အကြံပြုချက်ကိုလည်း ထောက်ခံရန် တောင်းဆိုထားသည်။

ဘားမားကမ်ပိန်း၏ ဒါရိုက်တာ Mark Farmaner က အဖွဲ့၏ ကြေညာချက်ထဲတွင် "ကုလသမဂ္ဂ လူ့အခွင့်အရေး သံတမန်ရဲ့ အကြံပြုချက်ဖြစ်တဲ့ ကော်မရှင်ဖွဲ့စစ်ဆေးရေးကို ကနေဒါနိုင်ငံက ထောက်ခံကြောင်း တရားဝင် မထုတ်ပြန်သေးတဲ့အတွက် အလွန်အံ့ဩမိပါတယ်။ နိုင်ငံပေါင်း မြောက်များစွာရဲ့ ထောက်ခံမှုကို ကျနော်တို့လိုအပ် နေပါတယ်။ ကနေဒါ နိုင်ငံရဲ့ နှုတ်ဆိတ်နေမှုဟာ မြန်မာစစ်အစိုးရကို လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ဆက်လက်ကျူးလွန်စေဖို့ အားပေးသလို ဖြစ်သွားစေနိုင်ပါတယ်" ဟု တိုက်တွန်းထားကြောင်း ပြောပြခဲ့သည်။

ကနေဒါနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ Laura Markle က မဇ္ဈိမသို့ ပြောကြားရာတွင် ကနေဒါ နိုင်ငံသည် ဦးဝင်းတင် တိုက်တွန်းသည့် ကိစ္စနဲ့ ပတ်သတ်၍ ကြေညာချက်တစောင် ထုတ်ရန်ရှိကြောင်းပြောကြားခဲ့သည်။

**ကနေဒါမှ အိုင်ဗင်ဟိုး သတ္တုတွင်း ကုမ္ပဏီအား စုံစမ်းစစ်ဆေးရန် ဦးဝင်းတင်က တိုက်တွန်း**

ဦးဝင်းတင်သည် ကနေဒါအစိုးရက ဗန်ကူးဗား အခြေစိုက် အိုင်ဗင်ဟိုး သတ္တုတွင်း ကုမ္ပဏီအား လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိမရှိနှင့် ကနေဒါနိုင်ငံမှ မြန်မာစစ်အစိုးရအပေါ် ချမှတ်ထားသည့် စီးပွါးရေး အရေးယူပိတ်ဆို့မှုများအား အိုင်ဗင်ဟိုးမှ ချိုးဖောက်နေမှုများကို စုံစမ်းစစ်ဆေးရန်ကိုလည်း တောင်းဆိုခဲ့သည်။

မဇ္ဈိမသတင်းဌာန၏ ဇွန်လက သတင်းတပုဒ်တွင် မြန်မာနိုင်ငံ မုံရွာတွင် ကြေးနီသတ္တုမိုင်းလုပ်ငန်းကို ဖက်စပ်လုပ်ကိုင်နေသည့် မြန်မာအိုင်ဗင်ဟိုး ကြေးနီကုမ္ပဏီလီမိတက် (MICCL)၏ အစုရှယ်ယာ ၅၀ ရာခိုင်နှုန်း ကို တရုတ်လက်နက်ကုမ္ပဏီကြီး နိုရင်ကို (Norinco) နှင့် တရုတ်သတ္တုကုမ္ပဏီကြီး တခုဖြစ်သော ချိုင်းနားကိုးလ် (Chinacol) တို့နှင့် ပတ်သက်ဆက်နွယ်မှုရှိသည့် မြန်မာစစ်အစိုးရ၏ လက်ရင်းလူယုံများကို လျှို့ဝှက်စွာ ရောင်းချခဲ့ကြောင်း ယုံကြည်စိတ်ချရသည့် လျှို့ဝှက်သတင်းရပ်ကွက်တခုက အတည်ပြုပြောကြားကြောင်း ဖော်ပြခဲ့ဖူးသည်။

ဦးဝင်းတင်က အိုင်ဗင်ဟိုးအနေဖြင့် မြန်မာစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဆက်နွယ်နေသည့် လက်ရင်းလူယုံများအား မုံရွာရှိ ရှယ်ယာများအား ရောင်းချလိုက်သည် ဆိုသော သတင်းများကြောင့် အထူးစိုးရိမ်မိကြောင်းနှင့် ထိုအပြုအမူသည် ကနေဒါနိုင်ငံမှ မြန်မာနိုင်ငံအပေါ် ချမှတ်ပြဌာန်းထားသော အရေးယူပိတ်ဆို့မှုများကို ချိုးဖောက်လိုက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ "ကျနော်တို့ အသေးစိတ်မသိရပေမယ့် အိုင်ဗင်ဟိုး ကုမ္ပဏီဟာ သူတို့ရဲ့ အစုရှယ်ယာတွေကို တရုတ်ကုမ္ပဏီတွေနဲ့ ပတ်သတ်နေတဲ့သူတွေကို ရောင်းလိုက်တယ်လို့ သိရပါတယ်။ ကနေဒါအနေနဲ့ ဒီကိစ္စကို စုံစမ်း စစ်ဆေးသင့်ပါတယ်" ဟု ဦးဝင်းတင်က ပြောကြားခဲ့သည်။

လူ့အခွင့်အရေးအုပ်စုများ တောင်းဆိုနေကြသော အချက်ဖြစ်သည့် 'အိုင်ဗင်ဟိုးအနေဖြင့် ကနေဒါ ပါလီမန်တွင် ကုမ္ပဏီ၏ မြန်မာနိုင်ငံတွင် ပါဝင်ပတ်သတ် လုပ်ကိုင်နေသည့် သတင်းအချက်အလက်များနှင့် ၄င်းမြန်မာနိုင်ငံမှ ထွက်ခွာသွားရသည့် အကြောင်းရင်းများကို ရှင်းလင်းပြောဆိုသင့်သည်'ဟူသော အချက်အား ကမ္ဘာသိ နိုင်ငံရေးအကျဉ်းသမားဟောင်း တဦးဖြစ်သူ ဦးဝင်းတင်က သဘောတူသည်ဟု ဆိုသည်။

ပြီးခဲ့သည့်လက အန်အယ်လ်ဒီ လွှတ်တော်အမတ် ဦးခွန်မြင့်ထွန်းသည် ကနေဒါ နိုင်ငံခြားရေး ဝန်ကြီး Cannon ထံသို့ ကနေဒါ အစိုးရအဖွဲ့အနေဖြင့် အိုင်ဗင်ဟိုး ကုမ္ပဏီ၏ ယာဉ်မောင်းဖြစ်သူ ဦးသက်လွင် အဖမ်းခံခဲ့ရသည့် ကိစ္စနှင့် ပတ်သတ်၍ စုံစမ်းဖြေရှင်းပေးရန် တရားဝင်တိုက်တွန်းစာတစောင် ပို့ခဲ့သည်။ ဦးသက်လွင်သည် ၄င်း၏ အထက်အရာရှိဖြစ်သူ အိုင်ဗင်ဟိုးကုမ္ပဏီမှ အဆင့်မြင့်ဘူမိဗေဒ ပညာရှင် Andrew Mitchellက အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏ ခေါင်းဆောင်ဖြစ်သူ နေအိမ်အကျယ်ချုပ်ကျနေသည့် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ သွားရောက်လိုသဖြင့် ပို့ဆောင်ပေးခဲ့ပြီးနောက်ပိုင်းတွင် အကျဉ်းအချခံခဲ့ရခြင်းဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ မောင်းနှင်သွားပြီး နောက်ပိုင်းတွင် ဦးသက်လွင်နှင့် မစ္စတာ Andrew Mitchell တို့ နှစ်ဦးစလုံး ဖမ်းဆီးထိန်းသိမ်းခြင်း ခံခဲ့ရပြီး ဗြိတိသျှနိုင်ငံသားဖြစ်သည့် မစ္စတာ Mitchell အား မကြာခင် ပြန်လွှတ်ပေးခဲ့သော်လည်း ဦးသက်လွင်ကိုမူ ထောင်ဒဏ် ၇နှစ် ချမှတ်ခဲ့သည်ဟု ဦးသက်လွင်၏ မိသားစုက ပြောခဲ့သည်။

ဦးခွန်မြင့်ထွန်းကဲ့သို့သော လူ့အခွင့်အရေးလှုပ်ရှားသူများသည် ဦးသက်လွင် အင်းစိန်ထောင်ထဲတွင် ဆုံးပါးသွားမည်ကို စိုးရိမ်သည့်အတွက် ကနေဒါ အစိုးရအနေဖြင့် အိုင်ဗင်ဟိုး ကုမ္ပဏီအား ထိုအမှုကိစ္စနှင့် ပတ်သတ်၍ စစ်ဆေးပေးရန် အလိုရှိနေကြသည်။

ဦးခွန်မြင့်ထွန်း၏ ပေးစာထဲတွင် အိုဗင်ဟိုး ကုမ္ပဏီနှင့် ကုမ္ပဏီ ဥက္ကဌဖြစ်သူ Robert Friedland တို့မှ ထိုကိစ္စအား သိရှိကြောင်း ဝန်ခံပြောဆိုရန် အချိန် ၅နှစ်ကျော် ယူခဲ့သဖြင့် ၄င်းတို့ကို အပြစ်တင်ထားသည် ဟုဆိုသည်။ ၁၉၉၆ ခုနှစ်မှ ၂၀၀၃ ခုနှစ်အတွင်း အကျဉ်းချခြင်း ခံခဲ့ရသည့် နိုင်ငံရေးအကျဉ်းသားဟောင်း ဦးခွန်မြင့်ထွန်းက "ကိုသက်လွင် အဖမ်းခံခဲ့ရပြီး နောက်ပိုင်းမှာ အိုင်ဗင်ဟိုး ကုမ္ပဏီ အနေနဲ့ အရေးတယူ ဂရုစိုက်မှု မရှိခဲ့ပါဘူး။ ကိုသက်လွင်နဲ့ သူ့ရဲ့မိသားစုအနေနဲ့ အရမ်းခံစားနေရမှာပါ။ အိုင်ဗင်ဟိုးက ကိုသက်လွင်ကို ပြုမူတဲ့ပုံစံကတော့ တကယ့် ရာဇဝတ်သားတယောက်ကို ဆက်ဆံတဲ့ပုံစံမျိုး ဖြစ်နေတယ်" ဟု မဇ္ဈိမသို့ ပြောကြားခဲ့သည်။

*လူမှားပြီး ကိုယ့်သမီး ကိုယ်သတ်မိတဲ့ မြောက်ဦး လူသတ်မှု*

ငြိမ်းချမ်း | ဗုဒ္ဓဟူးနေ့၊ ဩဂုတ်လ ၁၈ ရက် ၂၀၁၀ ခုနှစ် ၂၂ နာရီ ၁၈ မိနစ်

ဒါကာ(မဇ္ဈိမ)။ ။ရခိုင်ပြည်နယ် မြောက်ဦးမြို့တွင် ဧည့်သည် အမျိုးသမီးထံမှ ငွေကို ရယူလို၍ မိဘဖြစ်သူက ကိုယ့်သမီး ကိုယ်မှားယွင်း သတ်မှု လွန်ခဲ့သည့် ကြာသပတေးနေ့က ဖြစ်ပွားခဲ့ကြောင်း ဒေသခံများက ပြောသည်။

မြောက်ဦးမြို့ တောင်ဘက် ၄ မိုင်အကွာရှိ တိမ်ညို ကျေးရွာတွင် ဖြစ်ပွားပြီး ဦးမောင်သိန်း (၄၅) နှစ်နှင့် ဒေါ်မြင့်အေး (၄၁) နှစ်က သမီး မဝေဝေလွင် (၂၃) နှစ်ကို သတ်မိခြင်း ဖြစ်သည်ဟု ဆိုသည်။ ထိုလင်မယားမှာ ဧည့်သည် အမျိုးသမီးကို သတ်ပြီး ငွေ (၁၅) သိန်း ရယူရန် စီစဉ်ခဲ့သော်လည်း ညအချိန်တွင် သမီးဖြစ်သူနှင့် ဧည့်သည် အမျိုးသမီး ခြင်ထောင်ပြောင်းခြင်းကို မသိလိုက်ဘဲ သတ်မှတ်ထားသည့် ခြင်ထောင် အထဲ အိပ်နေသော အမျိုးသမီးမျက်နှာကို ခေါင်းအုံးဖြင့် ဖိသတ်လိုက်ကြောင်း ရဲစခန်းတွင် ဝန်ခံပြောခဲ့သည်ဟု

စခန်းသို့ လိုက်ပါပို့ဆောင်ခဲ့သည့် ရွာခံတဦးဖြစ်သူ ကိုဝင်းနိုင်က ပြောသည်။

"သူတို့ စီစဥ်ခဲ့တာက ဒေ့သည်အမျိုးသမီးနဲ့ သူ့သမီးကို အိပ်ရာ(၂)ခု ခြင်ထောင်ကိုယ်စီ သီးခြားအိပ်ခိုင်းတယ်။ ဧည့်သည် အမျိုးသမီးကို လည်ပင်းကြိုးကွင်း သတ်မယ်လို့ စီစဥ်ခဲ့တာ။ အိပ်ရာဝင်တဲ့အခါ ဧည့်သည် အမျိုးသမီးက ခြင်ထောင်က ဆေးနံ့ရတယ်ဆိုပြီး သူတို့ချင်း အိပ်ရာ လဲအိပ်ကြတာကို မသိလို့ လူမှားသတ်တာ "ဟု ကိုဝင်းနိုင်က မဇ္ဈိမကို ပြောသည်။

သေဆုံးနေသော အလောင်းကို အိမ်အောက်တွင် အသင့် တူးထားသည့် တွင်းထဲကို ထည့်ရန် ပြင်ဆင်ချိန်မှ မိမိတို့ သမီးဖြစ်နေမှန်း သိရပြီး လင်မယားနှစ်ဦး ငိုကြွေးရာမှ ပတ်ဝန်းကျင်က သိသွားရခြင်း ဖြစ်သည်။

"မနက်စောစော သူတို့သမီး ကြိုးဆွဲချ သေလို့တဲ့ ဝန်းကျင်ကလူတွေကို အကူအညီတွေ တောင်းတော့ ကျနော်တို့ သိတာ" ဟု အိမ်နီးနားချင်းတဦးက ဆိုသည်။

ထိုအမှုအား တိမ်ညို ရဲစခန်းက လာရောက် စစ်ဆေးရာ မသင်္ကာဖွယ်တွေ့၍ ဧည့်သည်အမျိုးသမီး အပါအဝင် မိဘနှစ်ဦးအား ရဲခစခန်းသို့ ခေါ်ဆောင် မေးမြန်းခဲ့ရာမှ ဝန်ခံခဲ့ကြောင်း ဒေသခံများက ပြောသည်။

မခင်အေးငွေမှာ မင်းပြားမြို့ မင်းကန်ကြီးရပ်ကွက်ဖြစ်ပြီး ကုန်ရောင်း ကုန်ဝယ်လုပ်ကိုင်နေသူ တဦးဖြစ်သည်။ ဦးမောင်သိန်းတို့ မိသားစုမှာ သမီးတဦးသာရှိပြီး ကျပန်း လုပ်ကိုင်စားသောက်ကြသည်။

ယခုအခါ တရားခံ လင်မယားနှစ်ဦးအား လူသတ်မှုဖြင့် တရားစွဲထားပြီး မြောက်ဦး ရဲစခန်းတွင် ချုပ်နှောင်ထားကြောင်းနှင့် ဧည့်သည် အမျိုးသမီးက လူသတ်မှုကို အိမ်ရှင်လင်မယား ကြံစည်ကတည်းက သိရှိခဲ့သော်လည်း အသက် အန္တရာယ်ကို စိုးရိမ်သောကြောင့် အိပ်ချင် ယောင်ဆောင်ခဲ့ကြောင်း ရဲစခန်းတွင် ပြောကြားသည်ဟု နီးစပ်သူ တဦးက ဆိုသည်။

## *ဥပုသ်ကာလ ဝန်ဆောင်မှုကို မြန်မာ မွတ်ဆလင်အဖွဲ့ချုပ် ကြိုဆို*

ဆလိုင်း ဟံသာစန်း | ဗုဒ္ဓဟူးနေ့၊ ဩဂုတ်လ ၁၈ ရက် ၂၀၁၀ ခုနှစ် ၂၂ နာရီ ၁၁ မိနစ်

နယူးဒေလီ (မဇ္ဈိမ) ။  ။ အစ္စလာမ် ဘာသာဝင်များ၏ အစာရှောင် ဥပုသ်ကာလအတွင်း ခရီးသွား ဘာသာဝင်များအတွက် ဘုရားရှိခိုးနိုင်ရန်နှင့် အစာစားသောက်နိုင်ရန် ပြည်တွင်း အဝေးပြေး ကားလိုင်းတခုက ဝန်ဆောင်မှု ပေးသည်ကို ကြိုဆိုကြောင်း ရန်ကုန်မြို့ရှိ မြန်မာ မွတ်ဆလင်အဖွဲ့ ဌာနချုပ်က ပြောသည်။

ရန်ကုန်-မန္တလေး ပြေးဆွဲနေသည့် ရွှေမန္တလာ ယာဉ်လိုင်းက ယခုလ ၁၂ ရက်နေ့မှ စတင်ကာ အစ္စလာမ် ဘာသာဝင် ခရီးသည်များအတွက် မြန်မာပြည်တွင် ပထမဦးဆုံး အနေဖြင့် ဝန်ဆောင်မှုလိုက်သည့်အပေါ် ကြိုဆိုခြင်း ဖြစ်သည်။

"အခုလို ဝန်ဆောင်မှု ပေးလာတာကို အဖွဲ့အနေနဲ့ ကြိုဆိုပါတယ်။ ဒါဟာ အင်မတန် မင်္ဂလာရှိတဲ့ သတင်းပါ။ လိုလည်း လိုအပ်တယ်လေ" ဟု မြန်မာ မွတ်ဆလင်အဖွဲ့ ဌာနချုပ် ဥက္ကဌ ဦးသိန်းထွန်းက မဇ္ဈိမကို ပြောသည်။

မန္တလေးအခြေစိုက် ရွှေမန္တလာ ယာဉ်လိုင်းသည် ရန်ကုန်-မန္တလေး ပြေးဆွဲနေသည့် ၎င်းတို့၏ အဝေးပြေး ယာဉ်များကို လမ်းခရီး၌ အစ္စလာမ် ဘာသာဝင် စားသောက်ဆိုင်များတွင် ရပ်တန့်ပေးခြင်းနှင့် ဘုရားဝတ်ပြုနိုင်ရန် စောင့်ဆိုင်းခြင်းကို ယခုလ ၁၂ ရက်နေ့မှ စက်တင်ဘာလ ၉ ရက်နေ့အထိ ဝန်ဆောင်မှု ပေးသွားမည် ဖြစ်သည်။

"အခုလို လုပ်ပေးတာ အဝေးပြေး ကားလောကမှာ ပထမဆုံးပါပဲ။ သူတို့ဘာသာကို လေးစားတဲ့ အနေအထားပါ။ သူတို့လည်း ဥပုသ်လမှာ ခရီးသွားတဲ့အခါ အဆင်ပြေအောင်လို့ လုပ်ပေးတာပါ" ဟု ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာ အဝေးပြေးကားဝင်းရှိ ရွှေမန္တလာယာဉ်လိုင်းမှ ဂိတ်တာဝန်ခံ ဦးအောင်မြင့်ဆွေက ပြောသည်။

ရာမာဒန်ဥပုသ်လအတွင်း နံနက်မိုးသောက်မှ ညနေအထိ အစာစားခြင်း၊ အရည်သောက်ခြင်းနှင့် သံဝါသပြုခြင်းများကို ဘာသာဝင်များသည် ရှောင်ကြဉ်ရသည်။

သို့သော် ဖျားနာနေသူများ၊ လူမမယ် ကလေးများ၊ ကိုယ်ဝန်ဆောင်နှင့် ဓမ္မတာလာနေသူ အမျိုးသမီးများသည် ဥပုသ်စောင့်ခြင်းမှ ကင်းလွတ်ခွင့် ရရှိကြသည်။ ယခုနှစ်အတွက် ရာမာဒန် ဥပုသ်ကာလမှာ ဩဂုတ်လ ၁၁ ရက်နေ့မှ စက်တင်ဘာလ ၉ ရက်နေ့အထိ ဖြစ်သည်။

ဘာသာတူ ၇၈၆ စားသောက်ဆိုင်များတွင်သာ စားသောက်နိုင်သဖြင့် ရွှေမန္တလာယာဉ်လိုင်းနည်းတူ အခြားသော ခရီးသွားလာရေး လုပ်ငန်းများက ဝန်ဆောင်မှု ပေးလာခဲ့ပါက ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း မြန်မာမွတ်ဆလင်အဖွဲ့ ဥက္ကဌက ပြောသည်။

ထို့ပြင် ရုံးဝန်ထမ်း အစ္စလာမ် ဘာသာဝင်များအနေဖြင့် တပတ်တကြိမ် ဗလီကျောင်းတက်၍ ဝတ်ပြုရသည့် နေ့ဖြစ်သော သောကြာနေ့တွင် ခွင့်မရသည့်အတွက် ဝတ်မပြုနိုင်ဖြစ်နေသဖြင့် တပတ်လျှင် သောကြာနေ့ နေ့လည် ၁၂ နာရီမှ ၂ နာရီအကြား ဘုရားဝတ်ပြုရန် ခွင့်ပေးသင့်သည်ဟုလည်း သူက ပြောဆိုသည်။

"ရုံးတွေမှာ အလုပ်လုပ်နေတဲ့ ဝန်ထမ်းတွေအတွက် ဘုရားဝတ်ပြုချိန်လေး ပေးစေချင်တယ်။ သောကြာနေ့ဆိုရင် တပတ်တခါ ဝတ်မပြု မနေရဆိုတော့ အရေးကြီးတယ်။ ၁၂ နာရီကနေ ၂ နာရီအထိပေ့ါနော်။ အဲဒီအချိန်လေးကို ခွင့်ပေးလို့ရရင် ပေးစေချင်တယ်" ဟု သူက ပြောသည်။

၁၉၆၀ ခုနှစ် မေလက စတင်တည်ထောင်ခဲ့သည့် မြန်မာမွတ်စလင်အဖွဲ့ ဌာနချုပ်ရုံးသည် ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် ကုန်ဈေးတန်းလမ်းတွင် တည်ရှိပြီး အဖွဲ့ဝင်ပေါင်း ၃ သောင်း ၅ ထောင်ကျော် ရှိသည်။

## *ကြွက်ကျ ချင်းရွာ ၁၂၀ ခန့် အကူအညီ မရ*

ဆလိုင်းထွန်း | ဗုဒ္ဓဟူးနေ့၊ ဩဂုတ်လ ၁၈ ရက် ၂၀၁၀ ခုနှစ် ၂၀ နာရီ ၁၄ မိနစ်

နယူးဒေလီ (မဇ္ဈိမ) ။  ။ ချင်းပြည်နယ်တောင်ပိုင်း ကြွက်များသောင်းကျန်းရာ ၄ မြို့နယ်ရှိ ကျေးရွာ ၁၂၀ ခန့်တွင် စားနပ်ရိက္ခာ ရှားပါးနေသော်လည်း ဒေသအာဏာပိုင်များက အကူအညီပေးခြင်း မရှိကြောင်း ဒေသတွင်းရှိ နိုင်ငံရေးပါတီများနှင့် အစိုးရမဟုတ်သော အဖွဲ့များက ပြောဆိုလိုက်ကြသည်။

မင်းတပ်၊ ပလက်ဝ၊ မတူပီနှင့် ကန်ပက်လက် မြို့နယ်များရှိ ကျေးရွာ ၁၂၀ ခန့်တွင် ပြီးခဲ့သည့် လလယ်ခန့်မှ စတင်၍ ကြွက်အုပ်များ ရောက်လာသဖြင့် စိုက်ပျိုးထားသည့် ဆန်၊ ပြောင်းဖူးနှင့် ပဲမျိုးစုံကို ကြွက်များက ဖျက်ဆီးပြီးနောက် အစာရေစာ ရှားပါးမှု ကြုံတွေ့နေသော်လည်း အာဏာပိုင်များ၏ အကူအညီမရရှိကြောင်း ပြောဆိုခြင်း ဖြစ်သည်။

"အုပ်လိုက် ဝင်လာတာ။ တဧကဆို ခဏနဲ့ ပျက်စီးတယ်။ အဲဒီမှာ စားစရာမရှိတော့ ရွာထဲ ဝင်လာတယ်။ စပါးကျီထဲက ဆန်တွေလည်း စားတယ်။ အာဏာပိုင်ဘက်က သိတယ်၊ အသိလည်း ပေးတယ်၊ ဘာမှ အခုချိန်ထိ မလုပ်ပေးဘူး" ဟု ချင်းတိုးတက်ရေးပါတီ တွဲဖက် အထွေထွေ အတွင်းရေးမှူး (၂) ဦးစိန်ထွန်းက မဇ္ဈိမကို ပြောသည်။

ကြွက်ဘေးသင့် ပြည်သူများကို ကူညီစောင့်ရှောက်ရန် ၄ မြို့နယ်ရှိ ခရစ်ယာန် တရားဟော ဆရာများနှင့် မြို့မိမြို့ဖ ၁၅ ဦးဖြင့် ဖွဲ့ထားသည့် အရေးပေါ် ကော်မတီကိုလည်း အာဏာပိုင်များက မကူညီကြောင်း ပြောဆိုသည်။

"အပင်တွေက အသီးတောင် မသီးသေးဘူး။ ပြောင်းဖူးတွေဆို အဖူးတွေ အကုန်ကိုက်စားတယ်။ မြက်ပင်ပါ ကိုက်စားတာ။ ဇူလိုင်လလယ်လောက်က စဖြစ်တော့ ပျက်စီးတာ များနေပြီ။ ဆပ်နီ၊

ဆပ်ဝါတွေရော၊ ပဲ အပင်ပေါက်တွေရော။ ပြောင်းဖူးတော့ ကုန်သလောက်ပဲ။ ခယက၊ မယကကို ဇူလိုင်လလယ်လောက်က အသိပေးပြီးသားပါ။ အခုချိန်ထိ ဘာမှ မလုပ်ပေးဘူး၊ လူတွေ သေမှ လုပ်ပေးမယ် ထင်တယ်” ဟု အရေးပေါ်အဖွဲ့ဝင် ဦးသန်ဘူး (Thang Bu) က ပြောသည်။

ယခုလဆန်းပိုင်းက စစ်အစိုးရ သာသနာရေးဝန်ကြီး သူရအောင်ကိုနှင့် ချင်းပြည်နယ် ပယက ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဟုန်ငိုင်းတို့ မင်းတပ်မြို့ ခရိုင်ရုံးတွင် ဒေသအာဏာပိုင်များနှင့် တွေ့ဆုံစဉ် ကြွက်များသည် ဘိုးဘွားစဉ်ဆက်က ရှိနေသဖြင့် အထူးအဆန်း မဟုတ်ကြောင်းသာ ပြောဆိုသွားခဲ့ကြောင်း သိရသည်။

မင်းတပ်မြို့နယ်ရှိ ရွာပေါင်း ၅၀၊ ပလက်ဝနှင့် မတူပီမှ ၃၀ စီနှင့် ကန်ပက်လက် ၁၀ ရွာတွင် လူဦးရေ ၄,၀၀၀ ကျော် နေထိုင်ပြီး ပြောင်းဖူး၊ ဆန်၊ ဆပ်ဝါ၊ ဆပ်နီ၊ ပဲမျိုးစုံ၊ နှမ်းတို့ကို အဓိက စိုက်ပျိုးကြသည်။

အခင်းဖြစ်ရာ ကျေးရွာများအတွက် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP)က ဆန်အိတ် ၃၀၀ ခန့် ထောက်ပံ့ရန် မင်းတပ် ခရိုင်နှင့် မြို့နယ် အာဏာပိုင်များထံ ပြီးခဲ့သည့် လလယ်ကတည်းက တင်ပြခဲ့ရာ ယခုလဆန်းပိုင်းတွင် ခွင့်မပြုကြောင်း တုံ့ပြန်ပြောဆိုခဲ့သည်။

“အရေးပေါ် ကော်မတီ က WFP ကို ဆက်သွယ်တယ်။ WFP က ကူညီဖို့ အဆင်သင့်ပဲ။ အာဏာပိုင်က ခွင့်ပြုရင် ရတယ်လို့ ပြောတယ်။ ခယကနှင့် မယက ကို ဇူလိုင်လလယ်လောက်က စာနဲ့ တင်တယ်။ ခွင့်မပြုဘူးလို့ ဖုန်းနဲ့ စာနဲ့ အကြောင်းပြန်တာ” ဟု ချင်းတိုးတက်ရေးပါတီက ဦးစိန်ထွန်းက မဇ္ဈိမကို ပြောသည်။

ဆန်အိတ် ၃၀၀ ပေးပို့မည့် ကိစ္စနှင့်ပတ်သက်၍ အသေးစိတ် သိရှိရန် မင်းတပ်မြို့ မယက ရုံးသို့ ဆက်သွယ်မေးမြန်းရာ တာဝန်ကျ ဝန်ထမ်းတဦးက ကြွက်များ သောင်းကျန်းနေသည်ကို အတည်ပြုပြောဆိုသော်လည်း အခြားကိစ္စများကို ပြောဆိုရန် ငြင်းဆိုသည်။

အလားတူ ရန်ကုန်မြို့ရှိ WFP ရုံးသို့ မဇ္ဈိမက ဆက်သွယ်မေးမြန်းခဲ့သော်လည်း တာဝန်ကျ ဝန်ထမ်းတဦးက ပြောရေးဆိုခွင့် ရှိသူများ မရှိကြောင်းသာ ပြောဆိုခဲ့သည်။

ချင်းပြည်နယ်နှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် အိန္ဒိယနိုင်ငံ မီဇိုရမ်အခြေစိုက် ချင်းလူ့အခွင့်အရေးအဖွဲ့ CHRO မှ ကွင်းဆင်းညွှန်ကြားရေးမှူး ဦးသေရ (Terah) က စားနပ်ရိက္ခာခေါင်းပါးရာဒေသတွင် သစ်တောထဲမှ မျောက်ဥနှင့် သစ်သီးဝလံများကိုသာ စားသုံးနေရကြောင်းနှင့် ပြည်ပအကူအညီ လက်မခံလိုခြင်းသည် စစ်အစိုးရ၏ ပေါ်လစီဖြစ်ကြောင်း ပြောဆိုသည်။

“WFP က ကူညီမှာကို လက်မခံတာက နအဖရဲ့ ပေါ်လစီပါ။ ပြည်ပရဲ့ ဩဇာညောင်းမှုကို လုံးဝလက်မခံဘူး။ နအဖက ဘာမှ လုပ်ပေးတာ မရှိဘူး။ ပြည်ပက ထောက်ပံ့ရင် ပြည်ပကို အားကိုးမှာ စိုးရိမ်လို့ပဲ” ဟု သူက ပြောသည်။

ရွာသားများက ထောင်ချောက်နှင့် ရရာလက်နက်မျိုးစုံသုံးကာ ကြွက်နှိမ်နင်းရေး ပြုလုပ်နေကြောင်းနှင့် ဖမ်းမိသည့် ကြွက်များကို ဟင်းစားအဖြစ်လည်း အသုံးပြုနေကြောင်း သိရသည်။

“ကြွက်ရှိတဲ့ ရွာတိုင်းက လုပ်အားပေးလုပ်သလိုပဲ ကိုယ့်ဘာသာကိုယ် နှိမ်နင်းရေး လုပ်ကြတယ်။ ကြွက်တွေကို ကြွက်ထောင်ချောက်တွေနဲ့ ဖမ်းတယ်။ ရရာလက်နက်နဲ့ အမျိုးမျိုး သတ်နေကြပါတယ်။ တချို့က စားတယ်၊ ဟင်းအတွက် မပုပ်သိုးအောင် အခြောက်လှန်းတယ်။ တချို့က မြောင်းတွေမှာ လွှင့်ပစ်တယ်၊ မြေမြှုပ်တယ်။ ကြွက်သားကို ရောင်းစားတာ မရှိဘူး” ဟု ချင်းတိုးတက်ရေးပါတီ တွဲဖက်အတွင်းရေးမှူး (၃) ဖြစ်သူ ပလက်ဝမြို့သား ဦးဆွမ်ထိုက် (Sun Thaih) က မဇ္ဈိမကို ပြောသည်။

သူက ဆက်ပြီး “ကြွက်ဝမ်းဖြူတွေ၊ တချို့ အညိုရောင်သန်းတယ်။ အိမ်ကြွက်ထက် နည်းနည်းကြီးတယ်။ လယ်ကွင်းတွေမှာရှိတဲ့ ကြွက်တွေထက် သေးတယ်။ တောထဲတောင်ထဲ အစာရှာ နေထိုင်ကြတယ်။ သစ်ပင်သစ်ခေါင်းတွေမှာလည်း နေတယ်။ ဝါးပင်တွေ အသီးသီးတော့ စားကြတယ်။ မျိုးတအားပွားတော့ တောထဲမှာ အစာမရှိတော့လို့ အစာရှာရင်း လူတွေနေတဲ့ ဘက်ကို ရောက်လာတယ်” ဟု ပြောသည်။

***တစည်နဲ့ အန်ဒီအက်ဖ် ကြံ့ဖွံ့ရဲ့ အဓိက ပြိုင်ဘက်***

ကျော်ခ | ဗုဒ္ဓဟူးနေ့၊ ဩဂုတ်လ ၁၈ ရက် ၂၀၁၀ ခုနှစ် ၁၈ နာရီ ၁၃ မိနစ်

ချင်းမိုင် (မဇ္ဈိမ)။ ။ စစ်အစိုးရပါတီဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် ရွေးကောက်ပွဲမှာ အဓိကပြိုင်ဘက်ဟာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပါတီနဲ့ အမျိုးသား ဒီမိုကရေစီ အင်အားစုတို့ ဖြစ်ကြောင်း ပါတီအကြီးတန်း ခေါင်းဆောင်တဦးက ယနေ့ ပြောကြားလိုက်သည်။

“တစည ဆိုရင် အနှစ် ၂၀ ကျော် ရပ်တည်လာတဲ့ ပါတီဖြစ်တော့ သူ့တို့ ဘယ်လောက်အထိ လှမ်းမလဲဆိုတာ ကျနော်တို့ စောင့်ကြည့်ရမှာပါ။ နောက်တခုက NDF ကလည်း NLD ကနေ ခွဲပြီး ထွက်လာတဲ့ ပါတီဆိုတော့ သူကလည်း ကျနော်တို့ရဲ့ပြိုင်ဘက်လို့ ဆိုရမှာပေါ့ဗျာ။ ကျန်တိုင်းရင်းသား ပါတီတွေကတော့ သူ့နယ်အလိုက်တွေမှာပဲ ပြိုင်ရဖို့ရှိပါတယ်” ဟု အမည်မဖော်လိုသူ ခေါင်းဆောင်တဦးက မဇ္ဈိမကို ပြောသည်။




ကြံ့ဖွံ့နှင့် အဓိက ပြိုင်ဘက်ပါတီ တခုဖြစ်သည့် NDF ပါတီ ဌာနချုပ်

ဝန်ကြီးချုပ် ဦးသိန်းစိန်အပါအဝင် လက်ရှိ စစ်အစိုးရအဖွဲ့ဝင် ၂၇ ဦးက ဗဟို အလုပ်မှုဆောင်များ အဖြစ် တာဝန်ယူထားသော ကြံ့ဖွံ့အနေဖြင့် တနိုင်ငံလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပြီး ရန်ကုန်တိုင်း တခုတည်းတွင်ပင် လွှတ်တော် ၃ ရပ်စလုံးဖြစ်သော စုစုပေါင်း ၈၂ နေရာတွင် ဝင်ပြိုင်မှာ ဖြစ်သည်။

ရန်ကုန်တိုင်း ရုံးခွဲအနေဖြင့် အင်္ဂါနေ့က ပြုလုပ်သော ပါတီတွင်း အစည်းအဝေးတွင် ပါတီရှေ့ဆက်မည့် လုပ်ငန်းစဉ်များကို ချမှတ်ခဲ့သည်။

ပါတီ၏ စည်းရုံးရေး လုပ်ငန်းစဉ်တွင် အဓိကအဖြစ် တောင်သူလယ်သမား၊ အလုပ်သမား၊ ကျောင်းသားတို့ကို စည်းရုံးသွားမှာဖြစ်ပြီး ဖွဲ့စည်းပုံအနေအထားကို နေပြည်တော်ရှိ ဗဟိုက ချမှတ်မလာသေးဟု ဆိုသည်။

ထို့ပြင်ယခုလ ၂၀ ရက်နေ့မှ စတင်ကာ တနိုင်ငံလုံးရှိ ကြံ့ဖွံ့အသင်း ဆိုင်းဘုတ်များကို အပြီးဖြုတ်ချသွားမှာ ဖြစ်သလို ယင်းနေ့မှစတင်၍ ရက် ၃၀ အတွင်း ပါတီဆိုင်းဘုတ်များ တနိုင်ငံလုံးတွင် အပြီးတင်သွားမည်ဟုလည်း အစည်းအဝေး မှတ်တမ်းများအရ သိရသည်။



ပါတီစာမေးပွဲကိုဖြေဆိုမည့် (အဖြူအစိမ်း အရေခြုံသည့်) ကျောင်းသားများ (သို့) ကြံ့ဖွံ့ပါတီ

တစည်နှင့် NDF ပါတီတို့သည်  နိုင်ငံအဝန်း စည်းရုံးရေး လုပ်ငန်းစဉ်များ ပြုလုပ်လျက်ရှိသော်လည်း ၄င်းတို့ကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ခြင်းမရှိသေးဟု ကြံ့ဖွံ့ပါတီက ယုံကြည်နေသည်။

ယခုလကုန်တွင် ကြံ့ဖွံ့ပါတီဝင်ဦးရေ စာရင်းအား တရားဝင် ထုတ်ပြန်မည်ဟု ဆိုသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နာယကအဖြစ် ဦးဆောင်ခဲ့သည့် ကြံ့ဖွံ့အသင်းမှ ပါတီအဖြစ် ပြောင်းလဲလာသော ကြံ့ဖွံ့ပါတီသည် အစိုးရ ဘဏ္ဍာငွေများဖြင့် တံတားခင်း၊ လမ်းပြင်၊ ဆေးခန်းဆောက်၊ လမ်းဖောက် ကိစ္စများကိုလည်း ပြုလုပ်နိုင်သူဟု ဝေဖန်သူများက ပြောသည်။

"ပါတီအဖြစ် ပြောင်းပြီးမှ အထက်ငွေတွေကို ကျနော်တို့ သုံးခွင့်ရှိတော့မှာ မဟုတ်ပါဘူး။ နောက်ပိုင်းတော့ ကျနော်တို့ ပါတီ ရံပုံငွေတွေနဲ့ပဲ ဆက်သွားမှာပါ။ ဒါကလည်း ငွေက သိပ်ကြီးထွားတော့ ကျနော်လည်း မပြောချင်ဘူးလေ။ ကိုယ်ခြေထောက်ပေါ်မှာ ရပ်တည်နိုင်လို့ ပါတီထောင်တယ်လို့ပဲ သတ်မှတ်ရမှာပေါ့နော်" ကြံ့ဖွံ့ စည်းရုံးရေးမှူး တဦးက ပြောသည်။

***စစ်ရာဇဝတ်မှုများအတွက် ကုလမှ ကော်မရှင်ဖွဲ့ စစ်ဆေးရေး အမေရိကန် ထောက်ခံ***

သောမတ်စ်မောင်ရွှေ | ဗုဒ္ဓဟူးနေ့၊ ဩဂုတ်လ ၁၈ ရက် ၂၀၁၀ ခုနှစ် ၁၅ နာရီ ၄၅ မိနစ်

ချင်းမိုင် (မဇ္ဈိမ) ။      ။ မြန်မာစစ်အစိုးရက ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ကုလသမဂ္ဂမှ ကော်မရှင်တရပ်ဖွဲ့၍ စုံစမ်းစစ်ဆေးရေးရန် အကြံပြုပြောဆိုမှုများအား ထောက်ခံသွားမည် ဖြစ်ကြောင်း အမေရိကန် အစိုးရမှ ကတိကဝတ်ပြုခဲ့သည်ဟု ဝါရှင်တန်ပို့စ် သတင်းစာက ဖော်ပြခဲ့သည်။ အမေရိကန် ကဲ့သို့ပင် ဗြိတိန်၊ ဩစတြေးလျနှင့် ချက်ပြည်ထောင်စုနှင့် ဆလိုဗက်ကီးယား နိုင်ငံတို့မှလည်း ထိုကဲ့သို့ ကုလသမဂ္ဂမှ ကော်မရှင်တရပ်ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးရေးကို ထောက်ခံထားသည်။

ယခုနှစ် မတ်လက ကုလသမဂ္ဂ လူ့အခွင့်အရေး သံတမန် မစ္စတာ သောမတ်(စ်) အိုဂျေ ကွင်တားနားက ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီထံသို့ အစီရင်ခံစာတစောင် တင်ပြခဲ့ရာတွင် ထိုအစီရင်ခံစာထဲ၌ မြန်မာစစ်အစိုးရ ကျူးလွန်ခဲ့သည့် နိုင်ငံတကာ ရာဇဝတ်မှုများအတွက် ကော်မရှင်တခုဖွဲ့စည်း၍ ထပ်မံအသေးစိတ် စုံစမ်းစစ်ဆေးရန် ကုလသမဂ္ဂအား တောင်းဆိုထားသည်။

မစ္စတာ ကွင်တားနား၏ မတ်လမှ အစီရင်ခံစာထဲတွင် မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများသည် စနစ်တကျ ကျူးလွန်နေသည့် ပုံစံဖြစ်နေပြီး အစိုးရအာဏာရှိများ၊ စစ်အာဏာပိုင်များနှင့် တရားရေးရာဌာနများကပါ ပါဝင်ကျူးလွန်နေသည့် ပုံစံမျိုးဖြစ်နေသည်ဟု ပါရှိသည်။ မြန်မာ စစ်အစိုးရ၏ လူ့အခွင့်အရေး ချိုးဖောက်မှု ဖြစ်စဉ်များအား နိုင်ငံတကာ ရာဇဝတ်ခုံရုံး၏ ဖွင့်ဆို သတ်မှတ်ချက်အရ လူသားချင်းစာနာထောက်ထားမှုနှင့် လူ့အဖွဲ့အစည်းတခုလုံးကို ဆန့်ကျင်သည့် စစ်ရာဇဝတ်မှုများအဖြစ် သတ်မှတ်နိုင်ကြောင်းလည်း ထိုအစီရင်ခံစာထဲတွင် ဖော်ပြထားသည်။

ဝါရှင်တန်ပို့စ် သတင်းစာက အမေရိကန် အစိုးရနှင့် နီးစပ်သော သတင်းရပ်ကွက်များကို ကိုးကား၍ ဆက်လက် ဖော်ပြထားရာတွင် အိုဘားမား အစိုးရအဖွဲ့သည် မြန်မာစစ်အစိုးရအပေါ် လက်ရှိချမှတ် ပြဌာန်းထားသော စီးပွါးရေးအရ အရေးယူပိတ်ဆို့မှုများအား ပိုမိုတင်းကြပ်စွာ ချမှတ်ပြဌာန်းရန် စဉ်းစားနေသည်ဟုလည်း ဖော်ပြထားသည်။
http://www.mizzimaburmese.com/

***အမတ်လောင်း တင်သွင်းရက် တိုးပေးရေး ကော်မရှင်ထံ တောင်းဆို***

စိုးမိုး  /  ၁၈ ဩဂုတ် ၂၀၁၀




နိုင်ငံရေးပါတီများနှင့် တသီးပုဂ္ဂလများ အမတ်လောင်း တင်သွင်းခွင့် သတ်မှတ်ရက် ထပ်တိုးပေးရန် ပြည်ထောင်စု ဒီမိုကရေစီ ပါတီက ရွေးကောက်ပွဲကော်မရှင်ထံ ကြေညာချက်ထုတ် တောင်းဆိုထားသည်။

ယခုလ (၁၃) ရက်နေ့က ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က အမတ်လောင်းတင်သွင်းမှုကို ဩဂုတ် (၁၆) ရက်မှ (၃၀) ရက်အတွင်း အပြီးတင်သွင်းကြရန် ရက်သတ်မှတ် ပေးလိုက်ပြီးနောက် နိုင်ငံရေးပါတီများမှာ အမတ်လောင်း တင်သွင်းကြေး၊ အမတ်လောင်း ရှာဖွေရေး အခက်အခဲများ ရင်ဆိုင်နေကြရသည်။

နအဖစစ်အစိုးရက ယခု ရွေးကောက်ပွဲတွင် အရပ်သားများ ပါဝင်ရွေးချယ်ခွင့်ကို နည်းနိုင်သမျှ နည်းအောင် နည်းလမ်း အမျိုးမျိုးဖြင့် တင်းကျပ်နေခြင်းဖြစ်ကြောင်း ပြည်ထောင်စုဒီမိုကရေစီပါတီက ကြေညာချက်ထုတ် ပြောဆိုလိုက်သည်။

"ဒီမိုကရက်တစ် အင်အားစုတွေဘက်က နည်းနိုင်သမျှ နည်းအောင် လုပ်ချင်တာလို့ ကျနော်တို့က သုံးသပ်ပါတယ်။ ဒီပုံအတိုင်းဆိုရင်တော့ အများကြီးတော့ ဝင်လို့ မရပါဘူး။ အဲတော့ မဖြစ်မနေ (၃) ယောက်ကတော့ ပါတီရပ်တည်ရေးအတွက် ဝင်ရမယ်လို့ ဆုံးဖြတ်ချက် ချထားပါတယ်" ဟု ပြည်ထောင်စုဒီမိုကရေစီပါတီ ဥက္ကဋ္ဌ ဦးသိန်းငွေက ပြောသည်။

အမတ်လောင်း (၁) ဦးလျှင် ကျပ် (၅) သိန်းနှင့် ရွေးကောက်ပွဲကော်မရှင်ထံ မှတ်ပုံတင်ရမည်ဖြစ်ရာ ပါတီအများစုမှာ ငွေကြေး အခက်အခဲနှင့် ရင်ဆိုင်နေကြရခြင်းဖြစ်သည်။

ပါတီမှတ်ပုံတင်ခွင့်ပြုထားသည့် ပါတီ (၄၀) တွင်လည်း ယနေ့အချိန်ထိ ပါတီဝင် စာရင်းတင်ပြပြီးသော ပါတီ (၁၇) ခုသာ ရှိသေးသည်။ သို့သော် နိုင်ငံရေးပါတီအများစု၏ အခက်အခဲများကို ရွေးကောက်ပွဲကော်မရှင်က ဖြေရှင်းပေးမှု မရှိသေးပေ။

မူလက ရည်ရွယ်ချက်တူ နိုင်ငံရေးပါတီများ စုပေါင်းပြီး ရွေးကောက်ပွဲကို ရင်ဆိုင်သွားရန် စီစဉ်ခဲ့သော်လည်း ယခု နောက်ဆုံး ထွက်လာသည့် အမတ်လောင်း တင်သွင်းရမည့် ရက်သတ်မှတ်ချက်ကြောင့် ပါတီများ စုပေါင်းလုပ်ဆောင်နိုင်စွမ်းလည်း မရှိတော့ဘဲ ဖြစ်နေသည်ဟု သိရသည်။

"ကျနော်တို့က အခု စုပေါင်းပြီးတော့ သွားဖို့ ကြိုးစားနေတဲ့အချိန်မှာ အချိန်က ကုန်မှန်းမသိဘဲ ကုန်သွားနိုင်တယ်။ အဲလို ဖြစ်တဲ့အတွက်ကြောင့် ဒီရတဲ့ အချိန်လေးအတွင်းမှာ ကျနော်တို့ ပါတီ တခုချင်းဆီကနေပြီးတော့ ထိထိရောက်ရောက် သွားထားတာက ပိုကောင်းလိမ့်မယ်လို့ ကျနော်တို့က ယူဆတယ်။ ကျနော်တို့ ပါတီ တခုချင်းကနေ ကော်မတီကို တင်တဲ့ဟာ မှန်သမျှကလည်း စာကြောင်းလေးသာ လွဲချင် လွဲသွားမယ် အဓိပ္ပာယ်ချင်းက အတူတူချည်းပါ" ဟု ဦးသိန်းဌေးက ဆိုသည်။

ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ယခု တောင်းဆိုထားသည့် အမတ်လောင်း မှတ်ပုံတင်စရိတ် လျှော့ပေးရေး၊ အမတ်လောင်း တင်သွင်းရမည့် ရက်တိုးပေးရေးတို့ကို မလိုက်လျောပါက နိုင်ငံရေးပါတီအများစုက ငွေကြေး လူအင်အား မပြည့်စုံသဖြင့် ဝင်ရောက် ယှဉ်ပြိုင်မည့် အမတ်လောင်း လျှော့ချရမည်ဖြစ်သည်။

"ပါတီတွေ စုပေါင်းပြီး တစုတစည်းတည်း သွားမယ်ဆိုတဲ့ လမ်းကြောင်းလည်း ပထမတော့ ရည်ရွယ်ပြီး စတင် ဆွေးနွေးနေကြတဲ့ လိုင်းကို ဖော်လာကြတာကိုး။ ဒါပေမယ့် အခု ရက်ပိုင်းလေးမှာ တဖွဲ့နဲ့ တဖွဲ့ အဲဒီ လမ်းကြောင်းပေါ်ကို စဉ်းစားမယ့်အချိန် သိပ်မပေးနိုင်ဘဲနဲ့ တဖွဲ့ချင်း သွားရမယ့် အနေအထားကို တက်သုတ်ရိုက်နေရတဲ့ အနေအထား ဖြစ်နေတာပေါ့။ အဲဒီပေါ်မှာကို ကျနော်တို့က အားနည်းသွားတာပေါ့ " ဟု ပြည်ထောင်စုဒီမိုကရေစီပါတီဥက္ကဋ္ဌက ဆိုသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ယခု တောင်းဆိုချက်ကို မလိုက်လျောပါက ပြည်ထောင်စု ဒီမိုကရေစီ ပါတီအနေဖြင့် ပါတီ ဆက်လက် ရပ်တည်ရေးအတွက် မဲဆန္ဒနယ် (၃) နယ်ကိုသာ ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ကြေညာသည်။

*ရွေးကောက်ပွဲမတိုင်မီ တက္ကသိုလ်စာမေးပွဲ စစ်မည်*

ဝီရ / ၁၈ ဩဂုတ် ၂၀၁၀

တက္ကသိုလ်စာမေးပွဲများကို ရွေးကောက်ပွဲကျင်းပရက် မတိုင်ခင် အပြီးသတ်စစ်ဆေးသွားရန် ယခုနှစ်စာမေးပွဲများကို စောစီးပြုလုပ်မည်ဟု သိရသည်။

တက္ကသိုလ် ဌာနမှူးတဦးက "စက်တင်ဘာ (၁၅) ရက်နေ့မတိုင်ခင် တက္ကသိုလ်ကျောင်းတိုင်း စဖြေရမယ်။ ဒါမှ အဖြေလွှာစစ်တာတို့ ပြီးရင် အဝေးသင် စာမေးပွဲ စနိုင်အောင် ပြင်ဆင်ရဦးမယ်။ နိုဝင်ဘာ (၇) ရက် မတိုင်ခင် အားလုံး ပြီးနေရမယ်လို့ ညွှန်ကြားထားတာ ရှိတယ်" ဟု ခေတ်ပြိုင်သို့ ပြောကြားသည်။

ထိုသို့ သတ်မှတ်ရက်အတွင်း အပြီးသတ်စစ်ဆေးရန် အချိန်တိုတောင်းသောကြောင့် ဆရာ ဆရာမများအတွက် အခက်အခဲဖြစ်နိုင်သည်ဟု အဆိုပါဌာနမှူးက ပြောသည်။

၎င်းက "ဒေးကျောင်းသားတွေရဲ့ အဖြေလွှာစစ်ဖို့ ဆရာတွေမှာ တပတ်ပဲ အချိန်ရတယ်လေ။ စက်တင်ဘာ နောက်ဆုံးအပတ်မှာ အပြီး စစ်ပေးရမယ်။ ပြီးတာနဲ့ အောက်တိုဘာ လဆန်းပိုင်းမှာ အဝေးသင်တွေအတွက် အနီးကပ် (၁၀) ရက် သင်ပေး၊ မေးခွန်းထုတ်၊ ဖြေပြီးရင်စစ်ဖို့ အချိန် (၁) ပတ်ကျော်ကျော်ပဲ ရှိတယ်။ အောက်တိုဘာ နောက်ဆုံးအပတ်မှာ အပြီးလုပ်ရမှာဆိုတော့ သိပ်မလွယ်ဘူး" ဟု ပြောသည်။

ရွေးကောက်ပွဲ ကျင်းပသည့်ကာလ၌ လူထုအုံကြွမှုများ ဖြစ်ပေါ်လာနိုင်၍ နအဖစစ်အစိုးရက ကြိုတင်တားဆီးသည့်အနေဖြင့် ရွေးကောက်ပွဲရက်မတိုင်မီ တက္ကသိုလ် စာမေးပွဲများကို စောလုပ်ခိုင်းခြင်း ဖြစ်နိုင်ကြောင်း ဝါရင့်နိုင်ငံရေးသမားတဦးက ပြောသည်။

"စစ်အစိုးရက ကြောက်တော့ အဲဒီရက်မတိုင်ခင် နယ်ကျောင်းသားတွေ နယ်ပြန်ရောက်စေဖို့ လူစုခွဲလိုက်တာပေါ့။ ဒီလိုလုပ်လိုက်ခြင်းအားဖြင့် အဲဒီအချိန်ကျရင် လူစုလူဝေး မဖြစ်စေအောင် ကျောင်းတွေကိုလည်း တံခါးသော့ခတ် ပိတ်ထားနိုင်တာပေါ့" ဟု ၎င်းက ပြောသည်။

စာမေးပွဲရက် စောလာခြင်းကြောင့် သင်ခန်းစာများ ပြီးစီးရန် ယခုအခါ အမြန်သင်ကြားနေကြောင်း သိရသည်။

"ကျောင်းတက်တာက ကျောင်းခေါ်ချိန် ရဖို့သက်သက်ပါ။ စာတွေပြီးပြတ်အောင်ဆိုပြီး အခု ဖိသင်နေတယ်။ ဒီနှစ် ထူးခြားတာက  ကျောင်းခေါ်ချိန် Roll Call မပြည့်ရင် အုပ်ထိန်းသူ ခေါ်ပြီး အာမခံခိုင်းရင် စာမေးပွဲ ဖြေခွင့်ပေးတယ်။ ပြီးတော့ ရွေးကောက်ပွဲ ရှိလို့ ဒီနှစ် အတန်းအောင်ဖို့လည်း သိပ်မကြပ်ဘူးလို့ ဆရာတွေက ပြောတယ်" ဟု ဒဂုံတက္ကသိုလ် ရှေးဟောင်းသုတေသန ကျောင်းသူတဦးက ပြောသည်။

ယခင်က ကျောင်းခေါ်ချိန် (၇၅) ရာခိုင်နှုန်း မပြည့်သူများကို စာမေးပွဲဖြေဆိုခွင့် မပေးရန် တင်းကျပ်စွာ စည်းကမ်းချမှတ်ထားသည်။

နအဖစစ်အစိုးရက လာမည့် နိုဝင်ဘာလ (၇) ရက်နေ့တွင် ရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ကြောင်း ကြေညာထားသည်။

*(၅) သိန်းတန် ဖုန်း အငှားဈေးကွက် ပေါ်ပေါက်*

မျိုးဝင်းဇော် / ၁၈ ဩဂုတ် ၂၀၁၀

ရန်ကုန်နှင့် မန္တလေးမြို့အတွင်း အသုံးပြု၍ရသည့် ကျပ် (၅) သိန်းတန် 800 MHz ဝိုင်ယာလက်စ် ဖုန်းများကို စစ်အစိုးရက ကျယ်ကျယ်ပြန့်ပြန့် ချပေးနေသော်လည်း ကျပ် (၅) သိန်း မသုံးစွဲနိုင်သူများအတွက် ဖုန်းအငှားဈေးကွက် ပေါ်ပေါက်နေသည်။

အလုံမြို့နယ်မှ ဖုန်းငှားစားသူတဦးက "အခု အစိုးရက (၅) သိန်းတန် ဖုန်းတွေကို လွယ်လွယ်ကူကူ ချပေးနေတယ်။ ဒါပေမယ့် ဖုန်းလည်း လိုအပ်နေပြီး ကျပ် (၅) သိန်းလည်း မတတ်နိုင်တဲ့သူတွေက အများကြီး ရှိနေသေးတယ်။ ဒါကြောင့် ဖုန်းဝယ်ပြီး ငှားစားတဲ့သူတွေ၊ ဖုန်းကို ငှားပြီး သုံးတဲ့သူတွေ ပေါ်လာတယ်။ လက်ရှိ ပေါက်ဈေးက အဲဒီဖုန်းကို ငှားရင် စဘော်ငွေ ကျပ် (၁) သိန်း ပေးထားရမယ်။ လစဉ်ကြေးက (၁) လ ကျပ် (၂) သောင်း၊ ဖုန်းပြောခကိုတော့ ဖုန်းငှားသုံးတဲ့သူက သူ့ဘာသာသူ ငွေဖြည့်ကတ် Prepaid Top-up Card တွေ ထည့်ပြီး သုံးရုံပဲ" ဟု ရှင်းပြသည်။

အချို့ ဖုန်းငှားစားသူများသည် ကျပ် သိန်း (၅၀) ရင်းပြီး ဖုန်း (၁၀) လုံးခန့် ဝယ်ထားကြကြောင်း၊ ဖုန်းငှားခ ဝင်ငွေသည် (၁) လ ကျပ် (၂) သိန်းခန့် ရှိခြင်းကြောင့် မိသားစုတစုအတွက် သင့်တော်သည့် ဝင်ငွေဖြစ်ကြောင်း၊ ငွေတိုးအားဖြင့် (၁) လ (၄) ရာခိုင်နှုန်းတိုးနှင့် ညီမျှကြောင်း ၎င်းက ပြောသည်။

လွန်ခဲ့သည့် (၈) နှစ်ဝန်းကျင်ခန့်က ထိုင်းနိုင်ငံတွင် ဘတ်ငွေ ၁၅၀ (မြန်မာငွေ ကျပ် ၅,၀၀၀ ခန့်) ပေးရသည့် ဂျီအက်စ်အမ် ဆင်းကတ်တခုကို မြန်မာနိုင်ငံ မှောင်ခိုဈေးကွက်၌ ကျပ်သိန်း (၄၀) ကျော် ဈေးပေါက်ခဲ့သည်။ ယင်းတန်ဖိုးမှာ သာမန်အဆင့် တိုက်ခန်းတခန်း ဝယ်နိုင်သည့် ငွေပမာဏနှင့် ညီမျှသည်။

မြန်မာနိုင်ငံတွင် ဆက်သွယ်ရေး လုပ်ငန်းကို စစ်အစိုးရကသာ တဦးတည်းလုပ်ကိုင်ခဲ့ပြီး အစိုးရဈေးထက် မှောင်ခိုဈေးကွက်တွင် အဆမတန်ပိုရသော ဖုန်းထုတ်ခွင့် ပါမစ်များကို စစ်အစိုးရအရာရှိများက ပြန်လည်ရောင်းချခြင်းဖြင့် ငွေကြေး အကျိုးအမြတ် ရရှိခဲ့ကြသည်။

တဖက်တွင်မူ လုပ်ငန်းသဘောအရ ဖုန်းကိုင်ရန်လည်းလို ငွေလည်း မတတ်နိုင်သူများ ရှိလာသည့်အတွက် ဖုန်းငှားစားသည့် ဈေးကွက် ပေါ်ပေါက်လာခြင်းဖြစ်သည်။

ထိုအချိန်က ဂျီအက်စ်အမ် ဆင်းကတ် ငှားရန် ကျပ်ငွေ (၂) သိန်း စဘော်တင်ရပြီး (၁) လ (၅) သောင်းနှုန်းဖြင့် (၆) လစာ တပြိုင်နက်တည်း ပေးချေရသောကြောင့် ဆင်းကတ်စတင်ငှားရမ်းသူများသည် ပွဲစားခအပါအဝင် ကျပ် (၅) သိန်းကျော် ကုန်ကျသည်။

အဆိုပါ ဂျီအက်စ်အမ် ဖုန်းများ၏ ဈေးနှုန်းမှာ ပြင်ပပေါက်ဈေးတွင် ကျပ်သိန်း (၄၀) ကျော်ရှိနေရာမှ နောက်ပိုင်း ဖုန်းချပေးမှု များလာသည့်အတွက် ကျပ် (၁၆) သိန်းခန့်အထိ ဈေးပေါက်ခဲ့ပြီး (၅) သိန်းတန်ဖုန်း အများအပြား ထုတ်ပေးသည့် ယခုအချိန်တွင်မူ ကျပ် (၁၁) သိန်း ဝန်းကျင်ခန့်သာ ပေါက်ဈေးရှိသည်။ သို့သော် အစိုးရ သတ်မှတ်ဈေးမှာ လက်ရှိ ကျပ် (၁၅) သိန်း သတ်မှတ်ထားဆဲ ဖြစ်သည်။

လောလောဆယ် စစ်အစိုးရ စာရင်းဇယားများအရ ဂျီအက်စ်အမ် ဖုန်း (၄) သိန်း (၈) သောင်းကျော်နှင့် ကျပ် (၅) သိန်းတန် စီဒီအမ်အေ ဖုန်း (၁) သိန်း (၅) သောင်းကျော် ချထားပေးပြီးဖြစ်ကြောင်း သိရသည်။

ကျပ် (၅) သိန်းတန် ဖုန်းများကို စစ်အစိုးရ မြန်မာ့ဆက်သွယ်ရေးနှင့် ဦးတေဇပိုင် အီလိုက်တက်ခ် ကုမ္ပဏီ ပါဝင်သည့် ရတနာပုံ တယ်လီပို့ ကုမ္ပဏီ ဖက်စပ်သဘော ပူးပေါင်းထုတ်လုပ်ခြင်းဖြစ်သည်။

ယခု အငှားဈေးကွက် ဖြစ်နေသည့် ကျပ် (၅) သိန်းတန် ဖုန်းများမှာ မူရင်းထုတ်ပေးသည့် မြို့ဧရိယာအတွင်း၌သာ သုံးနိုင်ပြီး အခြားမြို့များတွင် အသုံးမပြုနိုင်ပေ။

***ကိုင်းတန်း ဓာတ်ဆီဆိုင် မီးလောင်မှုဖြစ်ပွား***

စိုးမိုး / ၁၈ ဩဂုတ် ၂၀၁၀

ပုဂ္ဂလိကသို့ စီမံခန့်ခွဲခွင့် လွှဲပြောင်းပေးထားသည့် လမ်းမတော်မြို့နယ် ကိုင်းတန်း ဓာတ်ဆီဆိုင်တွင် ယနေ့မွန်းလွဲ (၃) နာရီက မီးလောင်မှု ဖြစ်ပွားသည်။

ကားကို ဆီဖြည့်နေစဉ်အတွင်း လောင်ကျွမ်းခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် အမျိုးသမီး (၁) ဦးအပါအဝင် (၃) ဦး မီးသင့်ခဲ့ကြောင်း သိရသည်။

"မိန်းကလေးက လောင်တာ တော်တော်များတယ်။ (၃) ဦးလို့ ပြောတယ်။ တိုနီထွန်းထွန်း အလှပြင်ဆိုင်နဲ့ ကပ်လျက်က ဓာတ်ဆီဆိုင်က လောင်တာ။ စဖြစ်တာက ကားနံပါတ်မှတ်တဲ့ တရုတ်ကွန်ပျူတာက လောင်တာ။ အဲဒီကမှ ဓာတ်ဆီဖြည့်နေတဲ့ ပိုက်ကို မီးလောင်သွားတာ" ဟု မီးလောင်မှုကို မျက်မြင်တွေ့သူက ပြောသည်။

အစိုးရ ဓာတ်ဆီဆိုင်များကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးပြီးချိန်တွင် စတင်ဖြစ်ပွားသည့် မီးလောင်မှုဖြစ်ပြီး အနီးပတ်ဝန်းကျင် ရပ်ကွက်များက စိုးရိမ်မှုများဖြစ်ပေါ်နေသည်။ အဆိုပါ ဓာတ်ဆီဆိုင် ဝန်ထမ်းများမှာလည်း ယခင် အစိုးရဝန်ထမ်းများ မဟုတ်ဘဲ ဝန်ထမ်းအသစ်များ ဖြစ်သည့်အတွက် အလုပ်အကိုင် မကျွမ်းကျင်သေးခြင်းကြောင့် ယခုကဲ့သို့ ဖြစ်ရကြောင်း ရန်ကုန်မြို့ခံများက ဆိုသည်။

"ဝန်ထမ်းတွေက အရင်က အစိုးရဝန်ထမ်းတွေ မဟုတ်ဘူး။ အသစ်တွေ လုပ်ငန်းက မကျွမ်းကျင်ဘူး" ဟု ကားပိုင်ရှင်တဦးက ပြောသည်။

လူ (၃) ဦး ထိခိုက် ဒဏ်ရာရရှိခြင်းမှအပ အပျက်အစီး မများကြောင်း၊ မီးလောင်ကျွမ်းပြီး မိနစ် (၂၀) ခန့်အကြာ မွန်းလွဲ (၃) နာရီ မိနစ် (၂၀) မှ ရန်ကုန်တိုင်း မီးသတ်တပ်ဖွဲ့က မီးသတ်ကား ရောက်ရှိလာကြောင်း သိရသည်။

ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်ခွင့်ပေးလိုက်သော အဆိုပါ ဓာတ်ဆီဆိုင်များသည် နံနက် (၆) နာရီမှ ည (၈) နာရီအထိ ဖွင့်လှစ်ပြီး ကားတစီးအတွက် တရက် လောင်စာဆီ (၆) ဂါလန် ရောင်းချပေးနေခြင်းဖြစ်သည်။

***မြန်မာဒုက္ခသည် ပထမဆုံး အသုတ် ဂျပန်သို့ ထွက်ခွာရန် စီစဉ်***

ရဲရင့် / ၁၈ ဩဂုတ် ၂၀၁၀

ဂျပန်နိုင်ငံမှ ပထမဆုံးခေါ်ယူသည့် မြန်မာဒုက္ခသည် (၂၇) ဦးသည် ယခုလ (၂၇) ရက်တွင် မယ်လ မြန်မာဒုက္ခသည်စခန်းမှ စတင်ထွက်ခွာမည်ဟု စခန်းဥက္ကဋ္ဌ မန်းထွန်းထွန်းက ပြောကြားသည်။

၎င်းက "ဒီလူတွေ ဒီလမှာထွက်ဖို့ သေချာသွားပြီ။ ဂျပန်အစိုးရနဲ့ နိုင်ငံတကာရွှေ့ပြောင်းနေထိုင်ရေးအဖွဲ့ (IOM) တို့အားလုံး စီစဉ်ပြီးသွားပြီ။ ဒီအစီအစဉ်ကတော့ အာရှတိုက်ရဲ့ ပထမဆုံးပဲဖြစ်တယ်" ဟု ခေတ်ပြိုင်သို့ပြောသည်။

ဂျပန်နိုင်ငံအစိုးရမှ (၃) နှစ်စီမံကိန်းဖြင့် ထိုင်း-မြန်မာနယ်စပ်ရှိ မယ်လဒုက္ခသည်စခန်းမှ မြန်မာဒုက္ခသည် (၉၀) ကို ယခုနှစ်မှစတင်ကာ တနှစ်လျှင် (၃၀) နှုန်းဖြင့် ခေါ်ယူသည့် အစီအစဉ်ဖြစ်သည်ဟုလည်း ပြောသည်။

ပထမဆုံး ဂျပန်ခရီးစဉ်အတွက် မယ်လစခန်းမှ မြန်မာဒုက္ခသည်မိသားစု (၆) စုအတွက် လူ (၃၂) ဦးရွေးချယ်ထားသော်လည်း (၅) ဦးပါ မိသားစုတစုက ခရီးစဉ်စတင်ရန် ရက်ပိုင်းအလိုတွင်မှ စိတ်မပါဟုဆိုကာ ခရီးစဉ်မှ နုတ်ထွက်သွားခဲ့သည်။

ဂျပန်သို့ ထွက်ခွာမည့်သူများထဲမှ အိမ်ထောင်ဦးစီးတဦးဖြစ်သူ စောအဲ့လယ်က "ဒီဒုက္ခသည်စခန်းမှာ နေတာကြာပြီ။ ဘာနိုင်ငံသားမှ အသိအမှတ်ပြုတာမခံရဘူး။ ဂျပန်နိုင်ငံက ဗုဒ္ဓဘာသာ ထွန်းကားလို့သွားတာပါ။ နောက်ပြီး ကျနော်တို့နဲ့လည်း ယဉ်ကျေးမှုနီးစပ်တယ်၊ ပြန်လာချင်ရင်လည်း နီးတယ်။ ဒီမှာနေပြီး မရေရာတဲ့ အနာဂတ်နဲ့ အချိန်တွေ မကုန်စေချင်ဘူး" ဟု ပြောသည်။

အဆိုပါဒုက္ခသည်များ ဂျပန်သို့ရောက်ရှိချိန်တွင် ၎င်းတို့စားဝတ်နေရေးအတွက် ဂျပန်အစိုးရမှ (၆) လ တာဝန်ယူမည်ဖြစ်ပြီး သတ်မှတ်ကာလကျော်လျှင် မိမိအစီအစဉ်ဖြင့် ရပ်တည်သွားကြရမည်ဟု သိရသည်။

ယင်းဒုက္ခသည် (၂၇) ဦးသည် ခရီးစဉ်မစတင်မီ မယ်လဒုက္ခသည်စခန်း၌ အခြေခံဂျပန်စကားပြောနှင့် ယဉ်ကျေးမှု သင်တန်းများကို တက်ရောက်ကြရပြီး ဂျပန်နိုင်ငံသို့ ရောက်ရှိချိန်တွင် အဆိုပါ သင်တန်းမျိုးအပါအဝင် လုပ်ငန်းခွင်သင်တန်းများ ထပ်တက်ရမည်ဖြစ်သည်။

ဂျပန်နိုင်ငံတွင် ဒုက္ခသည်အဖြစ် (၁၀) နှစ်ကျော်ခိုလှုံနေသည့် ကရင်လူငယ်တဦးက "မြန်မာဒုက္ခသည်တွေအနေနဲ့ အမေရိကန်၊ ဩစတြေးလျ၊ ကနေဒါနဲ့ အီးယူနိုင်ငံတွေကို ဦးစားပေးလျှောက်ပါ၊ နောက်ဆုံးမရမှ ဂျပန်ကို ရွေးပါလို့ ပြောချင်ပါတယ်။ အီးယူနဲ့အနောက်နိုင်ငံက ကိုယ့်ဘဝနဲ့ ကလေးတွေရဲ့ ပညာရေးအတွက်က ပိုပြီးအာမခံချက်များလို့ပါ" ဟု ပြောသည်။

မဲဆောက်မြို့မှ ကီလိုမီတာ (၆၀) ခန့်အကွာတွင်ရှိသည့် မယ်လဒုက္ခသည်စခန်းတွင် မြန်မာဒုက္ခသည် (၅) သောင်းခန့် နေထိုင်လျက်ရှိကာ ထိုင်း-မြန်မာနယ်စပ်တလျှောက်တွင်

မြန်မာဒင္ဂသည်စခန်း (၉) ခုရှိပြီး မြန်မာဒင္ဂသည် (၁၄၀,၀၀၀) ခန့် နေထိုင်လျက်ရှိသည်။

***ကြံ့ဖွံ့ပါတီနှင့် မဟာမိတ်ဖြစ်ကြောင်း ကချင်ပါတီ ကြေညာ***

လင်းနိုင်ဦး / ၁၇ ဩဂုတ် ၂၀၁၀



စဒက ပါတီ ဥက္ကဋ္ဌ ဒူဝါခက်ထိန်နန်

ကချင်ပြည်နယ် ကိုယ်စားပြု စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက) သည် ကြံ့ဖွံ့ပါတီနှင့် မဟာမိတ်ဖွဲ့ထားကြောင်း မြစ်ကြီးနားမြို့ခံများက ပြောသည်။

မြစ်ကြီးနားမြို့ခံ ကချင်တိုင်းရင်းသားတဦးက "သူတို့ပါတီက ထုတ်ဝေတဲ့ လက်ကမ်းစာစောင်ကို ဖတ်ရတယ်။ အဲဒီမှာ သူတို့ ပါတီ စည်းရုံးရေးမူဝါဒ၊ လမ်းစဉ်၊ ပါတီအလံ၊ တံဆိပ်နဲ့ ပတ်သက်ပြီး ရှင်းပြထားတာတွေ ပါသလို ကြံ့ဖွံ့ပါတီနဲ့ မဟာမိတ်ဖြစ်ကြောင်း အတိအလင်း ကြေညာထားတယ်။ ဆိုတော့ ဒီ ကချင်ပြည်နယ်မှာ စစ်အစိုးရပါတီနဲ့ သူ့အလိုတော်ရိ ပါတီတွေကပဲ ပြိုင်ဘက်မရှိ နိုင်ငံရေးလုပ်မယ်၊ ရွေးကောက်ပွဲဝင်မယ်၊ ဒါဟာ တရားမျှတမှု မရှိဘူးလို့ ထင်တယ်" ဟု ပြောသည်။

စဒက ပါတီ၏ ကြေညာချက်စာစောင်တွင် "စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက) သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် မဟာမိတ်အဖြစ် လက်တွဲသွားရန်နှင့် ကျန်နိုင်ငံရေးပါတီ အဖွဲ့အစည်းများနှင့်လည်း ဥပဒေဘောင်အတွင်း ပူးပေါင်းဆောင်ရွက်သွားပြီး ပြည်နယ်သူ ပြည်နယ်သားများ၏ စည်းလုံးညီညွတ်မှု အင်အားဖြင့် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းနှင့် ပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်အတွင်း ပြည်နယ်တခုအဖြစ် ရပ်တည်နိုင်ရန် ကြိုးပမ်းသွားမည် ဖြစ်ပါသည်" ဟု ဖော်ပြပါရှိသည်။

စဒက ပါတီသည် ဩဂုတ် (၂) ရက်တွင် ရွေးကောက်ပွဲကော်မရှင်မှ ပါတီမှတ်ပုံတင်ခွင့်ရရှိခဲ့ပြီးသည့်နောက် ဩဂုတ် (၇) ရက်တွင် မြစ်ကြီးနားမြို့၌ ပါတီရုံးချုပ်ဖွင့်ပွဲပြုလုပ်ကာ ဆိုင်းဘုတ်ထောင်ခဲ့ကြောင်း ကေအန်ဂျီသတင်းတွင် ဖော်ပြထားသည်။

ကချင်ပြည်နယ်တွင် ကေအိုင်အေ ခေါင်းဆောင်ဟောင်း ဒေါက်တာတူးဂျာ ဦးဆောင်သည့် ကချင်ပြည်နယ် တိုးတက်ရေးပါတီနှင့် အန်ဒီအေ (ကချင်) ခေါင်းဆောင်ဟောင်း ဦးလယောက်ဇယ်လွှန်း ဦးဆောင်သည့် ညီညွတ်သော ဒီမိုကရေစီပါတီ (ကချင်ပြည်နယ်) တို့ ပါတီတည်ထောင်ခွင့်ရရန် လျှောက်ထားခဲ့ကြသော်လည်း ရွေးကောက်ပွဲကော်မရှင်က အဆိုပါ (၂) ပါတီနှင့် ကချင်ပါတီဖြစ်သည့် ရှမ်းပြည်နယ် မြောက်ပိုင်းတိုးတက်ရေးပါတီ တို့ကို ယနေ့အချိန်ထိ ပါတီတည်ထောင်ခွင့် မပေးသေးပေ။

မှတ်ပုံတင်ခွင့်ပြုခဲ့သည့် စဒက ပါတီကိုမူ နအဖဝန်ကြီး ဦးအောင်သောင်း မြစ်ကြီးနားရောက်စဉ်တွင် ခေါ်ယူတွေ့ဆုံ ပါတီထောင်ခိုင်းခဲ့ခြင်းဖြစ်သည်ဟု သတင်းထွက်ပေါ်ခဲ့ပြီး ပါတီဥက္ကဋ္ဌ ဖြစ်သူ ဒူဝါ ခက်ထိန်နန်သည် ကချင်ပြည်နယ် ရိုးရာမနောပွဲ ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ၊ နာယက ဖြစ်သည့်အပြင် ကြံ့ဖွံ့ပါတီဝင်တဦးလည်း ဖြစ်ကြောင်း သိရသည်။

ဒူဝါ ခက်ထိန်နန် ဦးဆောင်သည့် စဒကပါတီတွင် ကောက်မတီဝင် (၂၀) ဦးခန့် ပါဝင်ပြီး အများစုမှာ စစ်အစိုးရနှင့် ပူးပေါင်းလုပ်ကိုင်နေသည့် ဒေသခံ ကချင်စီးပွားရေးသမားများ ဖြစ်ကြသည်။

ယခုကိစ္စ မြစ်ကြီးနားမြို့ခံ ကချင်လူမျိုး ခေါင်းဆောင်တဦးက "ခုဆို ကချင်ပြည်နယ်မှာ ကြံ့ဖွံ့ပါတီ၊ တစည်ပါတီ၊ ကြံ့ဖွံ့က ဖွဲ့ခိုင်းထားတဲ့ စဒက ပါတီ ဆိုပြီး (၃) ပါတီပဲ ရှိတော့တယ်။ တကယ့် ကချင်လူထု ကိုယ်စားပြုပါတီ ဆိုတာ မရှိတော့ဘူး။ ဒီတော့ ဒီရွေးကောက်ပွဲဟာ ကချင်ပြည်နယ်မှာရော မြန်မာတပြည်လုံးမှာပါ ဘယ်လိုနည်းနဲ့မှ တရားမျှတမှု မရှိနိုင်တော့ဘူး" ဟု ပြောသည်။

ထို့အပြင် ဝန်ကြီးဦးအောင်သောင်း မြစ်ကြီးနားမြို့သို့ ရောက်ရှိစဉ်က ဒေါက်တာတူးဂျာ ဦးဆောင်သည့် ကချင်တိုးတက်ရေးပါတီကို ထောက်ခံသည့် ကချင်အတိုင်ပင်ခံကောင်စီ အဖွဲ့ဝင်များကိုလည်း ကေအိုင်အေနှင့် ဆက်စပ်သည်ကို တွေ့ရှိပါက ထောင်ချပစ်မည်ဟု ခြိမ်းခြောက်သွားကြောင်းလည်း စုံစမ်းသိရသည်။

***ထိုင်းသို့ ကျောက်မီးသွေးနှင့် လျှပ်စစ် တင်ပို့နိုင်ရေး နအဖ စိုင်းပြင်း***

စိုးမိုး / ၁၇ ဩဂုတ် ၂၀၁၀



ရှမ်းပြည်နယ် မိုင်းခုတ်မှ ထိုင်းနိုင်ငံသို့ ကျောက်မီးသွေး သယ်ယူနိုင်မည့် လမ်း

ကျောက်မီးသွေး တန်သန်းချီ ထွက်ရှိသည့် ရှမ်းပြည်နယ် မိုင်းခုတ်မှ ကျောက်မီးသွေးများ တူးဖော်ထုတ်ယူရေးနှင့် ကျောက်မီးသွေးသုံးလျှပ်စစ် ထုတ်လုပ်ပြီး ထိုင်းနိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် နအဖက ရထားလမ်းဖောက်လုပ်နေပြီဖြစ်သည်။

တောတောင်ထူထပ်သည့် အပစ်ရပ် ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် ထိန်းချုပ်နယ်မြေများနှင့် ရှမ်းပြည်နယ်အတွင်းရှိ အခြားသော လက်နက်ကိုင် တိုင်းရင်းသား

တပ်ဖွဲ့နယ်မြေများအတွင်း စစ်ရေး မဟာဗျူဟာကျကျ ရထားလမ်းကို ဖြတ်သန်း ဖောက်လုပ်ထားခြင်းကြောင့် နအဖက စီးပွားရေးသာမက စစ်ရေးအတွက်ပါ ယင်းရထားလမ်းကို အသုံးပြုလာနိုင်ကြောင်း ရှမ်းလူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့များက ထောက်ပြပြောဆိုကြသည်။

"စစ်အစိုးရက ၂၀၁၀ ရွေးကောက်ပွဲကတဆင့် မြန်မာနိုင်ငံမှာ အပြောင်းအလဲတွေ ဖြစ်ပေါ်လာမယ်လို့ တကမ္ဘာလုံးကို ပြောနေပါတယ်။ တကယ့် လက်တွေ့မှာတော့ သူတို့တတွေက စစ်ကြီးဖြစ်လာအောင်ပဲ စစ်ပြင်နေတာပါ။ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်း တိုင်းပြည်တွေအနေနဲ့ ဒီစစ်ဖုန်တွေမှာ ရင်းနှီးမြှုပ်နှံ သင့်၊ မသင့် ဆိုတာကို အသေအချာ စဉ်းစားပေးပါလို့ ကျနော် သတိပေးချင်ပါတယ်" ဟု ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင် (SHRF) သုတေသီ စိုင်းပင်ခမ်းက ပြောသည်။

မိုင်းခုတ် ကျောက်မီးသွေးမိုင်းများကို ဖြတ်သန်းဖောက်လုပ်မည့် ရထားလမ်းကို အရှိန်မြှင့် ဖောက်လုပ်နေပြီး ယင်းရထားလမ်း ပြီးစီးပါက ကျောက်မီးသွေး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လုပ်ဆောင်လာနိုင်မည်ဖြစ်သည်။

နအဖက ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်ကတည်းက အဆိုပါ မိုင်းခုတ် ကျောက်မီးသွေးမိုင်းများအား ထိုင်းနိုင်ငံ ဆာရာဘူရီ ကုမ္ပဏီကို နှစ် (၄၀) တူးဖော်ခွင့် ပေးထားခြင်းဖြစ်သည်။ ထို့အပြင် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်နှင့် ထိုင်းလုပ်ငန်းရှင်တို့သည် ကျောက်မီးသွေး စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားစက်ရုံ တည်ဆောက်ရေးအတွက်လည်း ကွင်းဆင်းစစ်ဆေးပြီးဖြစ်သည်။

အဆိုပါ မိုင်းခုတ် ကျောက်မီးသွေးမိုင်းများမှ နှစ်ပေါင်း (၄၀) အတွင်း အဆင့်မြင့် ကျောက်မီးသွေးတန်ချိန် သန်း (၅၀) နှင့် အခြားသတ္တုတန်ချိန် သန်း (၁၅၀) ခန့် ထွက်ရှိနိုင်မည်ဟုလည်း ထိုင်းမှ ဆာရာဘူရီကုမ္ပဏီက ခန့်မှန်းထားသည်။

ထိုရထားလမ်း ဖောက်လုပ်မှု စီမံကိန်းကြောင့် ဒေသခံများ၏ လယ်ယာမြေများလည်း အဓမ္မ သိမ်းဆည်းခံနေရသည်ဟု ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအဖွဲ့ (SWAN) က ထောက်ပြပြောဆိုသည်။

နယ်ခြားစောင့်တပ်ဖွဲ့စည်းရေး ငြင်းဆန်ထားသည့် ၀ တပ်မတော်အပါအဝင် အပစ်ရပ်အဖွဲ့များနှင့် လက်နက်ကိုင် ရှမ်းပြည် တပ်မတော်တို့ကို နအဖစစ်တပ်က တိုက်ခိုက်လာမည်ဆိုပါက လက်နက် ရိက္ခာ ဖြည့်ဆည်းပေးမည့် စစ်ရေး မဟာဗျူဟာကျသည့် ရထားလမ်းလည်းဖြစ်ကြောင်း SWAN အဖွဲ့က ဆိုသည်။

"ဒီ ရထားလမ်းသစ်က ခရီးသည်တွေအတွက် မဟုတ်ပါဘူး။ စစ်တပ် တင့်ကားတွေ၊ တာနီးပစ် ပြောင်းတို့ အမြောက်တွေ အတွက်ပါ" ဟု SWAN အဖွဲ့မှ ယိင်းဟန်ဖက ဆိုသည်။

(၃၆၁) ကီလိုမီတာ ရှည်သည့် အဆိုပါ မိုးနဲ- ကျိုင်းတုံ ရထားလမ်းအား သံလွင်မြစ်ကို ဖြတ်ကာ တည်ဆောက်နေခြင်းဖြစ်ပြီး ရှမ်းပြည်တောင်ပိုင်းနှင့် မြောက်ပိုင်းကို ဖြတ်၍ ရှမ်းပြည်အရှေ့ပိုင်းကို ဆက်သွယ်နိုင်သည့် မဟာဗျူဟာကျသည့်လမ်းဖြစ်သည်။
http://www.khitpyaing.org/

***မြန်မာကိစ္စ စုံစမ်းရေး အမေရိကန်ထောက်ခံမှု ကင်တားနား ကြိုဆို***

By ဦးဇော်ဝင်းလှိုင် ဗုဒ္ဓဟူး, 18 ဩဂုတ် 2010

**ထပ်ဆင့် ဖြန့်ဝေရန်**

- Digg
- Facebook
- StumbleUpon
- Yahoo! Buzz
- del.icio.us

မြန်မာနိုင်ငံအတွင်း စစ်အစိုးရက ကျူးလွန်ခဲ့ဖွယ်ရှိတဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေအပေါ် ကော်မရှင်ဖွဲ့ စုံစမ်းရေးကိစ္စကို အမေရိကန်နိုင်ငံက ထောက်ခံလိုက်တဲ့အတွက် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် တောမတ်စ် အိုဟေး ကင်တားနား (Tomas Ojea Quintana) ကြိုဆိုလိုက်ပါတယ်။ အမေရိကန် ပြည်ထောင်စုက အခုလို ဆုံးဖြတ်လိုက်တာဟာ စစ်အစိုးရ အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေကို အဓိက ပစ်မှတ်ထား ဆုံးဖြတ်လိုက်တာ ဖြစ်တယ်လို့ အဆင့်မြင့် အမေရိကန် အရာရှိတွေက ပြောဆိုခဲ့တာပါ။ မစ္စတာ ကင်တားနားကို ကိုဇော်ဝင်းလှိုင်က ဆက်သွယ် မေးမြန်းပြီး တင်ပြထားပါတယ်။

မြန်မာစစ်အစိုးရက ကျူးလွန်ထားတယ်ဆိုတဲ့ စစ်ရာဇဝတ်မှုနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေကို စုံစမ်းစစ်ဆေးမယ့် ကုလသမဂ္ဂ စုံစမ်းစစ်ဆေးရေး ကော်မရှင် ဖွဲ့စည်းဖို့ ပြီးခဲ့တဲ့ မတ်လအတွင်း ဂျနီဗာမြို့မှာ ကျင်းပခဲ့တဲ့ လူ့အခွင့်အရေးကောင်စီ စည်းဝေးပွဲမှာ မစ္စတာ တောမတ်စ် အိုဟေး ကင်တားနားက တင်သွင်းခဲ့တာပါ။ သူ့ရဲ့အဆိုပြုချက်ကို သမ္မတ ဘရက်ခ် အိုဘားမား (Barack Obama) အစိုးရက ထောက်ခံမယ်ဆိုပြီး အင်္ဂါနေ့မှာ ဆုံးဖြတ်လိုက်တဲ့အပေါ် သူ့အနေနဲ့ ကြိုဆိုကြောင်း မစ္စတာ ကင်တားနားက ပြောပါတယ်။

"မြန်မာစစ်အစိုးရရဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေ၊ လူ့အခွင့်အရေး ချိုးဖောက်နေမှုတွေ ရပ်တန့်ရေး ရပ်အောင် နိုင်ငံတကာ အသိုင်းအဝိုင်းက ကြိုးစားလုပ်ဆောင်တဲ့ အနေနဲ့ ကုလသမဂ္ဂ စုံစမ်းစစ်ဆေးရေး ကော်မရှင် ဖွဲ့စည်း ဖော်ထုတ်ရေး ကျနော် ဂျနီဗာမြို့မှာ အဆိုပြု တင်သွင်းခဲ့တာကို အမေရိကန် ပြည်ထောင်စုက အခုလို ထောက်ခံလိုက်တဲ့အတွက် ကျနော် ကြိုဆိုပါတယ်။ နောက် အဲဒီအဆိုပြုချက်ကို ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံတွေကလည်း ထောက်ခံကြဖို့ အရေးကြီးပါတယ်။"

သူ့ရဲ့ အဆိုပြုချက်ကို အမေရိကန်လို အရေးပါတဲ့ နိုင်ငံတွေက တဖြည်းဖြည်း ထောက်ခံလာကြတဲ့အတွက် ဘယ်လို ကော်မရှင်မျိုး ဖွဲ့စည်းမယ်ဆိုတာ စတင်ဆွေးနွေးဖို့ လိုပြီလို့ မစ္စတာ ကင်တားနားက ပြောပါတယ်။

"အခုတော့ အနာဂတ်မှာ ဘယ်လို ကော်မရှင်မျိုး ဖွဲ့စည်းကြမယ်၊ ဘယ်လို အခြေခံ အချက်တွေအောက်မှာ ဖွဲ့စည်းမယ် ဆိုတာကို စတင်စဉ်းစားဖို့ လိုပါပြီ။ ဒါက အရေးကြီးပါတယ်။ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို ကိုင်တွယ် ဖြေရှင်းဖို့ ဘယ်လို ကော်မရှင်မျိုး ဖွဲ့စည်းမယ်ဆိုတဲ့ အချက်အပေါ် အဖွဲ့ဝင် အများစုရဲ့ ထောက်ခံမှု လိုပါတယ်။ အခုချိန်မှာတော့ ကြိုတင် ခန့်မှန်းဖို့ ခက်ခဲပါတယ်။ မတ်လတုန်းက စတင် အဆိုပြုခဲ့တဲ့ ကိစ္စက အခုချိန်ထိ စားပွဲဝိုင်းပေါ် ပြောဆို ဆွေးနွေးနေကြတုန်း ဖြစ်ပါတယ်။ မကြာခင် နယူးယောက်မြို့မှာ ကျင်းပမယ့် အထွေထွေ ညီလာခံမှာလည်း ဒီကိစ္စကို ပြောဆို ဆွေးနွေးကြဦးမှာ ဖြစ်ပါတယ်။ အခုလို ပြောဆို ဆွေးနွေးနေဖို့က အရေးကြီးပါတယ်။"

အမေရိကန်က အခုလို ကုလသမဂ္ဂ စုံစမ်းစစ်ဆေးရေး ကော်မရှင် ဖွဲ့စည်းဖို့ ထောက်ခံလိုက်တာဟာ စစ်အစိုးရ အနေနဲ့ နိုင်ငံရေး ပြိုင်ဘက်တွေကို မတရားသတ်ဖြတ်၊ ဖမ်းဆီး နှိပ်စက်မှုတွေ လုပ်ခဲ့တာတွေအပေါ် ပြင်းပြင်းထန်ထန် အရေးယူသွားမယ့် ပေါ်လစီလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ပြုပြင် ပြောင်းလဲမှုတွေ ဖြစ်လာအောင်၊ နိုင်ငံရေး အကျဉ်းသားတွေ လွတ်မြောက်လာအောင် ဖိအားပေးတဲ့ အနေနဲ့ စစ်အစိုးရအပေါ် လက်ရှိ ချမှတ်ထားတာတွေထက် ပိုမိုပြင်းထန်တဲ့ ဘဏ္ဍာငွေကြေးအရ အရေးယူ ပိတ်ဆို့မှုတွေကို ချမှတ် လုပ်ဆောင်သွားဖို့ အမေရိကန် အစိုးရက စဉ်းစားနေတယ်လို့လည်း အမည်မဖော်လိုတဲ့ အစိုးရ အရာရှိတဦး ပြောတာကို ကိုးကားပြီး ဒီကနေ့ထုတ် The Washington Post သတင်းစာထဲမှာ ဖော်ပြထားပါတယ်။

အမေရိကန်က အခုလို ဆုံးဖြတ်ချက် ချလိုက်တဲ့အပေါ် သူတို့အနေနဲ့ ကြိုဆို ထောက်ခံကြောင်းနဲ့ မြန်မာပြည် အရေးမှာ ဒါဟာ ထူးခြားတဲ့ တိုးတက်ပြောင်းလဲမှုတခု ဖြစ်တယ်လို့ ဗြိတိန်နိုင်ငံ အခြေစိုက် မြန်မာ့အရေး ဆောင်ရွက်နေတဲ့ Burma Campaign UK အဖွဲ့က ညွှန်ကြားရေးမှူး မာ့ခ် ဖာမနာ (Mark Farmaner) က ပြောပါတယ်။

“စုံစမ်းစစ်ဆေးရေး ကော်မရှင် ဖွဲ့နိုင်ဖို့ ကြိုးစားနေကြတဲ့ အထဲမှာ ဒါဟာ အင်မတန် ထူးခြားတဲ့ ပြောင်းလဲမှုတခုလို့ ကျနော်တို့ ယူဆပါတယ်။ အမေရိကန်က နိုင်ငံရေးအင်အား ပိုရှိတော့ ဒီလို ထောက်ခံလိုက်ပြီဆိုတော့ တိုးတက်မှုတွေ ဖြစ်ပေါ်ဖို့ ကျနော်တို့ စတင် လုပ်ဆောင်နိုင်ပါပြီ။ ကော်မရှင် ဖွဲ့စည်းဖို့ကိုစွ တိတ်တဆိတ် ထောက်ခံလိုတဲ့သူတွေ ရှိပေမဲ့ ရှေ့က ဦးဆောင်တဲ့ အခန်းကဏ္ဍကနေ ထွက်မလုပ်ချင်တဲ့ နိုင်ငံတွေ အများကြီး ရှိတယ်ဆိုတာ ကျနော်တို့ သိပါတယ်။ အခု အမေရိကန် ပါလာပြီဆိုတော့ သူတို့လည်း လူသိရှင်ကြား ထောက်ခံလာကြလိမ့်မယ်လို့ ကျနော်တို့ မျှော်လင့်ပါတယ်။”

ကုလသမဂ္ဂ အထွေထွေ ညီလာခံကို လာမယ့် စက်တင်ဘာလအတွင်း နယူးယောက်မြို့မှာ ကျင်းပမှာ ဖြစ်ပါတယ်။ မစ္စတာ ကင်တားနား အနေနဲ့ အဲဒီ အထွေထွေ ညီလာခံမှာ တင်ပြနိုင်ဖို့ အစီရင်ခံစာကို အခု စတင် ရေးသားနေပြီး အောက်တိုဘာလ ၂၀ ရက်နေ့မှာ တင်သွင်းမယ်လို့ ဆိုပါတယ်။

ဘယ်လို ကော်မရှင်မျိုး ဖွဲ့စည်းဖြစ်မယ် ဆိုတာကတော့ အဖွဲ့ဝင်နိုင်ငံ အသီးသီးရဲ့ တုံ့ပြန်လာမှုတွေ၊ တင်ပြချက်တွေကို စောင့်ကြည့်ပြီးမှ အများသဘောတူ ဆုံးဖြတ်ရမှာ ဖြစ်တယ်လို့ မစ္စတာ ကင်တားနားက ပြောပါတယ်။

http://www1.voanews.com/burmese/news/

**ရွေးကောက်ပွဲ ဆန့် ကျင်ရေး လှုပ်ရှား မှုများ စတင်**
August 18, 2010 Freedom News Group

စစ်အစိုးရ မှ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့ တွင် ကျင်းပမည့် ရွေးကောက် ပွဲ အား မဲမပေးရန် နှင့် အစွမ်း ကုန် တိုက် ဖျက် ပြစ်ရန် ဆန့် ကျင်သည့် စာများ အား ပဲခူး မြို့ နှင့် မန္တလေးမြို့ တို့ တွင် ယနေ့ နေ့ လည် ပိုင်းက လူငယ် များ က လိုက် လံ ဝေငှ ကြောင်း သိရသည်။

ပဲခူး မြို့ လည် တစ်ဝိုက် တွင် ဝေငှာ သော စာများ ထဲ ၌ ဒေါ်အောင်ဆန်းစုကြည် မပါသည့် ရွေးကောက် ပွဲ သည် အတု အယောင် ရွေးကောက် ပွဲ သာ ဖြစ်ကြောင်း ဖော်ပြထားသည်။

စစ်အစိုးရ က ရွေးကောက် ပွဲ ကျင်းပရန် အတွက် တက္ကသိုလ်စာမေးပွဲ များ စော၍ စစ်ခြင်း ကြောင့် ကျောင်းသား အချို့ မှာ လည်း မကျေမနပ် ဖြစ်ကြသည်။

ဩဂုတ်လ ဒုတိယ ပတ် - ရန်ကုန်ရှုခင်း

*လမ်းလျှောက်ဂျာနယ်လစ်၊ ရန်ကုန်*

*ဩဂုတ် ၁၉၊ ၂၀၁၀*

(ရွေးကောက်ပွဲ နဲ့ အနိုပ်ခန်း … စသည် စသည် …)

*ရွေးကောက်ပွဲ နဲ့ လူထုရဲ့ နိုင်ငံရေး စိတ်ဝင်စားမှု*

ပြည်တွင်းမှ သတင်းဂျာနယ်တွေ တချို့မှာ လူထုဟာ နိုင်ငံရေးကို စိတ်ဝင်စားပါတယ်၊ အိမ်ရှင်မတွေလည်း နိုင်ငံရေးကို စိတ်ဝင်စားပါတယ်လို့ ဂျာနယ်များမှာ ရေးသားဖော်ပြကြပြီး တချို့သော ဂျာနယ်တွေမှာ ဝက်ဆိုက်တွေမှာ ရေဒီယိုတွေမှာ နိုင်ငံရေးကို ရွေးကောက်ပွဲကို စိတ်မဝင်စားဘူးဆိုတာမျိုးလည်း တစ်ခုနဲ့ တစ်ခု ဆန့်ကျင်နေတဲ့ ဖော်ပြချက်မျိုးတွေ ဖတ်ရှုနေရပါတယ်။

မြန်မာပြည်သူတွေဟာ တကယ်ပဲ နိုင်ငံရေး စိတ်ဝင်စားကြသလား၊ စိတ်မဝင်စားကြဘူးလားဆိုတာ တိတိကျကျ ကိန်းဂဏန်းနဲ့ စစ်တမ်းကောက်ယူပြီး ပြောဆိုဖို့မလွယ်တဲ့အတွက်ကြောင့် အခုလို စိတ်ဝင်စားတယ်၊ စိတ်ဝင်စားမှု မရှိဘူး၊ နည်းတယ် စသဖြင့် ကွဲပြားစွာ ဖော်ပြနေကြတဲ့ အဖြစ်တွေ ပေါ်ထွက်လာရတာပါ။ အခြားနိုင်ငံတွေမှာလို ဘယ်အဖွဲ့အစည်းကို ထောက်ခံသလဲ၊ ရွေးကောက်ပွဲကို စိတ်ဝင်စားမှု ရှိမရှိ စသဖြင့် လူထု သဘောထား စစ်တမ်းကို မီဒီယာ အနေနဲ့ရော စစ်တမ်းကောက်ယူတဲ့ အဖွဲ့အနေနဲ့ပါ လုပ်ဆောင်ခွင့် မရှိရာကနေ အခုလို လက်လှမ်းမှီရာ လူအစုအဖွဲ့လေးကိုပဲ မေးမြန်းပြီး ရေးသားနေကြရတာ ဖြစ်ပါတယ်။

နောက်တစ်ချက်ကလည်း ပြည်တွင်း မီဒီယာတွေမှာ `ရွေးကောက်ပွဲကို လုံးဝ စိတ်ဝင်စားမှုမရှိဘူး၊ ဘာကြောင့်လဲဆို အခြေခံဥပဒေက တရားမျှတမှု မရှိလို့၊ ရွေးကောက်ပွဲ ဥပဒေက မျှတမှုမရှိလို့၊ လူထုထောက်ခံတဲ့ အန်အယ်လ်ဒီက ရွေးကောက်ပွဲမှာမပါလို့ စိတ်မဝင်စားဘူး၊ မဲသွားပေးမှာ မဟုတ်ဘူး´ ဆိုတဲ့အဖြေမျိုး ရေးသားရင် စာပေစိစစ်ရေးက ဖြုတ်ပယ်ရုံတင်မက အဲဒီအရေး အသားမျိုးရေးပြီး စိစစ်ရေးဆီ တင်တဲ့အတွက် သတိပေးခံရဖို့ သေချာသလောက်ရှိပါတယ်။

ကျွန်တော်လည်း `ဆာဗေး´တွေ စစ်တမ်းတွေ မလုပ်နိုင်ပါဘူး။ သူများနိုင်ငံလို ဖုန်းနဲ့လှမ်းဆက်ပြီး လူ၅ရာ တထောင်လုပ်ဖို့ နေနေသာသာ ကိုယ့်အနီးပတ်ဝန်းကျင်က ၅၀ လောက်တောင် မေးဖို့ လွတ်လပ်ခွင့်မရှိပါ။ အဲလိုဆိုတော့ ကျွန်တော် ပတ်ဝန်းကျင်မှာ လက်လှမ်းမှီသလောက်ကို တီးခေါက်ကြည့် မေးမြန်းကြည့်တဲ့ နည်းပဲ သုံးရပါတယ်။ အဲလိုနည်းမျိုးသုံးလို့ ရလာတဲ့ ရလဒ်ကိုလည်း မြန်မာတစ်နိုင်ငံလုံးနဲ့ ယှဉ်ပြီး မှန်လိမ့်မယ်လို့ မဆိုချင်ပါ။ ရန်ကုန် အသိုင်းအဝိုင်း၊ ကျွန်တော်ကျင်လည်တဲ့ အလွှာက အမြင်တွေကို ကိုယ်စားပြုတယ်လို့ပဲ ဆိုနိုင်ပါလိမ့်မယ်။

ကျွန်တော် မေးမြန်းကြည့်ရသမျှထဲမှာတော့ အိမ်ရှင်မပဲ ဖြစ်ဖြစ်၊ ကုမ္ပဏီ ဝန်ထမ်းပဲ ဖြစ်ဖြစ်၊ တက္ကသိုလ်ကျောင်းသားပဲ ဖြစ်ဖြစ် ဒေါ်အောင်ဆန်းစုကြည်၊ အန်အယ်လ်ဒီ၊ သန်းရွှေရဲ့ စစ်အစိုးရ တို့ရဲ့ သဘောသဘာဝကို ယေဘုယျကျကျ သိကြပါတယ်။ ဘဝနဲ့ အတွေ့အကြုံနဲ့ ယှဉ်ပြီးလည်း သိကြပါတယ်။

အိမ်ရှင်မတွေ အနေနဲ့လည်း ကမောက်ကမဖြစ်နေတဲ့ လူနေမှု စရိတ်ကြီးမြင့်တာ၊ ငွေဖောင်းပွပြီး ငွေရှာရခက်တဲ့ခေတ်ကို လက်တွေ့ အသိနဲ့သိလို့ ဒီလိုအခြေအနေကနေ ပြောင်းလဲစေချင်ကြပါတယ်။ စစ်အစိုးရရဲ့ ဝါဒဖြန့်တာတွေ၊ မစားရဝခမန်း တီဗွီတွေမှာ ပြောနေတာတွေကို သူတို့မယုံကြည်ကြပါဘူး။ ၂၀၀၈ အခြေခံ ဥပဒေကို မဖတ်ဖူးလို့ နားမလည်ပေမယ့် လက်ရှိအစိုးရက အတိုက်အခံတွေကို ချည်ပြီးတုပ်ပြီး ရွေးကောက်ပွဲဝင်ပြိုင်ခိုင်းတဲ့ အဖြစ်ကိုတော့ နားလည်ကြပါတယ်။ ဒါကြောင့် သူတို့အနေနဲ့ ရွေးကောက်ပွဲကျင်းပခြင်းကနေ သာမန်လူအများစုကြီးအတွက် ကောင်းတဲ့ အပြောင်းအလဲတွေ ဖြစ်လာစေနိုင်မယ်လို့ မမျှော်လင့်လို့ ရွေးကောက်ပွဲကို စိတ်မဝင်စားပဲ ရှိတာပါလို့ ပြောကြပါတယ်။ နိုင်ငံရေး စကားလုံးတွေနဲ့ မေးရင်တော့ နိုင်ငံရေးကို စိတ်မဝင်စားဘူးလို့ ပြောမှာဖြစ်ပေမယ့် လူနေမှု ဘဝ၊ လက်တွေ့ဘဝနဲ့ ယှဉ်တဲ့နိုင်ငံရေး အသိတော့ ရှိပြီးသားဖြစ်တာ တွေ့ရပါတယ်။

အဲလိုပဲ ကုမ္ပဏီ ဝန်ထမ်းတွေထဲက တချို့ကိုမေးမြန်းကြည့်ရင်တဲ့အခါ နိုင်ငံရေးပါတီတွေ ၊ အဖွဲ့နာမည်တွေ သေသေချာချာ မသိပေမယ့် ဒီရွေးကောက်ပွဲကြောင့် မြန်မာပြည်စီးပွားရေးတွေ ကောင်းမွန်လာမယ်၊ လာဘ်စားမှုတွေ လျော့နည်းသွားလိမ့်မယ်၊ ဆွေးမျိုးကောင်းစားရေးတွေ ပပျောက်သွားမယ်လို့ မယုံကြည်ကြဘူး လို့ဆိုပါတယ်။ မဲမပေးပဲ နေလို့မဖြစ်ခဲ့ရင် မဲပေးတောင်မှ ကြံ့ဖွတ်ကိုတော့ မပေးဘူးလို့ သူတို့ကပြောပါတယ်။ ဒါက ကုမ္ပဏီ ဝန်ထမ်းတချို့ရဲ့ အမြင်တွေပါ။

ရန်ကုန်က တက္ကသိုလ်ကျောင်းသူတွေထဲမတော့ စစ်အစိုးရကို ထောက်ခံသူ ရှာမှရှားဆိုရလောက်အောင် တွေ့ရခဲပါတယ်။ တက္ကသိုလ်ကျောင်းသူ အများစုအနေနဲ့ လက်ရှိကားတင်သွင်းခွင့် ချုပ်ကိုင်ထားတဲ့အချက်၊ ခေါင်းစဉ်များပြားလွန်းလှတဲ့ အခွန်တွေ နဲ့စီးပွားရေးကြပ်တည်းမှုတွေဟာ စစ်အစိုးရရဲ့ တလွဲစီမံခန့်ခွဲမှုကြောင့် ဆိုတာနားလည်ကြပါတယ်။

ရွေးကောက်ပွဲ ဥပဒေထွက်ရှိခါစက သတင်းစာမှာပါတဲ့ ရွေးကောက်ပွဲဥပဒေ အချပ်ပိုကို ကားမောင်းသူနဘေးမှာ ချထားတဲ့ မောင်းသူတဦးကိုဆုံဖူးပါတယ်။ သူ့ကို ရွေးကောက်ပွဲကို စိတ်ဝင်စားလားလို့ မေးကြည့်တဲ့အခါ "သူတို့လုပ်မယ့်ရွေးကောက်ပွဲက ဘယ်လိုအကျိုးထူးမလဲလို့ ဖတ်ကြည့်တာပေါ့ဗျာ၊ အခုတွေ့တာကတော့ အန်အယ်လ်ဒီကို ချုပ်ထားပြီး ပြေးခိုင်းတာနဲ့တူနေတာပဲ၊ ဒေါ်အောင်ဆန်းစုကြည်ကိုလည်း ဝင်မပြိုင်နိုင်အောင် လုပ်ထားတာ အဲဒီမှာတွေ့တယ်"လို့ ပြောပါတယ်။

ဝန်ထမ်းကနေထွက်လိုက်တဲ့သူ၊ ပင်စင်ယူပြီး အငှားကားဝင်မောင်းနေသူ၊ စစ်တပ်ထဲမှာ အနှစ် ၂၀လောက်လုပ်ပြီး ဆေးပင်စင်ယူပြီး အငှားကားမောင်းနေသူတွေလည်း ဆုံဖူးပါတယ်။ သူတို့နဲ့ ပြောဆိုကြည့်တဲ့အခါ စစ်အစိုးရရဲ့ လုပ်ပုံကိုင်ပုံတွေ နည်းလမ်းမကျတာ၊ လူအများစုက ခက်ခက်ခဲခဲ ရပ်တည်နေကြရတာကို ကြားနေမြင်နေရတာတွေကြောင့် စစ်အစိုးရရဲ့ လမ်းစဉ်ကိုမထောက်ခံကြတော့ပါဘူး။

ဒီအချက်တွေဟာ လူထုက နိုင်ငံရေးကို စိတ်ဝင်စားတယ်၊ ဒါပေမယ့် ရွေးကောက်ပွဲကနေပြီး အပြောင်းအလဲ ကောင်းတဲ့အပြောင်းအလဲမျိုးကိုတော့ ဘာမှ မျှော်လင့်မထားကြဘူး လို့ဆိုနိုင်တဲ့ အချက်တွေပါ။

### *အဖမ်းအဆီးများလွန်းလို့ ရန်ကုန်မှာ အနှိပ်ခန်းတွေ ပိတ်ထားကြ*

အဖမ်းအဆီး ကြမ်းလွန်းတာကြောင့် အခု သီတင်းပတ်တွေအတွင်း အလှပြင်ခန်းလို့ အမည်ပေးထားတဲ့ အနှိပ်ခန်းတွေ ရပ်နားထားကြပြီး တချို့လည်း ဝန်ထမ်းတွေကို သူတို့နေထိုင်ရာ နယ်မြို့တွေဆီ ပြန်လွှတ်နေကြတာ တွေ့မြင်နေရပါတယ်။

မနေ့ကပဲ ကျောက်တံတားမြို့နယ်ထဲက အလှပြင်ဆိုင်လို့ ဆိုင်းဘုတ်တပ်ထားပြီး အနှိပ်ခန်းလုပ်ကိုင်နေတဲ့ ဆိုင်တဆိုင်မှ မိန်းကလေး ၆ယောက် ၇ ယောက်အထုပ်တွေ အပိုးတွေနဲ့ အငှားကားပေါ် တက်နေကြပါတယ်။ သူတို့ နေထိုင်ရာ နယ်မြို့တွေကို ခေတ္တပြန်ကြတာလို့ သိရပါတယ်။

ပြီးခဲ့တဲ့ သီတင်းတပတ်လုံးလုံး အနှိပ်ခန်းတော်တော်များများ မဖွင့်ပဲ နားထားကြပါတယ်။ ဒီနှစ်ထဲမှာ ပြောင်းလာခဲ့တဲ့ ရန်ကုန်တိုင်းရဲ့မှူးကြီး အောင်ဒိုင်းက အနှိပ်ခန်းတွေဖမ်းဆီးဖို့ ညွှန်ကြားထားလို့ပါတဲ့။ ခါတိုင်း သိပ်ဝင်မဖမ်းတဲ့ ကေတီဗီ (ကာရာအိုကေ တီဗီ) ဆိုင်တွေတောင် ဝင်စစ်ဆေးပြီး သီချင်းကူဆိုပေးတဲ့ မိန်းကလေး ဝန်ထမ်းရှိရင် အရေးယူတယ်လို့ ရန်ကုန်မြို့က ရှေ့နေတွေက ပြောပါတယ်။

စီးပွားရေး ကြပ်တည်းလာတာကြောင့် နယ်မြို့တွေက မိန်းကလေးငယ်တွေဟာ အလှပြင်ဆိုင်မှာ လုပ်ဖို့၊ ဒါမှမဟုတ် အနှိပ်ခန်းမှာလုပ်ဖို့ မြို့ပေါ်ရောက်လာကြပါတယ်။ ဒီနှစ်ပိုင်းတွေမှာ မြို့ပေါ်မှာလည်း သက်ဆိုင်ရာ လုံခြုံရေး အာဏာပိုင်တွေ ဖြစ်တဲ့ ရဲ၊ စရဖ၊ ရယကတို့ကို လာဘ်ထိုးပြီး အနှိပ်ခန်း၊ ကေတီဗီဖွင့်မယ့်သူ အများအပြား ပေါ်လာပါတယ်။ ရေတိုစီးပွားရေး လုပ်ငန်းဖြစ်ပေမယ့် အမြတ်ကောင်းတဲ့ လုပ်ငန်းဖြစ်လို့ အခန်းငှားပြီး အလှပြင်ဆိုင် (မြူဇီဆလွန်း) လို့ဆိုင်းဘုတ်တင်ထားတဲ့ အနှိပ်ခန်းတွေ ရန်ကုန်မှာ ရာထောင်ချီပေါ်လာပါတယ်။

မြို့နယ်တစ်မြို့နယ်ထဲမှာ အနှိပ်ခန်းပေါင်း အနည်းဆုံး ဆယ်ဂဏန်းမှ အများဆုံး ရာဂဏန်းအထိ ရှိတယ်လို့ ရယက နဲ့ရဲတွေဆီက ရတဲ့ စာရင်းများအရသိရပါတယ်။ အနှိပ်ခန်းလုပ်ကိုင်သူ အချို့ဟာ အနှိပ်ခန်းတွေကို ၆ လတစ်ခါလောက် နေရာရွှေ့ပြောင်းလေ့ရှိပါတယ်။

နယ်မြို့တွေမှာ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးပြီး စီးပွားရေးကြပ်တည်းတဲ့ အချက်ကြောင့် မြို့ပေါ်က အနှိပ်ခန်းထောင်သူတွေ လုပ်အားခ သက်သာစွာနဲ့ အနှိပ်သမ လိုသလောက် စုဆောင်းနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ မြို့ပေါ်မှာလည်း အခြားရေရှည် ရင်းနှီးမြှုပ်နှံပြီးလုပ်ကိုင်တဲ့ အသေးစား စီးပွားရေး လုပ်ငန်းတွေ လုပ်ကိုင်ရခက်ခဲတာကြောင့် အနှိပ်ခန်းလို ပေါ်ပင်စီးပွားရေး လုပ်ငန်းလုပ်ကိုင်သူ များလာနေတာလည်း ဖြစ်ပါတယ်။




လှည်းကူးမြို့နယ်တွင် ကြံ့ဖွံ့ပါတီက ၂၀၁၀ ရွေးကောက်ပွဲအတွက် မဲများဝယ်ယူနေကြောင်း
လမ်းပြကြယ်ဦးအေးမြင့် ထံ ပြည်သူတို့ သတင်းပို့
*မိုးမခအထောက်တော် ၀၀၃*
*ဩဂုတ် ၁၈၊ ၂၀၁၀*

ရုပ်မြင်သံကြားမှတ်တမ်းဖြင့် လှည်းကူးမြို့နယ်၊ ကျေးရွာတခုရှိ လယ်ကူလီတဦး၏ ကိုယ်တိုင်ထုတ်ဖော်ပြောဆိုရာတွင် စစ်အစိုးရ၏ ပုံစံပြောင်းထားသော နိုင်ငံရေးပါတီ ကြံ့ဖွံ့က နယ်များတွင် ငွေချေးပြီးဖြစ်စေ၊ တဖက်လှည့် စည်းရုံး၍ ဖြစ်စေ ပါတီဝင်များ ဖြစ်လာရန်၊ ကြံ့ဖွံ့ပါတီကိုသာ မဲပေးရန် အတင်းအကြပ် ဆောင်ရွက်မှုများ ရှိနေကြောင်း ပြောကြားထားသည်ကို တွေ့ရသည်။ ထိုရုပ်သံမှတ်တမ်းကို မိုးမခ ယူကျု ချယ်နယ်က သည့်နေရာမှာ ကြည့်နိုင်ပါပြီ။ http://www.youtube.com/watch?v=swWUirRxTW0




ကာတွန်းမောင်ရစ် - ဘယ်မြန်မာပြည်အတွက် ရွေးကောက်ပွဲလဲ ... နှင့်အတွက်လား၊ ငါ့ဟာလား

သြဂုတ် ၁၈၊ ၂၀၁၀

## စစ်အစိုးရရွေးကောက်ပွဲကို အာဆီယံ ကြိုဆို

AFP သတင်းဌာန

သြဂုတ် ၁၈၊ ၂၀၁၀


အာဆီယံ အစည်းအဝေး တခုတွင် အသင်းဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များ ဓာတ်ပုံဆရာကို အမူအယာပေးနေကြပုံ

မြန်မာအစိုးရက နိုဝင်ဘာ ၇ တွင် ရွေးကောက်ပွဲကျင်းပရန် စီစဉ်လိုက်ခြင်းကို အာဆီယံ ခေါ် အရှေ့တောင်အာရှနိုင်ငံများအသင်းက အင်္ဂါနေ့တွင် ကြိုဆိုလိုက်သည်။ အနောက်နိုင်ငံများကမူ ထိုရွေးကောက်ပွဲမှာ တင်းကျပ်ဖိနှိပ်သည့် အခြေအနေအောက်တွင် ပြုလုပ်မည်ဖြစ်သည်ဟု ဆိုထားသည်။ အနှစ် ၂၀ အတွင်း ပြုလုပ်မည့် ရွေးကောက်ပွဲ နေ့ရက်ကို သောကြာနေ့တွင် မြန်မာစစ်အစိုးရက ကြေညာခဲ့ခြင်း ဖြစ်သည်။

"မြန်မာအစိုးရ၏ ဤဆုံးဖြတ်ချက်ကို အာဆီယံက ကြိုဆိုလိုက်သည်" ဟု အာဆီယံအသင်း၏ လက်ရှိ ဥက္ကဋ္ဌ ဗီယက်နမ်နိုင်ငံက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အာဆီယံတွင် ၁၀ နိုင်ငံ ပါဝင်ပြီး မြန်မာနိုင်ငံသည်လည်း အသင်းဝင် နိုင်ငံ တခု ဖြစ်သည်။

"ဒီမိုကရေစီ နှင့် အမျိုးသား ပြန်လည် သင့်မြတ်ရေးအတွက် လမ်းပြမြေပုံ ဖော်ဆောင်ရေး အစီအစဉ်ကို ဆက်လက် လုပ်ဆောင်ရန် အာဆီယံက မြန်မာအစိုးရကို တိုက်တွန်းလိုက်သည်" ဟု ကြေညာချက်တွင် ဆိုထားသည်။

လွတ်လပ် မျှတပြီး အားလုံး ပါဝင်နိုင်ရေးက အရေးကြီးကြောင်းလည်း ကြေညာချက်တွင် ဆိုထားသည်။

နိုဝင်ဘာ ၇ ရက်နေ့သည် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ မလွတ်မြောက်မီ တပတ်သာ လိုသည့် အချိန် ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်၏ ပါတီသည် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော်လည်း အစိုးရ ဖွဲ့ခွင့် မရခဲ့ပေ။ ပြီးခဲ့သည့် အနှစ် ၂၀ အတွင်း ဒေါ်စုသည် အများအားဖြင့် ထိန်းသိမ်းခံနေရသည်။ ယခု အထိန်းသိမ်းခံနေဆဲ ဖြစ်သောကြောင့် ရွေးကောက်ပွဲတွင် ပါဝင်ခွင့်ရရေး တားဆီးခံနေရသည်။

ဗြိတိန်၊ အမေရိကန်၊ ကနေဒါတို့က နိုဝင်ဘာ ၇ ရွေးကောက်ပွဲသည် နိုင်ငံရေး ဖိနှိပ်မှု အခြေအနေများအောက်တွင် ပေါ်ပေါက်လာမည်ဖြစ်သည်ဟု ဆိုထားကြသည်။

အာဆီယံ ကြေညာချက်တွင် "လိုအပ်ပါက မြန်မာအစိုးရကို အကူအညီ ပေးရန်" အဆင်သင့် ရှိကြောင်း ဖော်ပြထားသည်။

အာဆီယံတွင် အသင်းဝင် နိုင်ငံတို့၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်မှု မပြုရန် မူဝါဒ ချထားသည်။

သို့သော်လည်း ဒီမိုကရေစီ ပိုမို ထွန်းကားသော အသင်းဝင်နိုင်ငံတို့ အတွက်မူ မြန်မာ့အရေးကြောင့် အရှက်ရဖွယ် ဖြစ်နေသည်။

## နာရေးကူညီမှု အသင်းမှ အမျိုးသမီးတို့၏ လှုပ်ရှားမှု

ဓာတ်ပုံသတင်း

သြဂုတ် ၁၈၊ ၂၀၁၀


(ဓာတ်ပုံများ- ffssyangon)

နာရေးကူညီမှု အသင်း (ရန်ကုန်) ၏ နာရေး၊ ဆေးဝါး ကုသမှု၊ တခြားသော လူမှုရေး လုပ်ငန်းရပ်များတွင် အမျိုးသားများနှင့် တန်းတူ အမျိုးသမီးများသည်လည်း တက်တက်ကြွကြွ ပေးဆပ်လျက် ရှိပါသည်။



ပေါ်ပြူလာဂျာနယ် အယ်ဒီတာချုပ် ကိုမျိုး(မြန်မာစာ) ၏ အဒေါ်ဖြစ်သူ မကြာသေးမီက ကွယ်လွန်သွားရာ နာရေးစျာပန လမ်းကြောင်းတွင် အသင်း ၏ အတွင်းရေးမှူး ဒေါ်သန်းမြင့်အောင်၊ ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေ (ခ) ဒေါ်ရွှေဇီးကွက်တို့ ဦးဆောင်၍



အသင်းသူ/သားများက ရေဝေးသို့ လိုက်လံ သယ်ယူ ပို့ဆောင် သင်္ဂြိုဟ်ပေးခဲ့သည်။

ဘဝတစ်ပါးသို့ ပြောင်းသွားသူသည် အသက် (၈၀) ကျော်ပြီဖြစ်သည်။ ဒေါ်ရွှေဇီးကွက်က ဂျပန်နိုင်ငံရောက် မြန်မာလူမျိုး ကိုဗညား လှူဒါန်းထားသော အထူးနိဗ္ဗာန်ယာဉ်ကို နာရေးနေအိမ်မှ မောင်းနှင်ပေးခဲ့သည်။






ထို့ကြောင့် လူမှုရေးလုပ်ငန်း လုပ်ဆောင်ရာတွင် ပေးဆပ်မှုအသီးသီးတို့သည် မည်မျှပင် ခက်ခဲခြင်း၊ ကြမ်းတမ်းခြင်း၊ အနောက်အယှက်များခြင်း၊ ရာသီဥတုဒဏ် ပြင်းထန်ခြင်း ရှိစေကာမူ နာရေး ကူညီမှု အသင်း(ရန်ကုန်) ရှိ လူမှုရေးသမား အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူ ကိုယ်ကျိုးစွန့်၍ အများပြည်သူတို့ အတွက် ပေးဆပ် ဆောင်ရွက်လျက် ရှိသည်ကို တွေ့ရသည်။




http://www.moemaka.com/

## လူ့စိတ်ဝင်စားမှုနည်းပါးတဲ့(၂၀၁၀)ရွေးကောက်ပွဲ

Kaowao ကောင်းဝါ

ဝါခေါင်လဆန်း ၈၊ ၁၃၇၂။ ဩဂုတ်၊ ၁၁၊ ၂၀၁၀။

မြန်မာစစ်အစိုးရမှ နိဝင်ဘာလ(၇)ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးမည်ဟု ကြေညာ ခဲ့သလို တဖက်တွင်လည်း နိုင်ငံရေးပါတီများအနေနှင့် ပါတီစည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်နေခြင်း များလည်း ရှိပါသည်။ မွန်ပြည်နယ်အစွန်ဆုံး ရေးမြို့နယ်ဘက်တွင် နိုင်ငံရေးပါတီ(၃)ခုမှ အပြိုင်အဆိုင်မဲ ဆွယ်စည်းရုံးမှု ပြုလုပ်နေသည်ဟု သိရပါသည်။ အဆိုပါနိုင်ငံရေးပါတီများလှုပ်ရှားမှုနှင့်ပက်သက်၍ ရေးမြို့နယ်နေ နိုင်ငံရေးစိတ်ဝင်စားသူတစ်ဦးဖြစ်သော နိုင်သုဝဏ္ဏကို ကောင်းဝါသတင်းဌာနမှ အောက်ပါအတိုင်း ဆက်သွယ်

မေးမြန်းခဲ့ပါသည်။

**မေး။** ။ အခု ရေးမြို့နယ်နဲ့ တခြားဆက်စပ်ရာမြို့နယ်တွေမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီရဲ့ လှုပ်ရှား မှုအခြေအနေ ဘယ်လိုရှိသလဲ၊ သူတို့ရဲ့ မဲဆွယ်စည်းရုံးရေးရဲ့ပုံစံကရော ဘယ်လိုရှိပါသလဲ။

**ဖြေ။** ။ လောလောဆယ်တော့ သူတို့ကအထိုက်အလျောက်ပဲ ဥပမာ ရွာကြီးတွေမှာဆိုလို့ရှိရင် သူတို့စည်းရုံးရေး ဆင်းထားပြီးသား၊ အားလုံးလိုလိုပဲသူတို့ကဒီရွာကို အနည်းဆုံး ဥပမာ (၅)ယောက်ကို စည်းရုံးနိုင်တယ်၊ ကျန်တဲ့ဟာကို အဲဒီ(၅)ယောက်က ဆက်လုပ်သွားမယ်။
သူတို့စည်းရုံးရေးဆင်းတာကတော့ ထွေထွေထူးထူးသိပ်ပြီးဘာမှမပြောပါဘူး၊ သူတို့အနေနဲ့ ကတော့ ပြည်သူ လူထုကို မဲဆွယ်စည်းရုံးတဲ့နေရာမှာ တချို့အချက်အလက်တွေကတော့ ပြောသွားတာတော့ ရှိတာပေါ့၊ ဥပမာ ပါတီဝင် ကဒ်တွေထုတ်ပေးတယ်၊ ဒီကဒ်ကိုသုံးခြင်းအားဖြင့် ကျေးရွာကကောက်ခံတဲ့ ဝင်ငွေတွေကိုလုံးဝမပေးရဘူး။ ပေးစရာ မလိုဘူးဆိုတာမျိုးတွေကိုဟောပြောထားတယ်။
တချို့မွန်လူမျိုးတွေကိုလွှတ်ပြီး သူတို့ကဘဲမွန်ပါတီကို ကိုယ်စားပြု သယောင် လုပ်တာတွေတော့ရှိတယ်။ အဲဒါမျိုးကြုံတွေ့တာတွေရှိတယ်။

**မေး။** ။ သူတို့ရဲ့အပေါ်မှာရော ပြည်သူတွေရဲ့ ယုံကြည်မှုတွေ ဘယ်လောက်ရှိသလဲ။

**ဖြေ။** ။ အဲဒီအပေါ်မှာတော့ ပြည်သူတွေရဲ့ယုံကြည်မှုကတော့ အတိုင်းအတာတစ်ခုလောက်ပဲရှိတယ်။ ပြည့် ပြည့်ဝဝယုံကြည်တာတော့မရှိဘူးပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ နေရာဒေသကအခြေအနေခြင်း မတူညီကြဘူးလေ၊ သူတို့ လွှမ်းဆန်နိုင်တာ၊ မလွှမ်းဆန်နိုင်တာတွေ ဆိုတဲ့အချက်အလက်တွေရှိနေသေးတဲ့ အခါကျတော့ အပြည့်အဝတော့ သူတို့ ယုံကြည်မှာမဟုတ်ပါဘူး။

**မေး။** ။ ဟုတ်ကဲ့ ပြည်ခိုင်ဖြိုးအသင်းအနေနဲ့ရော ဘယ်လိုစည်းရုံးမှုရှိနေပါသလဲ။

**ဖြေ။** ။ ပြည်ခိုင်ဖြိုးအသင်းအနေနဲ့ကတော့ လောလောဆယ်မှာတော့ ဟိုတလောက ဗိုလ်ချုပ်အုန်းမြင့် ဆင်း လာပြီးနောက်ပိုင်း အခုသိပ်ပြီးတော့ လှုပ်ရှားမှုမရှိဘူးပေါ့၊ သူတို့အနေနဲ့ကတော့ သူတို့စည်းရုံးရေး ဆင်းတယ် ဆိုတာ ဥပမာကျေးရွာမှာသူတို့ခန့်ထားတဲ့ စည်းရုံးရေးမှူးအပါအဝင်(၅)ဦးပေါ့၊ အဲဒီ(၅)ဦးကိုပဲ အဓိကထားပြီးတော့ တစ်အိမ် တက်တစ်အိမ်ဆင်းဖြစ်စေ၊ ဒါမှမဟုတ် နီးစပ်ရာဖြစ်စေ၊ အဲဒီလို ကိုယ်နိုင်ရင်နိုင်သလိုပေါ့ စည်းရုံးထားဖို့ပဲ ညွှန်ကြား တယ်၊ ကျန်တာတွေကတော့ ဒီထက်ပိုပြီးမလုပ်ဖို့ပဲ သူတို့ညွှန်ကြားတယ်။

**မေး။** ။ အခု ဒီရေးနယ်ဘက်မှာ လူငယ်တွေအနေနဲ့ပေါ့ ဒီရွေးကောက်ပွဲကိုစိတ်ဝင်စားမှုရှိပါသလား။

**ဖြေ။** ။ ရေးမြို့နယ်ဘက်မှာကတော့ ရွေးကောက်ပွဲအပေါ်ကိုစိတ်ဝင်စားမှုတော်တော်လေးအားနည်းတယ် လို့ကျွန်တော်ပြောလို့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့လူငယ်တော်တော်များများက သူတို့စိတ်ထဲမှာ ဘယ်လို ယူဆထား လဲဆိုတော့ ဒီရွေးကောက်ပွဲဟာပေါ့အစိုးရကတစ်ဖက်တတ်နိုင်တဲ့ ရွေးကောက်ပွဲပဲ ဖြစ်တယ်၊ ဘယ်လိုပဲ လုပ်လုပ်သူတို့ပဲ နိုင်ရမှာပဲ၊ ဘယ်လိုပဲ ကိုယ့်အနေနဲ့ ကြိုးစားကြိုးစား ဒီရွေးကောက်ပွဲဟာ တဖက်သတ်ဖြစ်မယ်လို့ သူတို့ထင်မြင် ယူဆနေကြတယ်၊ အဲဒီအတွက်သူတို့က ရွေးကောက်ပွဲအပေါ်သိပ်ပြီးတော့ အာရုံမထားကြတော့ဘူး၊ ဘယ်လို ပြောကြလဲဆိုလို့ရှိရင် အချို့လူတွေကငါတို့လုပ်ရမှာကငါတို့အလုပ်ပဲ၊ ငါတို့တစ်နေ့လုပ်မှ ငါတို့ထမင်းစားရမယ်။ ဆိုတော့ ဒီရွေးကောက်ပွဲအပေါ် အာရုံစိုက်နေရင် ငါတို့အတွက်အချိန်ကုန်တယ်ဆိုတဲ့ပုံစံမျိုးလေးတွေ ပြောနေကြတာ ကြားရတယ် ခင်ဗျာ။

**မေး။** ။ ပြီးခဲ့တဲ့ (၁၉၉၀) ရွေးကောက်ပွဲနဲ့ အခု (၂၀၁၀) ရွေးကောက်ပွဲဟာ ဘာကွာခြားလဲခင်ဗျား။

**ဖြေ။** ။ (၁၉၉၀) ရွေးကောက်ပွဲနဲ့ ဒီ(၂၀၁၀) ရွေးကောက်ပွဲကြတော့ နည်းနည်းကွာခြားတာရှိတယ်ခင်ဗျာ၊ (၂၀၁၀) ရွေးကောက်ပွဲမှာကြတော့ ပြည်သူတွေတအားစိတ်ဝင်စားမှု သိပ်ပြီးတော့မရှိဘူးလို့ ကျွန်တော် မြင်တယ်ခင်ဗျ (၁၉၉၀) ရွေးကောက်ပွဲတုန်းကလူတွေ တော်တော်လေးထထကြွကြွနဲ့ နိုးနိုးကြားကြား ရှိကြတယ်။ လူတွေအားလုံး လိုလိုကလည်း တခဲနက်အားပေးကြတာမျိုးတွေရှိတယ်၊ အခုခလဲ့ကြတော့ သိပ်ပြီးအားပေး တာမျိုးမရှိဘူး၊ သာမန်အခြေအနေ လောက်ပဲ။ ဥပမာ ရေလိုက်ငါးလိုက်နေသွားမယ် ဆိုတဲ့ပုံစံမျိုးလေးတွေပဲ များတယ်ခင်ဗျာ။

**မေး။** ။ ဟုတ်ကဲ့။ အဲဒီလိုစည်းရုံးရေးဆင်းတဲ့အထဲမှာ ဘယ်ပါတီကိုထူးထူးခြားခြား ပြည်သူတွေအားပေးမှုရှိပါသလဲ။

**ဖြေ။** ။ ဒီထဲမှာထူးခြားမှုရှိတာက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကတော့ သိပ်ပြီးတော့ သိပ်ထူးခြားမှု မရှိဘူး၊ ထူးခြားမှုရှိတာက မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ၊ အဲဒီမွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီက ဒီမွန်ပြည်နယ်ကို ကိုယ်စားပြုပြီးတော့ ရွေးကောက်ပွဲထဲဝင်တာ ကျွန်တော်အနေနဲ့ မွန်ပြည်နယ်အတွက် ထူးခြားမှု တစ်ခုလို့ကျွန်တော် ထင်တယ်ခင်ဗျာ။

**မေး။** ။ ဟုတ်ကဲ့ မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ၊ ရဲ့ စည်းရုံးရေးအပေါ်မှာပေါ့ ဘယ်လိုမြင်ပါ သလဲခင်ဗျ။

**ဖြေ။** ။ သူတို့ရဲ့စည်းရုံးရေးကတော့ သာမာန်ပါပဲ၊ မွန်ပြည်သူတွေအပေါ်ကို သူတို့ကလူမျိုးရေးတစ်ခု အနေနဲ့ပဲ စည်းရုံးတယ်၊ ကျန်တဲ့အပိုင်းမှာ ဘာလုပ်ပေးမယ်၊ ညာလုပ်ပေးမယ်ဆိုပြီး စည်းရုံးတာမရှိဘူးခင်ဗျ၊ ရိုးရိုးပါပဲ၊ သူတို့ စည်းရုံးသွားတဲ့အပိုင်းအပေါ် မူတည်ပြီးပြောရမယ်ဆိုရင် ရည်ရွယ်ချက်တစ်ခုရှိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ ဒီမွန်လူမျိုးဆိုတာ ကျွန်တော်တို့တစ်ကြိမ်တစ်ခါမှ ဒီရွေးကောက်ပွဲထဲကို ပါဝင်ခဲ့ခြင်းမရှိဘူးပေါ့၊ အခုအချိန်မှာ ရွေးကောက်ပွဲထဲကိုပါဝင်ခဲ့ခြင်းအားဖြင့် မွန်လူမျိုးတွေအနေနဲ့ ဒီတိုင်းပြည်မှာရှိနေတဲ့ လူမျိုးတစ်မျိုးဆိုတာကိုပြ နိုင်တယ်၊ အကယ်၍ရွေးကောက်ပွဲမှာ နိုင်ခဲ့သည်ရှိရင်လည်း ကိုယ့်လူမျိုးအတွက်အထောက်အကူပြုမယ့် ပြောရေးဆိုခွင့် တစ်နေရာ ရနိုင်တယ်၊ တကယ်လို့ ရှုံးခဲ့တယ်ဆိုရင်လည်းအတွေ့အကြုံရတယ် ဒီလိုမျိုးပြောဆို စည်းရုံးသွားတာရှိတာပေါ့။

**မေး။** ။ လက်ရှိအခြေအနေအရပေါ့နော် အဲဒီရေးမြို့နယ်နဲ့ဆက်စပ်ရာမြို့နယ်မှာ ဘယ်ပါတီကအားသာ ချက်ရှိ နေလဲခင်ဗျ။

**ဖြေ။** ။ လက်ရှိအခြေအနေမှာတော့ ကျွန်တော်တို့ရေးမြို့နယ်နဲ့ဆက်စပ်ရာမြို့နယ်မှာဆိုလို့ရှိရင် မြို့ပေါ်မှာ တော့ များသောအားဖြင့် ပြည်ခိုင်ဖြိုးပါတီကနည်းနည်းအားသာတယ်ဆိုပေမယ့် နယ်ဘက်မှာ ပြန်ပြီး လေ့လာ ကြည့်လိုက် လို့ရှိရင် မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီက အားသာချက်တွေ အများကြီး ရှိတယ်ခင်ဗျ၊ သူတို့ရဲ့စည်းရုံးရေးက လူမျိုးရေးနဲ့မွန်ပြည်သူလူထုရဲ့အခွင့်အရေးအပေါ်မူတည်ပြီး စည်းရုံးထားတယ်ဆိုတဲ့အချက်လဲပါတယ်၊ နောက်ပြီး သူတို့ရဲ့ ရှင်းပြတဲ့အချက်အလက်လေးတွေကလည်း မွန်ပြည်သူတစ်ရပ်လုံးက လက်ခံနိုင်တဲ့ အချက်အလက်လေး တွေဖြစ်နေ တဲ့အခါကျတော့ သူတို့အပေါ်နဲနဲ အာရုံစိုက်တာလေးတွေ များတယ်လို့ ကျွန်တော် မြင်တယ်ခင်ဗျ။

http://www.kaowao.org/b/index.php

**မြန်မာ နစကာ၏ ပြန်ပေးဆွဲခံ ဘင်္ဂလီ ငါးဖမ်းသမားများ ပြန်လည် မလွှတ်မြောက်သေး**

8/18/2010

Adjust font size:

------------

ထွန်းထွန်း

------------




မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် အကြားတည်ရှိသော နတ်မြစ်

မြန်မာ နယ်စပ် လုံခြုံရေး တပ်ဖွဲ့ နစကဏ် များမကြာမီက ပြန်ပေးဆွဲခြင်းကို ခံခဲ့ရသော ဘင်္ဂလားဒေ့ရှ် ငါးဖမ်း သမားများ ယခုအချိန်ထိ ပြန်လည် လွှတ်မြောက်လာခြင်း မရှိသေးကြောင်း သိရသည်။

အဆိုပါ ငါးဖမ်းသမားများမှာ အာဘဒူ လာအာဇိဆ် အသက် (၂၅) နှင့် ရော်ဟော်မောက် အူမာ အသက်(၂၂)တို့ ဖြစ်ကြောင်းသိရသည်။

သူတို့နှစ်ဦးအား ဩဂုတ်စ်လ ၁၅ ရက်နေ့က ဘင်္ဂလားဒေ့ရှ် နိုင်ငံ ဝါးခွပ်ချောင်း မြို့နယ် အုန်းသီးပြင် နယ်စပ် အနီးရှိ နတ်မြစ် အတွင်း ငါးရှာဖွေနေစဉ် နစကများက မော်တော်ဘုတ် တစီးဖြင့် ရုတ်တရက် ဝင်ရောက် လာပြီး ဖမ်းဆီး ခေါ်ဆောင်ခဲ့သည်။

ဘင်္ဂလားဒေ့ရှ် နယ်ခြား စောင့်တပ်ဖွဲ့ အမှတ် ၄၂ ဘီဒီအာရ် တပ်ရင်းမှ မြန်မာ နစက တာဝန် ရှိသူများထံ စာရေးပြီး အဆိုပါ ငါးဖမ်းသမားများကို ပြန်လည် လွှတ်ပေးရန် တောင်းဆိုထားသည်ဟု သိရသည်။

အလားတူ လွန်ခဲ့သည့် ဇူလိုင်လ ၃၀ ရက်နေ့ကလည်း နစကတပ်ဖွဲ့ တဖွဲ့သည် ဘင်္ဂလားဒေ့ရှ် ရေပိုင်နက်ထဲ ကျူးကျော်ဝင်ရောက်လာပြီး နတ်မြစ်အတွင်း ငါးဖမ်းနေသော တံငါသည် ၂ ဦးကို ပြန်ပေးဆွဲ ခေါ်ဆောင် သွားခဲ့သည်။

ပြန်ပေးဆွဲ ခေါ်ဆောင်ခြင်း ခံရသူ ၂ ဦးမှာ ဇင်းဂျီးဟိုဆိန် အသက် (၂၈ နှစ်) နှင့် ရာချတ် အသက် (၁၃) ဆိုသူတို့ ဖြစ်ပြီး သူတို့ကို အဆိုပါနေ့ ညဥ့်အချိန်တွင် ပြန်ပေး ဆွဲခေါ်ဆောင်သွားခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြန်ပေးဆွဲမှုများမှာ နစက တပ်သား ၂ ဦး နတ်မြစ်ကို လှေဖြင့် ဖြတ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဇူလိုင်လ ၂၇ ရက်နေ့က ထွက်ပြေးသွားပြီး နောက်ပိုင်းတွင် ပေါ်ပေါက် လာခြင်း ဖြစ်သည်။

အဆိုပါ တပ်သား ၂ ဦးကို ဖမ်းဆီးပြီး ပြန်ပို့ရန် မြန်မာဘက်က ဘင်္ဂလာ နယ်ခြားစောင့် တပ်ဖွဲ့ ဘီဒီအာရ်ထံသို့ အကြောင်း ကြားခဲ့သော်လည်း ဘီဒီအာရ်ဘက်မှ ယနေ့အချိန်ထိ ဖမ်းဆီး ပြန်ပို့ရန် ပျက်ကွက်နေသဖြင့် နစက အရာရှိများ အထူး မကျေမနပ် ဖြစ်နေသည်ဟု သိရသည်။

**ပြည်ခိုင်ဖြိုး အတွင်းရေးမှူး မဲဆွယ် စည်းရုံးရေး ခရီးစဉ် ကျေးရွာသားများ ပိုစတာကပ်၍ ကန့်ကွက်**

8/18/2010

Adjust font size:

----------
ခိုင်သိန်း
----------

ရခိုင်ပြည် မာန်အောင်မြို့နယ် ပြည်ခိုင်ဖြိုး အတွင်းရေးမှူး၏ ရွေးကောက်ပွဲ စည်းရုံးရေး ခရီးစဉ်ကို ကျေးရွာသားများက ပိုစတာများ ကပ်ပြီး ကန့်ကွက် ခဲ့ကြသည်ဟု သတင်း ရရှိသည်။

သစ်ပုံ ကျေးရွာသား တဦးက သူတို့ရွာတွင် ပိုစတာ ကပ်ပြီး ကန့်ကွက်ခဲ့ကြပုံကို ယခုကဲ့သို့ ပြောသည်။

" မာန်အောင်မြို့နယ် ပြည်ခိုင်ဖြိုး ပါတီ အတွင်းရေးမှူး ဦးမောင်မြင့်က ကျွန်တော်တို့ရွာကို မဲဆွယ် စည်းရုံးဖို့လာတယ်လေ။ လာတာက ဒီလ ၁၅ ရက်နေ့ကပါ။ ရွာသားတွေက စာရွက်တွေမှာ " ကြံ့ဖွံ့ ပါတီ အလိုမရှိ။ တစည ပါတီ အလိုမရှိ။ " ဆိုတဲ့ စာတွေ ရေးသားထားတဲ့ စာရွက်တွေကို သစ်ပင်တွေမှာ ကပ်ထားကြတယ်။ ဦးမောင်မြင့် ရောက်ရှိလာတဲ့ အခါ စာရွက်တွေ ကပ်ထားတာကို မြင်တော့ ရွာကိုတောင် မဝင်ဘဲနဲ့ ပြန်လည် ထွက်ခွာသွားပါတယ်။"

ပြည်ခိုင်ဖြိုး အတွင်းရေးမှူး ဦးမောင်မြင့် မဲဆွယ်စည်းရုံးရန် အတွက် သစ်ပုံ ကျေးရွာသို့ လာရောက်မည့် အကြောင်းကို ရယက ဥက္ကဋ္ဌထံမှ တဆင့် သိရှိထားသော ကျေးရွာသားများက ဦးမောင်မြင့် မရောက်မီ ပိုစတာများရေးဆွဲကာ သစ်ပင်များတွင် ကပ်ထားခဲ့ကြခြင်း ဖြစ်သည်။

"အရင်ကတော့ ကြံ့ဖွံ့က ခေါင်းဆောင်တွေ လာရင် ရဲသားတွေ ပါလာတတ်တယ်။ အခု သူတို့က နိုင်ရေး ပါတီ ဖြစ်သွားပြီဆိုတော့ အစိုးရနဲ့လည်း သက်ဆိုင်မှု မရှိတော့တာကြောင့် ရဲတွေ ဘာတွေက မပါလာတော့ ဘူးလေ။ အဲဒါကို သိတဲ့ ရွာထဲက လူငယ်တွေက ရွာထဲမှာရှိတဲ့ အုန်းပင်တွေနဲ့ တခြား သစ်ပင်တွေမှာ "ကြံ့ဖွံ့ပါတီအလိုမရှိ၊ တစည ပါတီ အလိုမရှိ" ဆိုတဲ့ စာတွေကို ကြိုတင်ကပ်ပြီး ရွာသားတွေရဲ့ သဘောထားကို ထုတ်ပြလိုက်တာ ဖြစ်ပါတယ်" ဟု သူက ပြောသည်။

သို့သော်လည်း အတွင်းရေးမှူး ဦးမောင်မြင့်က အဆိုပါ စာရေး ကန့်ကွက်သူများကို ဖော်ထုတ် အရေးယူ ပေးရန် သစ်ပုံ ရဲစခန်းမှူးနှင့် သစ်ပုံကျေးရွာ ရယက ဥက္ကဋ္ဌတို့ကို ညွှန်ကြားခဲ့သည်ဟု သူက ဆက်ပြောသည်။

" ကြံ့ဖွံ့အတွင်းရေးမှူးက ဒီစာတွေကို ဘယ်သူကတွေက ရေးပြီး ဘယ်သူတွေက ကပ်သလဲဆိုတာ ခင်ဗျားတို့ မသိဘူးလား၊ ဒီလူတွေကို မတွေ့မချင်း ခင်ဗျားတို့ လိုက်လံ ဖော်ထုတ်ပေးရမယ်ဆိုပြီး ကျိန်းမောင်းသွားတဲ့အတွက် အခု စခန်းမှူး ဉာဏ်ထွန်းနဲ့ ရယက ဥက္ကဋ္ဌ ဖိုးမြင့်တို့ အရေးတကြီး စာကပ်သူတွေကို လိုက်လံ ရှာဖွေနေပါတယ်။"

သစ်ပုံကျေးရွာမှာ မာန်အောင်မြို့မှ ၉ မိုင်ခန့် အကွာအဝေးတွင် တည်ရှိပြီး အိမ်ခြေ တစ်ထောင်ကျော် ရှိသော ကျေးရွာကြီး တစ်ရွာ ဖြစ်သဖြင့် ရဲနှင့် ရယကမှ စာရွက်ကပ်သူများကို လေ့လာ စုံစမ်း၍ မရဘဲ ဖြစ်နေကြောင်း သိရသည်။

ယခုအခါ မာန်အောင်မြို့နယ်တွင် ပြည်ခိုင်ဖြိုး ပါတီနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှအပ တခြားပါတီများ မဲဆွယ်စည်းရုံးခြင်း မရှိသေးကြောင်း သိရသည်။

အလားတူ ဩဂုတ်လ ၇ ရက်နေ့ကလည်း ကျောက်ဖြူမြို့နှင့် မြို့နယ် အတွင်း တည်ရှိသော ကြက်တိန် ကျေးရွာ အုပ်စု၊ ပျားတွဲ ကျေးရွာ အုပ်စု၊ စိုင်ချို ကျေးရွာအုပ်စု၊ ကပ်သပြေ ကျေးရွာအုပ်စုများတွင် လည်း "စစ်ကျွန်သက်ဆိုး ရှည်မည့် ရွေးကောက်ပွဲကို ဆန့်ကျင်ကြ" "နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းကို ဒေါ်အောင်ဆန်းစုကြည် နှင့်အတူ ဆန့်ကျင်ကြ" စသည့် စာတန်းများ ပါသည့် နံရံကပ်စာများနှင့် လက်ကမ်း စာစောင်များကို အမည်မသိသူများက ဖြန့်ဝေ လှုပ်ရှားမှုများ ပြုလုပ်ခဲ့ကြသည်ဟု သိရသည်။

http://www.narinjara.com/burmese.asp

## ချင်းပြည်နယ်တောင်ပိုင်း ကြွက်သောင်းကျန်းသဖြင့် ဒေသခံ အခက်တွေ့

သတင်းနှင့်မီဒီယာ ကွန်ယက်။ ခွန်အောင်မြတ်။

ဩဂုတ်လ ၁၈ ရက်၊ ၂၀၁၀ ခုနှစ်။

ချင်းပြည်နယ်တောင်ပိုင်းတွင် ကြွက်များအုပ်စုလိုက် ဒေသခံများ၏ တောင်ယာစိုက်ခင်းသီးနှံများကို စားသောက် ဖျက်ဆီးသဖြင့် မြို့နယ်သုံးမြို့နယ်မှ ကျေးရွာပေါင်းနှစ်ဆယ်ကျော်ရှိ ဒေသခံများ စားဝတ်နေရေးအတွက် အခက် အခဲ ကြုံတွေ့နေကြရသည်။

ချင်းပြည်နယ် ဟားခါး၊ ဖလန်း၊ မတူပီနှင့် ပလက်ဝမြို့နယ်ရှိ ကျေးရွာ ပေါင်း ၂၀ ကျော်သည် ဝါးသီး ဝါးပွင့်များ သုဉ်းပြီး ကြွက်များက ကျေးရွာသားများ စိုက်ပျိုးထားသည့် သီးနှံပင်များကို စားသောက် ဖျက်ဆီးခြင်း ခံနေရ ကြကာ အငတ်ဘေးနှင့် ရင်ဆိုင်နေရသည်ဟု ယင်းကိစ္စကို ကူညီဖြေရှင်းပေး နေသည့် ချင်းလူမှုအဖွဲ့များက ပြော သည်။

တောင်ယာများကို ကြွက်အုပ်စုလိုက် လာရောက် ဖျက်ဆီးသဖြင့် ပိုင်ရှင်များမှာ တောင်ယာကို ပစ်ထားပြီး နီးစပ် ရာ မြို့ကြီးများတွင် ကြုံရာအလုပ်ကို လုပ်ကိုင်နေကြရသည်ဟု ချင်းပြည်သူ့ရေးရာ ကော်မတီ ဒု တာဝန်ခံ ဦး မန်လိုင်းက ပြောသည်။

**"အနီးအနားမှာရှိတဲ့ နီးစပ်တဲ့ကျေးရွာတွေ ပြီးတော့ မီဇိုရမ်မှာ ရွှေ့ပြောင်းအလုပ်သမားတွေက ဝင်လာ တယ်လေ။ အဲဒီကနေ မီဇိုရမ်မှာလာပြီးတော့ ရှိသမျှ ကြမ်းတမ်းသမျှအလုပ်တွေကို လုပ်ပြီးတော့ အဲသလို ရတဲ့ငွေလေးနဲ့ပဲ သူတို့ ရွာကို လှူတယ်နော်။ ရွာဘက် ဆန်အစားအစာတွေကို လှူတယ်။ နောက်ပြီးတော့ တချို့လူတွေကတော့ မြို့မှာဆိုရင် တနေ့ကို တထောင်နှုန်းနဲ့ အလုပ်ကြမ်းတွေ လုပ် ကြတယ်တဲ့။ ကျန်တဲ့ဟာအပိုင်းတွေတော့ ကုန်တင်ကုန်ချတွေပေါ့ ပလက်ဝဆိုရင် စက်လှေတွေက အမြဲတမ်း ရခိုင်ကုန်သည်တွေ များတယ်ဆိုတော့ ကုန်တင်ကုန်ချ လုပ်ငန်းတွေ လုပ်ကြတယ်။ အဲဒါနဲ့ မိသားစုကို ကျွေးတယ်။"**

ချင်းပြည်နယ်တောင်ပိုင်းသည် ဝါးပင်များ ပိုမိုပေါများသဖြင့် ကြွက်ဒဏ်ကို ပိုခံရခြင်းဖြစ်သည်ဟု ဦးမန်လိုင်းက ပြောသည်။

**"ကျနော်တို့ ချင်းပြည်မှာ များသောအားဖြင့် နှစ်ပိုင်းခွဲလိုက်လို့ရှိရင် အောက်ပိုင်းကျတော့ တောနက် တွေက ထင်းပင်မရှိတဲ့အတွက် များသောအားဖြင့် တရာမှာ ကိုးဆယ်ရာခိုင်နှုန်းလောက် ပလက်ဝ ဆိုရင် ဝါးတောဖြစ်တယ်။ အဲဒီဝါးတောက တခါသီးပြီပွင့်ပြီဆိုရင် အနည်းဆုံး ငါးနှစ်လောက်မှ တောင် ယာကို ပြန်ခုတ်လို့ ရတယ်။ အဲလောက် အခြေအနေရှိတယ်။ အဲဒါထင်းတောနဲ့ ဝါးတော မတူဘူး။ ပို ပြီးတော့ ရှင်းတယ်။ ပြီးတော့ အခုက ပြဿနာက ဝါးတောရှိတဲ့နေရာမှာ ပိုပြီးတော့ ကြွက်တွေက ထကြွနေတာကို ကျနော်တို့ တွေ့နေရတယ်လေ။အဲဒါနဲ့ ပလက်ဝမြို့နယ်၊ မတူပီ တောင်ပိုင်းပေါ့၊ ပြီး တော့ ကန်ပလက်မြို့ တချို့ပေါ့နော် အဲဒီမှာ ပိုပြီးတော့ ဆိုးဝါးတယ်ဆိုတဲ့ဟာကတော့ ခုကျနော်ပြော သလို သူတို့ဘက်မှာဆိုရင် ဝါးတောဖြစ်တဲ့အတွက် ကြွက်တွေ ပိုပြီးတော့ သောင်းကျန်းနေတာ ကျ နော်တို့ တွေ့ရတယ်။"**

ကြွက်အုပ်လိုက်တောင်ယာသီးနှံများ စားသောက်ဖျက်ဆီးပုံကို ချင်းသတင်းဌာနတခုဖြစ်သည့် ခိုနူမ်းထုန် သတင်း ဌာန၏ အယ်ဒီတာ ကိုထက်နီက ယခုလို ပြောသည်။

**"အုပ်လိုက်နဲ့ သူတို့က လူတွေစိုက်ပျိုးထားတဲ့သီးနှံတွေ ဘာတွေကို အကုန်ကိုက်စားတာ။အဲဒီ တောင် ယာ တဧကစာက သူတို့ကိုက်ပြီဆိုရင်တော့ တရက်ထဲနဲ့ သူတို့ကိုက်စားလို့ရတယ်။ အဲဒီ ကြွက်အုပ် တွေက အဲဒီနေရာ တချိန်တခါထဲဖြစ်တာ။ အဲဒါပြီးမှ ဘယ်ဒေသတွေမှာ ရွှေ့မယ်ဆိုတာ ကျနော်တို့ မ သိရသေးဘူး။အုပ်လိုက်အုပ်လိုက်နဲ့ တနေရာကနေ တနေရာကိုပြောင်းတယ်။ကြွက်တအုပ်က အနည်း ဆုံးပြောရရင်တော့ လေးငါးရာလောက်ရှိတယ်။"**

ချင်းပြည်သူအငတ်ဘေးနှင့် ရင်ဆိုင်နေကြသည်ကို နိုင်ငံတကာရှိ အစိုးရမဟုတ်သည့် အဖွဲ့အစည်းနှင့် နိုင်ငံတ ကာရောက် ချင်းတိုင်းသားများအား အကူအညီပေးရန်အတွက် ပန်ကြားရန် စီစဉ်နေသည်ဟု ကိုထက်နီက ပြော သည်။

**"အခု ကြွက်ပေါ်တဲ့နေရာတွေကို ကျေးရွာတွေ၊ တောင်ယာတွေ အဲဒါကို အသေးစိပ် ကျနော်တို့ ကောက်ခံပြီးတော့ပေါ့လေ သူတို့အခက်အခဲတွေကို သူတို့ လိုအပ်ချက်တွေကို စုပြီးတော့ ပြည်ပမှာ ရောက်နေတဲ့ လူထုအသင်းအဖွဲ့တွေ၊ ပြီးတော့ ပြည်ပမှာရောက်နေတဲ့ ချင်းအဖွဲ့အစည်းနဲ့ တသီးပုဂ္ဂ တွေဆီကို ကျနော်တို့က အလှူခံပေးတာပေါ့နော်။ အခု အလှူခံပေးဖို့ ကျနော်တို့ စီစဉ်ထားတယ်။"**

ကြွက်နှိမ်နင်းရေးနှင့် ရင်ဆိုင်နေရသည့် အငတ်ဘေးနှင့် အခြားအခက်အခဲများကိုဖြေရှင်းပေးရန် ပြည်တွင်းရှိ ချင်း တိုးတက်ရေးပါတီနှင့် တခြားလူမှုရေးအသင်းများ၊ ဘာသာရေးအသင်းအဖွဲ့များလည်း ပံ့ပိုးကူညီမှုပေးရန် စီစဉ် နေသည်ဟု သိရသည်။

လွန်ခဲ့သည့် ၂၀၀၆ ခုနှစ် နှစ်ကုန်ပိုင်းကစပြီး ချင်းပြည်နယ် အနံ့အပြားတွင် ဝါးသီး၊ ဝါးပွင့်ပြီးနောက် ကြွက် အုပ်စုလိုက် ထွက်လာပြီး စားရာမှ ဒေသခံတောင်ယာသီးနှံများကို စားသောက်ဖျက်ဆီးသဖြင့် ချင်းဒေသခံများ အစာရေ ငတ်ပြတ်မှု ပြဿနာများ ရင်ဆိုင်ခဲ့ရသည်။ ယင်းပြဿနာများ ကြုံတွေ့ နေကြသည့် လူထုများကို ပြည်တွင်းပြည်ပရှိ ချင်းအဖွဲ့အစည်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများက စားဝတ်နေရေးနှင့် တခြားအကူ အညီများကို ပံ့ပိုးကူညီပေးခဲ့သည်။

http://www.nmg-news.com/nmg/newspage.html

## *ဖန်းမော်မြို့တွင် ရွေးကောက်ပွဲမတိုင်မီ နိုင်ငံသားစိစစ်ရေးကဒ်ထုတ်ပေးမည်*

Wednesday, 18 August 2010 20:21 သျှမ်းသံတော်ဆင့်

နိုင်ငံသားစိစစ်ရေးကဒ်ပြား (မှတ်ပုံတင်) မပြုလုပ်ရသေးသော ကချင်ပြည်နယ် ဗန်းမော်ခရိုင် အတွင်းရှိ ဒေသခံများအား လာမည့် နိုဝင်ဘာ ၇ ရက်နေ့ ကျင်းပမည့် ရွေးကောက်ပွဲမတိုင်မီ နိုင်ငံသားစိစစ်ရေးကဒ်ပြားထုတ်ပေးမည်ဟု သိရသည်။

၎င်းမှတ်ပုံတင် ပြုလုပ်ရေးကိစ္စ ဗန်းမော်ခရိုင် အေးချမ်းရေးသာယာနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသောင်းဖေ ကိုယ်တိုင် ဒေသတွင်းရှိ ကျေးရွာဥက္ကဋ္ဌများအား ယခုလဆန်းပိုင်းက ဆင့်ခေါ် ပြောကြားခဲ့ကြောင်း ဗန်းမော်ဒေသခံ ကျေးရွာ ဥက္ကဋ္ဌနှင့် နီးစပ်သူတစ်ဦးက သျှမ်းသံတော်ဆင့်သို့ ပြောသည်။

ဗန်းမော်မြို့နယ်ရှိတိန်းတော်၊ နင်းအီရွာများအပါအဝင် မိုးလဲချောင်းတစ်လျှောက်ရှိ သျှမ်းရွာဥက္ကဋ္ဌများအား ခေါ်ယူ ပြောကြား ခဲ့ခြင်းဖြစ်သည်။

*"ရွာစဉ်အလိုက် ဗန်းမော်ခယကရုံးကိုခေါ်ပြီး စည်းဝေးတယ်။ ခယကဥက္ကဋ္ဌက ရွာထဲမှာ မှတ်ပုံတင် မရှိတဲ့သူတွေ စာရင်းတင်ပြပြီး မှတ်ပုံတင်လုပ်ရမယ်လို့ပြောတယ်။ အုပ်ချုပ်ရေးရုံးကိုအရင် စာရင်းတင်ပြ၊ အဲဒီကနေမှ လဝက (လူဝင်မှုကြီးကြပ်ရေးအဖွဲ့) ကနေလုပ်ပေးမှာပေါ့"*ဟု နီးစပ်သူက ပြောသည်။

၂၀၀၈ မေလ ဖွဲ့စည်းပုံအခြေခံဥပဒေဆန္ဒခံယူပွဲ ကျင်းပစဉ်က နိုင်ငံတစ်ဝန်းရှိ မှတ်ပုံတင်မရှိသူများအား ယာယီ ကဒ်ပြားများ ထုတ်ပေးခဲ့ရာ ယခုအခါ အဆိုပါယာယီကဒ်များအစားမှတ်ပုံတင်ကဒ်များ လဲလှယ်ထုတ်ပေးမည်ဟု သိရသည်။

ဖွဲ့စည်းပုံ ဆန္ဒခံယူပွဲကာလအတွင်း ယာယီကဒ်ပြားနှင့် ခရီးသွားလက်မှတ်ပြုလုပ်သူများသည် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ထောက်ခံမဲပေးရန် အာဏာပိုင်များ၏ ဖိအားပေးခြင်းခံခဲ့ရကြောင်း ဆိုကြသည်။

လာမည့်ရွေးကောက်ပွဲအတွက် ကြံ့ခိုင်ရေးပါတီ ခေါင်းဆောင် ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ဗိုလ်ချုပ် လွန်းမောင်တို့သည် ဖန်းမော်သို့ မကြာခဏလာရောက်စည်းရုံးရေးဆင်းပြီး အခြားမည်သည့်နိုင်ငံရေးပါတီမှ လှုပ်ရှားနိုင်ခြင်းမရှိကြောင်း သိရသည်။

*"ရွေးကောက်ပွဲအတွက် ဖန်းမော်နယ်မှာ ကြံ့ဖွံ့ပါတီကလွဲလို့ ဘယ်ပါတီမှလှုပ်ရှားတာမရှိဘူး။ မဲထည့်ဖို့ကိစ္စကို ဝန်ကြီးချုပ် သိန်းစိန်နဲ့ ဗိုလ်ချုပ်လွန်းမောင်ကိုယ်တိုင် ရွာစဉ်အလိုက် လာစည်းရုံးတယ်၊ သူတို့ပေးတဲ့ ဥပမာက လိမ္မာတဲ့သားနဲ့ ဆိုးမိုက် တဲ့သားဆိုရင် ဘယ်သူ့ကိုအမွေပေးမလဲပေါ့၊ မဲထည့်တဲ့နေရာမှာလည်း လူရွေးမမှားကြဖို့ ကြံ့ဖွံ့ကိုမဲထည့်ဖို့ ပြောပြီး စည်းရုံးတယ်"* ဟု နောက်ထပ်ဒေသခံတစ်ဦးကဆိုသည်။

၎င်းတို့က မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအလိုက် လူစုစေပြီး ဟောပြောစည်းရုံးပြီး မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ပုတ်ခတ်ပြောကြားမှုများရှိကြောင်း သိရသည်။

*ရွေးကောက်ပွဲ သတ်မှတ်ရက်ကြောင့် ကိုယ်စားလှယ်လောင်းရွေးရေး ကျားဖြူ ပါတီလက်မလည်*

Wednesday, 18 August 2010 14:55 သျှမ်းသံတော်ဆင့်

လာမည့် နိုဝင်ဘာ ၇ ရက် ရွေးကောက်ပွဲကျင်းပမည်ဟူသည့် ထုတ်ပြန်ကြေငြာချက်ကြောင့် အချိန်အကြပ်အတည်း နှင့်ရင်ဆိုင်ရပြီး ကျားဖြူပါတီ မြို့နယ်ကော်မတီရုံးခွဲ ဆက်တိုက်ဖွင့်လှစ် ရေးထက် ကိုယ်စားလှယ်လောင်းရွေး ချယ်ရေး အတွက် အလျင်စလို ဦးစားပေးရကြောင်း  စုံစမ်းသိရှိရ ပါတယ်။

*"ကျနော်တို့ ကိုယ်စားလှယ်လောင်း စာရင်းအချိန်မှီ တင်ပြဖို့ဘဲ ဦးစားပေးလုပ်နေတယ်။ ပါတီရုံးခွဲ ဖွင့်ဖို့ သိပ်မလုပ် အား တော့ဘူး။ အခုအခြေအနေက ဘယ်မြို့နယ်တွေမှာ ဘယ်သူက ဘယ်လွှတ်တော် အဆင့်မှာ အမတ်လောင်း အဖြစ်ဝင်ပြင်မယ် ဆိုတာဘဲ"*- ဟု ပြန်ကြားရေးတာဝန်ခံ စိုင်းထွန်းအေးကပြောပါ သည်။


၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာ ၇ ရက်တွင်

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်

ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်

ယခုလဆန်းပိုင်းအထိ ပါတီရုံးခွဲဖွင့်နိုင်ခဲ့သည့် မြို့နယ်များ၌ မည်သူက မည်သည့်လွှတ်တော်အဆင့်တွင် ပါဝင်မည်ဆို သည်ကို လျာထားပြီးဖြစ်ကြောင်း၊ ရွေးကောက်ပွဲကော်မရှင်သတ်မှတ်ထားသည့် ကိုယ်စားလှယ် လောင်းစာရင်း တင် သွင်းရက် (ယခုလနောက်ဆုံး) အမီ တင်ပြရေးအတွက် ဗဟိုကော်မတီမှ မြို့နယ်ရုံး ခွဲနှင့် တာဝန်ရှိပုဂ္ဂိုလ်များထံ ညွှန် ကြားထားပြီး ဖြစ်ကြောင်း၊ ရုံးခွဲဖွင့်လှစ်ခြင်းမရှိသေးသည့် မြို့နယ်တို့ တွင်လည်း ကိုယ်စားလှယ်လောင်းများစာရင်း အမြန်ဆုံးရရှိရေးကိုသာ ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ် ကြောင်း ပြော၏။

*"ပါတီဝင် ဦးရေစာရင်းက မနေ့တုန်းက နေပြည်တော်ကို တင်ပြလိုက်ပြီ၊ ဒီလမကုန်ခင်အထိ ကိုယ်စား လှယ်လောင်း စာရင်းတင်ပြနိုင်ဖို့ လုပ်ရမယ်၊ လွှတ်တော် သုံးရပ် မှာ ကျနော်တို့ ဦးစားပေးမှာက ပြည်နယ်လွှတ်တော်ပါ"*- ဟု သျှမ်းသံတော်ဆင့်သို့ ဆက်၍ပြောပြ၏။

ကျားဖြူပါတီ (ခေါ်) သျှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ SNDP သည် သျှမ်းပြည်အတွင်း ၃၉ မြို့နယ် အပြင် ကချင်၊ ကယား (ကရင်နီပြည်)၊ ရန်ကုန်၊ စစ်ကိုင်း နှင့် မန္တလေးတိုင်း တို့တွင်လည်း လူနည်းစု လွှတ်တော်အဆင့် ယှဉ်ပြင်မည်ဖြစ်သည်။

ကျားဖြူပါတီ အနေဖြင့် လျာထားသည့် သျှမ်းပြည်မြောက်ပိုင်း မြို့နယ်အသီးသီး၌ ရုံးခွဲဖွင့်လှစ်ထားပြီးဖြစ် ကြောင်း၊ သံလွင် အရှေ့ခြမ်းဘက်တွင်မူ မိုင်းတုံ၊ မိုင်းဆတ် ၊ သျှမ်းပြည်တောင်ပိုင်းတွင် အောင်ပန်း၊ ကလော နှင့် အခြား ၃-၄ မြို့နယ်၌ ကော်မတီရုံးခွဲဖွင့်လှစ်ရန် ကျန်နေသေးကြောင်း၊ မည်သို့ပင်ဆိုစေ သျှမ်းပြည်လူထု ကောင်းစားရေး ရှေ့တန်း တင်ကာ စေတနာအပြည့်ဖြင့် လုပ်ဆောင်သွားမည်ဖြစ်သော ကြောင့် လူထုထောက်ခံမှု အပြည့်အဝရရှိရန်ရည်ရွယ် ကြောင်း -ပြန်ကြား ရေး တာဝန်ခံ စိုင်းထွန်းအေးက ပြောပြပါသည်။

http://www.mongloi.org/burmese

*ကရင်ပြည်သူများ မဲရွေးချယ်ရန် အကန့်အသတ်ရှိ*

Submitted by Karen Information Center on Wednesday, 18 August 2010No Comment

**ဩဂုတ်လ ၁၇ရက်။ ကေအိုင်စီ**

လာမည့် နိုဝင်ဘာလ ၇ရက်နေ့တွင် ပြုလုပ်မည့် ရွေးကောက်ပွဲတွင် ကရင်ပြည်နယ်အတွင်းရှိ မဲဆန္ဒရှင်များအနေဖြင့် ပါတီ လေးခုမှ ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရမည်ဖြစ်သော်လည်း ယင်းပါတီများအနက် ၃ပါတီမှာ စစ်အစိုးရနှင့် နီးစပ်ကာ ယိမ်းယိုင်နိုင်ကြောင်း ဖားအံမြို့ရှိ မဲပေးပိုင်ခွင့်ရှိသူ စောကြီး*က ဝေဖန်ပြောဆိုသည်။

ကရင်ပြည်နယ်တွင် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ပါတီများတွင် ပါဝင်သူများကို လေ့လာကြည့်လျှင် ပြည်ထောင်စု ကြံ့ ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌသည် လက်ရှိ စစ်အစိုးရ၏ ဝန်ကြီးချုပ်ဖြစ်ပြီး ထိပ်ပိုင်း စစ်အရာရှိကြီးတစ်ဦး ဖြစ်နေသည်။ ၎င်း အပြင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို ဦးဆောင်သူမှာလည်း စစ်မှုဟောင်းတစ်ဦးဖြစ်ပြီး မကြာခင်က ပါတီမှတ်ပုံ တင်ခွင့်ရရှိခဲ့သည့် ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီကိုမူ စစ်အာဏာရှင်၏ လက်ရှိ ဗိုလ်ချုပ်အဆင့်ရှိသူ ပြန်ကြားရေးဝန်ကြီးက လာရောက်ဖွဲ့စည်းထားခဲ့ခြင်းဖြစ်သည်။

ကရင်ပြည်နယ်တွင် စစ်အစိုးရနှင့် ကင်းရှင်းမှုရှိသည်ဟု ယူဆနိုင်သည်မှာ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီတခုသာရှိပြီး လူထု အတွင်းမှ ဖွဲ့စည်းလာသည့်ပါတီဖြစ်သည့်အတွက် မိမိအနေဖြင့် လက်ခံနိုင်ကြောင်း စောကြီး*က ရှင်းပြပြောဆိုခဲ့သည်။

သူက "အခြားပါတီတွေကတော့ စစ်အစိုးရရဲ့ လက်ညိုးထောင်၊ ခေါင်းညိတ်သမားတွေချည်းပဲ။ ခေါင်းခါငြင်းဆန်မဲ့သူတွေ မ ဟုတ်ဘူး။ စစ်အစိုးရပြောသမျှ လိုက်လုပ်မဲ့သူတွေ။ ဒီလူတွေက တိုင်းပြည်နဲ့ လူထုအကျိုးကို တကယ်ကြည့်မှာ မဟုတ်ဘူး။ ကျနော် စိုးရိမ်တာက တကယ်လို့ ဖလုံ-စဝေါ်ပါတီများ မဲအနိုင်ရသွားရင် သူတို့ နိုင်ငံရေးလုပ်ကြံမှုတွေ ဖြစ်မှာတောင်စိတ်ပူမိ တယ်။"ဟု ဆိုသည်။

ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ၏ ယာယီ ဥက္ကဋ္ဌဖြစ်သူ စောခင်မောင်မြင့်က မိမိတို့ပါတီသည် လက်ရှိ လေးပါတီအနက် တစ်ခု တည်းသော ပြည်သူလူထုနှင့် ရင်းနှီးကျွမ်းဝင်မှုရှိကြောင်း ယခုလို ပြောဆိုသွားသည်။

"ကျနော်တို့ပါတီက မဖွဲ့ခင်ကတည်းက လူထုအတွင်း သွားရောက်ပြီး သူတို့ရဲ့ သဘောထားကို မေးကြည့်ပြီးမှ သူတို့ရဲ့တုန့်ပြန် လိုလားမှုအရ ကျနော်တို့ ဖွဲ့လိုက်တာပါ။ နောက်ပြီး မဲဆန္ဒနယ်တွေက ပြည်သူတွေကိုယ်တိုင် ရွေးချယ်လာတဲ့ ကိုယ်စားလှယ် လောင်းကို ကျနော်တို့က အသိအမှတ်ပြုသွားမှာပါ။ ပါတီခေါင်းဆောင်တွေက ရွေးချယ်မှာ မဟုတ်ပါဘူး။"ဟု ပြောသည်။

ထို့အပြင် စစ်အစိုးရ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စစ်တပ်က ၂၅ရာခိုင်နှုန်းသာ နေရာယူထားပြီး အခြားကဏ္ဍများတွင်လည်း ၎င်းတို့လောင်းရိပ်မိသည့် ပါတီငယ်များနှင့်ပါဆိုလျှင် ထိုထက်မက မဲပိုများနေကြောင်း ပြောဆိုသွားခဲ့သည်။

၎င်းက "သူတို့က နည်းနည်းမှ ဟာကွက်မရှိဘူး။ ဒီလေးပါတီထဲက သုံးပါတီက စစ်အစိုးရနဲ့ ဆက်စပ်မှုရှိတဲ့အတွက် စစ်အစိုးရ ဖက်ကို ပါသွားမှာပဲ။ ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဌ စောအောင်ပွင့်ကလည်း (တစည)ပါတီက လူတွေနဲ့ အများကြီး နီးစပ်မှုတွေရှိနေတယ်။"ဟု ပြောသည်။

ကရင်ပြည်နယ်တွင် မဲဆန္ဒနယ်မြေ ၇ခုရှိပြီး ထိုနယ်မြေများတွင် ဤပါတီလေးပါတီက လာမည့် နိုဝင်ဘာလ ၇ရက် ရွေး ကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

*(အမည်ရင်းမဟုတ်)

http://www.kicnews.org/

**အညာဒေသ စားနပ်ရိက္ခာဖူလုံရေး ကုလသမဂ္ဂ ဦးဆောင် ဆွေးနွေး**

**2010-08-18**

ပူပြင်းခြောက်သွေ့တဲ့ မြန်မာနိုင်ငံ အလယ်ပိုင်းနဲ့ အထက်ပိုင်းဒေသတွေမှာ လူတွေ စားနပ်ရိက္ခာ ဖူလုံဖို့ နဲ့ ဝင်ငွေရနိုင်မယ့် အခွင့်အလမ်းတွေ ဖော်ထုတ်ပေးနိုင်ဖို့ မြန်မာ့ လူသားချင်းစာနာမှုဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့က ရန်ကုန်မြို့မှာ ဩဂုတ်လ ၁၇ ရက် မနေ့က အစည်းအဝေးတရပ် ကျင်းပခဲ့ပါတယ်။



(Photo: AFP)

မန္တလေးမြို့၊ မဟာ ဂန္ဓာရုံ ကျောင်းတိုက်မှ သံဃာတပါးက ဆွမ်းခံ၍ ရရှိလာသော စားစရာများကို စားရမဲ့ သောက်ရမဲ့ ကလေးများနှင့် မိသားစုများကို ၂၀၀၉ စက်တင်ဘာ ၂၉ ရက်နေ့က ပေးဝေနေပုံ ဖြစ်ပါသည်။ (Photo: AFP)

မကွေးတိုင်း။ မန္တလေးတိုင်းနဲ့ စစ်ကိုင်းတိုင်းအောက်ဖက်တွေက ပြည်သူတွေ စားနပ်ရိက္ခာမဖူလုံသလို။ မိုးခေါင်ရေရှားမှုက ဒေသခံပြည်သူတွေရဲ့ အနာဂတ်ဘဝတွေကို ခြိမ်းခြောက်နေတယ်လို့ အဲဒီကြေညာချက်မှာ ဖော်ပြထားပါတယ်။

မြန်မာ့ လူသားချင်းစာနာမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှာ နိုင်ငံတကာ အလှူရှင်တွေ၊ ကုလသမဂ္ဂ အဖွဲ့အစည်းတွေ၊ အန်ဂျီအိုတွေနဲ့ တခြားလူမှုရေး အဖွဲ့အစည်းတွေ ပါဝင်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလအထိ မကွေးတိုင်းထဲက စစ်တမ်း ကောက်ယူခဲ့တဲ့ ဒေသတွေမှာ အစားအစာ မလုံလောက်မှု ၆၅ ရာခိုင်နှုန်း ရှိပြီး ၊ မန္တလေးတိုင်းမှာလည်း အာဟာရ မပြည့်ဝတာကို နေရာအတော်များများမှာ တွေ့ရတယ်လို့ ဆိုပါတယ်။ အဲဒီထဲမှာ အသက် ၂ နှစ်အောက်ကလေး ၁၂ ရာခိုင်နှုန်းကျော်က အရေးပေါ် အာဟာရ လိုအပ်နေတယ်လို့ ဖော်ပြထားပါတယ်။

မြန်မာ့လူသားချင်း စာနာမှုဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ရဲ့ မနေ့က အစည်းအဝေးမှာ ရခိုင်ပြည်နယ်မြောက်ပိုင်းက ရေဘေးဒုက္ခသည်တွေ ပြန်လည် ထူထောင်ရေး ဆောင်ရွက်ပေးဖို့ကိုလည်း ဆွေးနွေးကြတယ်လို့လည်း သိရပါတယ်။

**ဖမ်းဆီးထားသည့် ရခိုင်ဆရာတော်ကို ပုဒ်မ ၇ ခုတပ်ပြီး တရားစွဲ**

**2010-08-18**

ဇူလိုင်လ ၂၇ ရက်နေ့ကတည်းက လူဝတ်လဲ ဖမ်းဆီးခံထားရတဲ့ ရခိုင်ပြည်နယ် စစ်တွေမြို့မဟာမုနိ ဗုဒ္ဓဝိဟာရကျောင်းက သမိုင်း သုတေသီ ကျောင်းထိုင် ဆရာတော် ဦးပညာစာရကို မနေ့က ရုံးထုတ်ပြီး အစိုးရ တရားလိုပြသက်သေ ၂ ဦးကို ရုံးထုတ်စစ်ဆေးခဲ့တယ်လို့ သိရပါတယ်။

ဆရာတော်ကို စစ်တွေမြို့ အမှတ် (၁) ရဲစခန်းမှာ ချုပ်နှောင် ထိန်းသိမ်းထားကနေ အခု စစ်တွေအကျဉ်းထောင်ကို ပို့ဆောင်လိုက်ပြီ ဖြစ်ပြီး ကျန်းမာရေး ကောင်းမွန်တယ်လို့ စစ်တွေမြို့ အခြေစိုက် ရခိုင်တိုင်းရင်သားများ တိုးတက်ရေးပါတီရဲ့ ဥက္ကဋ္ဌ ဒေါက်တာအေးမောင်က ပြောပါတယ်။

"ကျွန်တော်တို့ ကြားရတဲ့ သတင်းအရဆိုရင်တော့ ကျန်းမာရေး ကောင်းပါတယ်တဲ့။ ဒီ မနေ့ကပေါ့နော်၊ ၁၇ ရက်နေ့က ဆရာတော်ကို ရုံးထုတ်ပြီးခါမှ တရားလိုပြ သက်သေတွေကို စစ်တယ်လို့ ကြားပါတယ်။ ဒီ လက်ရှိပေါ့နော်၊ မြန်မာနိုင်ငံရဲ့ တည်ဆဲဥပဒေအရ နိုင်ငံသားတွေရဲ့ လွတ်လပ်တဲ့ ဒီ နိုင်ငံသားတဦးရဲ့ ရပိုင်ခွင့် ဘောင်ထဲကပေါ့နော်၊ ဆရာတော်ကို မျှမျှတတ တရားစီရင် စစ်ဆေးနိုင်မယ်လို့ပဲ ကျွန်တော်တို့က ယုံကြည်ပါတယ်။ လက်ရှိ ကျွန်တော်တို့ သိရသလောက်လည်း ဆရာတော်ဖက်က လိုက်ပါတဲ့ အကျိုးဆောင်ရှေ့နေ ဒေါ်အေးနုစိန်က ဒီဆရာတော်ဖက်က လျှောက်လဲနေတယ်လို့လည်း ကြားပါတယ်။"

ဆရာတော် အရှင် ဦးပညာစာရဟာ သက်တော် ၅၇၊ ဝါတော် ၃၇ ရှိပြီး၊ မဟာမုနိ ဗုဒ္ဓဝိဟာရကျောင်းရဲ့ ကျောင်းထိုင်ဆရာတော်ဖြစ်ပါတယ်။ ဆရာတော်ဟာ မိဘမဲ့ ပရဟိတ ကျောင်းတခု ဖွင့်လှစ်ထားပြီး၊ ကလေးငယ် အယောက် ၁၂၀ လောက်ကို ပြုစုစောင့်ရှောက်ထား တယ်လို့ သိရပါတယ်။ ဆရာတော်ကို ဖမ်းဆီးပြီးနောက် စစ်အစိုးရ အာဏာပိုင်တွေက ကလေးအယောက် ၉၀ လောက်ကို မန္တလေးမြို့နဲ့ မကွေးမြို့တို့ကို နှစ်သုတ်ခွဲ ခေါ်ဆောင်သွားခဲ့ တယ်လို့ သိရပါတယ်။

ဒ့ါပြင် ဆရာတော် နှစ်ပေါင်းများစွာ ပြုစုထားခဲ့တဲ့ ပေစာ၊ ပရပိုက်စာ၊ ဒင်္ဂါးပြား စတဲ့ သမိုင်းအထောက်အထားဆိုင်ရာ သေတ္တာလေးလုံးနဲ့တကွ ဆရာတော်ရဲ့ကျောင်းတိုက်ကိုပါ ချိပ်ပိတ် သိမ်းဆည်းသွားခဲ့တယ်လို့ မြို့ခံတွေက ပြောပါတယ်။

ဆရာတော်ကို ဖမ်းဆီးစဉ်က ရခိုင်ဘုရင် မင်းဆက်ပျက်သုဉ်းပြီး လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၂၆ နှစ်ကစလို့ မြန်မာနိုင်ငံ လက်အောက်ကို ရခိုင်ပြည် ရောက်ရှိခဲ့ရတဲ့ သမိုင်းကြောင်း စာအုပ်တအုပ်နဲ့ လက်ရှိ စစ်အစိုးရလက်ထက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပါ အားနည်းချက်တွေကို ဝေဖန်ထောက်ပြ ထားတဲ့ စာအုပ်တအုပ် သိမ်းဆည်းရမိခဲ့တယ်လို့ အာဏာပိုင်တွေနဲ့ နီးစပ်သူတွေက ပြောပါတယ်။

လောလောဆယ်မှာ ဆရာတော်ကို ဘာသာ သာသနာ ညှိုးနွမ်းစေမှု၊ သာသနာ့မြေကို ဂုားရမ်း အသုံးပြုမှု၊ နိုင်ငံတည်ငြိမ်ရေးကို ထိပါးနှောင့်ယှက်မှု၊ လိမ်လည်မှု၊ စည်ပင်သာယာ အက်ဥပဒေ၊ တရားမဝင် နိုင်ငံခြားငွေ ကိုင်ဆောင်မှု၊ နိုင်ငံခြားငွေ လဲလှယ်ရေး အက်ဥပဒေ စတဲ့ ပုဒ်မ ၇ ခုတပ် တရားစွဲဆိုထားတယ်လို့ သိရပါတယ်။ ဆရာတော် ဦးပညာစာရ ထိန်းသိမ်းခံထားရတဲ့အတွက် ပြည်တွင်းပြည်ပက ရခိုင်လူထုကြား အတော်မကျေမနပ် ဖြစ်နေကြပြီး ဆရာတော်လွတ်မြောက်ရေး အတွက် တောင်းဆိုနေကြပါတယ်။

**UDP ပါတီကြေညာချက်ကို စာစောင်မှာ ဖော်ပြခွင့်ပိတ်ပင်**

**2010-08-18**

ပြည်ထောင်စု ဒီမိုကရေစီ (UDP) ပါတီက ဩဂုတ်လ ၉ ရက်နေ့မှာ ပြည်သူလူထုကြား ဖြန့်ဝေခဲ့တဲ့ ကြေညာချက်ကို UDP ပါတီရဲ့ စာစောင်ဖြစ်တဲ့ The Union ဆိုတဲ့စာစောင်မှာ ထည့်သွင်း ဖော်ပြခြင်း မပြုဖို့ စာပေစိစစ်ရေးအဖွဲ့က ညွှန်ကြားထားကြောင်း သိရပါတယ်။



(Photo: AFP)

မြန်မာစစ်အစိုးရက ရွေးကောက်ပွဲဥပဒေ ထုတ်ပြန်ကြေညာသည့် သတင်းကို မတ်လ ၉ ရက်နေ့က လမ်းဘေး လက်ဖက်ရည်ဆိုင်တခုတွင် ဖတ်ရှုနေသူများ ဖြစ်ပါသည်။ (Photo: AFP)

UDP ပါတီက သူတို့ရဲ့ Union စာစောင်ကို ဒုတိယအကြိမ်မြောက် ထုတ်ဖို့ ရှိနေပြီး၊ အဲဒီလို မထုတ်ဝေခင်မှာ ဩဂုတ်လ ၁၃ ရက် နေ့စွဲနဲ့ စာပေစိစစ်ရေး လက်ထောက်ညွှန်ကြားရေးမှူး လက်မှတ်ရေးထိုးပြီး တားမြစ်စာ ပို့လာကြောင်း UDP ပါတီရဲ့ ပြောခွင့်ရသူ ဦးသန်းမင်းစိုးက RFA ကို ပြောပါတယ်။

"ပြည်ထောင်စု ဒီမိုကရေစီ ပါတီက သတင်း ထုတ်ပြန်ချက်တခု ကျွန်တော်တို့ ထုတ်ထားတာ ရှိတယ်။ အဲဒီ သတင်းထုတ်ပြန်ချက်ကိုတဲ့၊ ကျွန်တော်တို့ ပါတီက ထုတ်မဲ့ ယူနီယံစာစောင်မှာ ထည့်သွင်း ဖော်ပြခွင့် မပြုဘူးဆိုတဲ့ အကြောင်း ၁၃ ရက်နေ့ ရက်စွဲနဲ့ပေါ့နော်၊ သူတို့က အကြောင်းကြားတာ။ ကျွန်တော်တို့ကဗျာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ ဖြစ်အောင် ဆက်လက်ပြီး ကြိုးစားသွားမယ်ဆိုတဲ့အကြောင်း ရေးထားတာပေါ့။ ကြံ့ခိုင်ဖွံ့ဖြိုးရေးက ဘာဖြစ်တယ်၊ ညာဖြစ်တယ် အဲဒါမျိုး ရေးထားတာ။ ကျွန်တော်တို့ နောက်ထုတ်မဲ့ The Union စာစောင်မှာ ဖော်ပြခွင့် မပြုဘူးဆိုတဲ့ အကြောင်း အကြောင်းကြားပါသည်တဲ့။ အောက်က ညွှန်ကြားရေးမှူး ကိုယ်စား ဆန်းညွှန့် လက်ထောက် ညွှန်ကြားရေးမှူးတဲ့။

အဲဒီကြေညာချက်ဟာ လူထုကြားနဲ့ အင်တာနက်ပေါ်မှာ ပြန့်နေပြီး၊ ဘာကြောင့် ထည့်သွင်းဖော်ပြခွင့် မပေးသလဲ ဆိုတာကိုတော့ စာပေစိစစ်ရေးအဖွဲ့က တိကျတဲ့အကြောင်းပြချက် မပေးဘူးလို့ ဆိုပါတယ်။

တကယ်တော့ UDP ပါတီရဲ့ ကြေညာချက်ဟာ နိုင်ငံရေးစာပေ လွတ်လပ်ခွင့်အရ ခွင့်ပြုချက်ကျထားတဲ့ ကြေညာချက်တစောင် ဖြစ်တယ်လို့ ဦးသန်းမင်းစိုးက ပြောပါတယ်။

"ဒီ ကြေညာချက်ကဗျာ၊ သူတို့ ကျွန်တော်တို့ ပြည်သူတွေကို အခု ဝေတယ်ဗျာ၊ ကျွန်တော်တို့က။ အားလုံး ပြည်သူတွေ ဖြန့်တယ်၊ အင်တာနက်ပေါ် တင်ပေးတယ်။ အဲဒါကျတော့ သူတို့က မပိတ်ပဲနဲ့၊ ဒီ ဂျာနယ်မှာ ထည့်မဲ့ဟာကျတော့ ထည့်ခွင့်မပေးဘူး။ ကျွန်တော်တို့က ဘာလုပ်ရလဲဆိုတော့ ထုတ်ပြန်ကြေညာချက်တွေ ထုတ်ရင် သူတို့ စာပေစိစစ်ရေးကို အမြဲတမ်း ပို့ပေးရတယ်။ စာပေစိစစ်ရေးကို ၁၀ စောင် ပို့ပေးရတယ်။ နေပြည်တော် ကော်မရှင်ရုံးကို တစောင် ပို့ပေးရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က ဟိုဟာနဲ့ ထုတ်ရတာကိုး၊ နသ နဲ့ ထုတ်ရတာကိုး။ နိုင်ငံရေးစာပေ လွတ်လပ်ခွင့် ထုတ်တဲ့ ကြေညာချက်တွေရော၊ စာစောင်တွေရော အကုန်လုံး သူတို့ဆီကို ၁၀ စောင် ပို့ပေးရမယ် ညွှန်ကြားချက်ပါတယ်။

မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲ ကျင်းပမဲ့အချိန် နီးလာတာနဲ့အမျှ နိုင်ငံရေးပါတီတွေရဲ့ စာစောင်တွေအပါအဝင် ပြည်တွင်းထုတ် ဂျာနယ်တွေကို စာပေစိစစ်ရေးအဖွဲ့က တင်းကျပ်စွာ စောင့်ကြည့် ကိုင်တွယ်မှုတွေ ရှိကြောင်း ရန်ကုန် စာနယ်ဇင်းလောကမှာ ပြောဆိုနေပါတယ်။

**အမေရိကန်ထောက်ခံမှုကို အာဆီယံလူ့အခွင့်အရေးအဖွဲ့ကြိုဆို**

**2010-08-18**

ကုလသမဂ္ဂ ဦးဆောင်ပြီး မြန်မာနိုင်ငံက လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို စုံစမ်းစစ်ဆေးရေး ကော်မရှင်ဖွဲ့ဖို့ အမေရိကန်အစိုးရက ထောက်ခံလိုက်တာကို အာဆီယံ လူ့အခွင့်အရေးဆိုင်ရာအဖွဲ့က ဩဂုတ်လ ၁၈ ရက် ဒီကနေ့ ကြိုဆိုလိုက်ပါတယ်။



(Photo: AFP)

အရှေ့တောင် အာရှနိုင်ငံများ အဖွဲ့ (အာဆီယံ) အစည်းအဝေးတခုတွင် အာဆီယံ၏ အလံ (ယာအစွန်) နှင့် အဖွဲ့ဝင် နိုင်ငံများ၏ အလံကို စိုက်ထူထားပုံ ဖြစ်ပါသည်။ (Photo: AFP)

အစိုးရလက်အောက်ခံအဖွဲ့ဆိုပေမဲ့ အခုလို စုံစမ်းစစ်ဆေးရေး ကော်မရှင်စေလွှတ်ဖို့ ကိစ္စကို ထောက်ခံပါတယ်လို့ အာဆီယံ လူ့အခွင့်အရေး ဆိုင်ရာအဖွဲ့ရဲ့ ပြောခွင့်ရပုဂ္ဂိုလ် Carlos Medina က RFA ကို ပြောပါတယ်။

ကျွန်တော်တို့ ကြိုဆိုပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျနော်တို့ ဥက္ကဋ္ဌ ကိုယ်တိုင်လည်း နိုင်ငံတခုချင်းစီထက် ဒေသတခုလုံးရဲ့ လူ့အခွင့်အရေး အခြေအနေတွေ တိုးတက်လာဖို့အတွက် ဒီလိုကိစ္စမျိုးကို ဦးစားပေး ဆောင်ရွက်နေပါတယ်လို့ သူက ပြောသွားပါတယ်။

အစိုးရလက်အောက်ခံ အာဆီယံ လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းတွေကို မြန်မာနိုင်ငံ အပါအဝင် ပြီးခဲ့တဲ့ နိုဝင်ဘာလက နိုင်ငံအလိုက် စတင်ဖွဲ့စည်းခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ ကျင်းပမဲ့ ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ လွတ်လပ်မှု ရှိမရှိဆိုတာ အာဆီယံ လူ့ အခွင့်အရေးဆိုင်ရာ အဖွဲ့အနေနဲ့ မေးခွန်းထုတ်နေသလို ဒီသီတင်းပတ်အကုန်မှာလည်း အဖွဲ့ဝင် နိုင်ငံတွေအနေနဲ့ ဗန်ကောက်မြို့မှာ အစည်းအဝေးကျင်းပဖို့ ရှိပြီး သဘောထား ထုတ်ပြန်ကြေညာမယ်လို့ မစ္စတာ ကာလိုစ်က RFA ကို ပြောသွားပါတယ်။

နိုဝင်ဘာလမှာ စစ်အစိုးရကျင်းပမဲ့ ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ အာဆီယံလူ့ အခွင့်အရေးဆိုင်ရာအဖွဲ့ရဲ့ သဘောထားကိုလည်း RFA မှ မအင်ကြင်းနိုင်က ဆက်သွယ် မေးမြန်းထားပါတယ်။

**ဒုတိယပင်လုံညီလာခံ ခေါ်ယူဖို့ ဦးဝင်းတင်အဆိုပြု**

2010-08-18

မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲ ကျင်းပတာ၊ အုပ်ချုပ်ရေးမှာ လွှတ်တော်တွေ ပေါ်ပေါက်လာတာတွေ ရှိလင့်ကစား အန်အယ်လ်ဒီပါတီက ကြိုးပမ်းနေတဲ့ အမျိုးသားပြန်လည် သင့်မြတ်ရေးလမ်းခရီးက ဆက်လက် ရှင်သန်နေမှာ ဖြစ်တယ်လို့ ပါတီခေါင်းဆောင်တဦးဖြစ်သူ ဦးဝင်းတင်က ပြောပါတယ်။



(Photo: AFP)

NLD ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဦးဝင်းတင် (အလယ်၊ အကျီပြာ) ဇွန်လ ၁၉ ရက်နေ့က ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်တွင် ကျင်းပသည့် ဒေါ်အောင်ဆန်းစုကြည်၏ ၆၅ နှစ်မြောက် မွေးနေ့အခမ်းအနား တက်ရောက်နေပုံ ဖြစ်ပါသည်။ (Photo: AFP)

ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဦးဆောင်တဲ့ စစ်အစိုးရနဲ့ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ ဒီမိုကရေစီ အင်အားစုတွေအကြား အမျိုးသားပြန်လည် သင့်မြတ်ရေးလမ်းကြောင်းမှာ အဓိက အတားအဆီးတခု ဖြစ်နေတာက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေဖြစ်ကြောင်း၊ ဒီဥပဒေကို ပြင်ဆင်ဖို့အတွက်ဆိုရင် ဒုတိယ ပင်လုံညီလာခံ ခေါ်ယူပြီး ညှိနှိုင်းဆောင်ရွက်ရမှာ ဖြစ်ကြောင်း သူက ထောက်ပြပါတယ်။

အန်အယ်လ်ဒီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင် ကို RFA အဖွဲ့သား ကိုကျော်ကျော်အောင်က ဆက်သွယ် မေးမြန်းထားပါတယ်။

[ဆက်သွယ်မေးမြန်းခ□က်]

[အသံဖိုင်ယူရန်]

**စုံစမ်းရေးကော်မရှင်ဖွဲ့ဖို့ အမေရိကန် ထောက်ခံချက်ကို ဗြိတိန်မှအဖွဲ့က ကြိုဆို**

2010-08-18

မြန်မာနိုင်ငံမှာ ဖြစ်ပွားနေတဲ့ လူသားဖြစ်မှုကို ဆန့်ကျင်တဲ့ ရာဇဝတ်မှုနဲ့ စစ်ရာဇဝတ်မှုတွေကို စုံစမ်းစစ်ဆေးမဲ့ ကုလသမဂ္ဂ ကော်မရှင်တရပ် ထူထောင်ရေးကိစ္စကို အမေရိကန်ပြည်ထောင်စုက ဩဂုတ်လ ၁၇ ရက် အင်္ဂါနေ့မှာ ထောက်ခံလိုက်တဲ့အတွက် ဗြိတိန်နိုင်ငံအခြေစိုက် မြန်မာ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး အဖွဲ့ဖြစ်တဲ့ Burma Campaign UK က ကြိုဆိုလိုက်ပါတယ်။



(Photo: AFP)

၂၀၀၇ ခုနှစ်က ငြိမ်းချမ်းစွာ ဆန္ဒပြသော သံဃာနှင့် လူထုကို အာဏာပိုင်များက စက်တင်ဘာလကုန်တွင် အကြမ်းဖက် နှိမ်နင်း သတ်ဖြတ် ဖမ်းဆီးခဲ့ပြီး သည့်နောက် အသတ်ခံထားရသော သံဃာတပါး၏ ရုပ်အလောင်းကို စက်တင်ဘာ ၃၀ ရက်နေ့တွင် တွေ့မြင်ရပုံ ဖြစ်ပါသည်။ (Photo: AFP)

တဆက်တည်းမှာပဲ ၊ မြန်မာစစ်အစိုးရ အပေါ် ဖိအားပေးရေးအတွက် သမတ အိုဘားမားရဲ့ အစိုးရ အဖွဲ့ဟာ ငွေရေးကြေးရေးဆိုင်ရာ ပိတ်ဆို့ အရေးယူမှုကိုလည်း ပိုမို တင်းကျပ်ဖို့ စဉ်းစားနေတယ်လို့ အမည်မဖော်လိုတဲ့ အမေရိကန် အစိုးရ အရာရှိတွေက ပြောဆိုတယ်လို့ သိရှိရပါတယ်။

မြန်မာနိုင်ငံ အပေါ် သံတမန် လမ်းကြောင်းက တိုးမြှင့်ဆက်ဆံခဲ့ပေမဲ့လည်း အပြုသဘောဆောင်တဲ့ ရလဒ်တွေ မရရှိခဲ့ဘူးလို့လည်း အမေရိကန် အစိုးရ အရာရှိ တဦးက ပြောပါတယ်။အခုလို ကုလသမဂ္ဂ ကော်မရှင် ထူထောင်တာ ထောက်ခံဖို့ ဆုံးဖြတ်ရခြင်းရဲ့ အခြေခံ အကြောင်းတရားတွေက တော့ မြန်မာစစ်အစိုးရဟာ လူအစုလိုက် အပြုံလိုက်အပေါ် ရာဇဝတ်မှုတွေ ကျူးလွန်တယ်ဆိုတဲ့ စွပ်စွဲချက်ဟာ အခြေအမြစ် ရှိကြောင်း သုံးသပ်ချက်နဲ့ မြန်မာစစ်အစိုးရဟာ ဒီမိုကရေစီ ဖော်ဆောင်ရေး အတွက် ရှေ့ကို တက်လှမ်းလာခြင်း မရှိဘူးဆိုတဲ့ အချက်တွေအပြင် အခုလိုကော်မရှင် ထူထောင်ရေးကိစ္စ အပေါ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ NLD ပါတီက ထောက်ခံတယ် ဆိုတဲ့ အချက်တွေရယ်ကြောင့် ဖြစ်ကြောင်း အမေရိကန် အစိုးရ ထိပ်တန်းအရာရှိတဦးက ပြောဆိုပါတယ်။

အမေရိကန် အစိုးရဟာ မြန်မာနိုင်ငံ အပေါ်ချမှတ်ထားတဲ့ မူဝါဒနဲ့ ပတ်သက်လို့ လက်ရှိအခြေအနေကို အချိန်ကြာမြင့်စွာ အကဲခတ်ပြီး ဌာနတွင်း ပြန်လည်သုံးသပ်မှု တရပ် ပြုလုပ်ခဲ့ကြောင်း၊ ခုလို မြန်မာနိုင်ငံမှာ ကျူးလွန်တဲ့ ပြစ်မှုတွေအတွက် ကုလသမဂ္ဂ ကော်မရှင် ထူထောင်ဖို့ ထောက်ခံတာဟာ အမေရိကန် ပြည်ထောင်စုရဲ့ မူဝါဒနဲ့လည်း ကိုက်ညီကြောင်း၊ မိမိတို့ရဲ့ သံတမန်လမ်းကြောင်းက တိုးမြှင့် ဆက်ဆံတာဟာ မြန်မာစစ်အစိုးရကို ချီးမြှောက်နေခြင်း မဟုတ်ပဲ ရလဒ်တခု ထွက်ဖို့ ကျင့်သုံးတဲ့ နည်းလမ်းတခုအနေနဲ့ အသုံးပြုခြင်းသာ ဖြစ်တယ်လို့လည်း ဆိုပါတယ်။

အမေရိကန် အစိုးရဟာ ခုလို ကုလသမဂ္ဂ ကော်မရှင် ထူထောင်ရေးအတွက် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီမှာ ဆုံးဖြတ်ချက်ချစေ၍ ဖြစ်စေ။ ဒါမှမဟုတ် ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်မှာ ထည့်သွင်းစေ၍ ဖြစ်စေ တွန်းအားပေး ဆောင်ရွက်နိုင်ကြောင်း သိရပါတယ်။

**မြန်မာစစ်အစိုးရ၏ ရာဇဝတ်မှုများ စုံစမ်းရေးကော်မရှင်ဖွဲ့ရန် အမေရိကန် ထောက်ခံ**

2010-08-18

ကုလသမဂ္ဂအဖွဲ့အနေနဲ့ မြန်မာစစ်အစိုးရ ကျူးလွန်နေတဲ့ စစ်ရာဇဝတ်မှုတွေနဲ့ လူသားဖြစ်တည်မှုကို ဆန့်ကျင်တဲ့ ရာဇဝတ်မှုတွေကို စုံစမ်းစစ်ဆေးဖို့အတွက် ကော်မရှင်တရပ်ဖွဲ့စည်းရေးကို အမေရိကန်အစိုးရက ထောက်ခံကြောင်း ဩဂုတ်လ ၁၇ ရက် မနေ့က ကြေညာလိုက်ပါတယ်။



(Photo: AFP)

ရွှေဝါရောင် သံဃာနှင့် လူထု အုံကြွလှုပ်ရှားမှုကြီးကို စစ်အစိုးရက အကြမ်းဖက် နှိမ်နင်းဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသော လူငယ်တဦးကို ၂၀၀၇ စက်တင်ဘာ ၂၈ ရက်က တွေ့ရပုံ ဖြစ်ပါသည်။ (Photo: AFP)

အမေရိကန်အစိုးရဟာ သူ့ရဲ့ လုပ်ပိုင်ခွင့်အာဏာကို အသုံးပြုပြီး ကုလသမဂ္ဂ စုံစမ်းစစ်ဆေးရေး ကော်မရှင်ဖွဲ့စည်းရေးကို ပံ့ပိုးကူညီမှာ ဖြစ်သလို မြန်မာစစ်အစိုးရအပေါ် ပိုပြီးတင်းကျပ်တဲ့ ပိတ်ဆို့တားဆီးမှုတွေကို ချမှတ်ဖို့ စီစဉ်ဆောင်ရွက်နေကြောင်း အမည်မဖော်လိုတဲ့ အိမ်ဖြူတော်ပြောခွင့်ရ အရာရှိက ပြောပါတယ်။

အမေရိကန်အစိုးရရဲ့ ဒီဆုံးဖြတ်ချက်အပေါ် ဗြိတိန်နိုင်ငံက မြန်မာ့အရေးလှုပ်ရှားမှုအဖွဲ့ (Burma Campaign UK) ရဲ့ ဒါရိုက်တာ Mark Farmaner က ကြိုဆိုလိုက်ပါတယ်။

အမေရိကန်အစိုးရရဲ့ ဒီဆုံးဖြတ်ချက်ဟာ ကုလသမဂ္ဂရဲ့ မြန်မာအစိုးရအပေါ် စစ်ဆေး အရေးယူမှုတွေအပေါ် အထူးပဲ အကျိုးသက်ရောက်မှု ရှိမယ်လို့ ယုံကြည်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကမ□ာမှာ အမေရိကန်နိုင်ငံဟာ အင်အားကြီးနိုင်ငံတခု ဖြစ်လို့ပါပဲ။ ကုလသမဂ္ဂရဲ့ ဒီအစီအစဉ်ကို ထောက်ခံအားပေးတဲ့ နိုင်ငံအတော်များများရှိပေမဲ့ အခုလို ထုတ်ဖော်ပြောဆိုဖို့ ဝန်လေးနေကြတာတွေဟာလည်း အခု အမေရိကန်အစိုးရရဲ့ ဆုံးဖြတ်ချက်ကြောင့် သူတို့ရဲ့ဆန္ဒတွေကို ဖော်ထုတ်လာကြလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါကြောင်း Mark Farmaner ပြောသွားပါတယ်။

မြန်မာစစ်အစိုးရအပေါ် ကုလသမဂ္ဂရဲ့ စုံစမ်းစစ်ဆေးရေး အစီအစဉ်ကို ထောက်ခံတဲ့ နိုင်ငံတွေထဲမှာ အမေရိကန်နိုင်ငံဟာ ၅ နိုင်ငံမြောက် ဖြစ်ပါတယ်။ ကုလသမဂ္ဂရဲ့ ဒီအစီအစဉ်အပေါ် ဥရောပသမဂ္ဂ နိုင်ငံတွေက ပါဝင်ပတ်သက်မှု မရှိသေးတဲ့အတွက်လည်း Mark Farmaner က ဝေဖန်ပါတယ်။

ဥရောပသမဂ္ဂနိုင်ငံတွေထဲက တချို့နိုင်ငံတွေဟာ မြန်မာစစ်အစိုးရရဲ့ လူ့အခွင့်အရေး ချိုးဖောက်နေမှုတွေကို လစ်လျူရှုနေတာ တွေ့ရကြောင်း ဥရောပသမဂ္ဂအနေနဲ့ ကုလသမဂ္ဂရဲ့ စီစဉ်ဆောင်ရွက်မှုမှာ ဝိုင်းဝန်းပံ့ပိုးကူညီဖို့ ဆန္ဒထုတ်ဖော်သင့်ပြီ ဖြစ်ကြောင်း သူက ပြောသွားပါတယ်။

အလားတူပဲ အမေရိကန်နိုင်ငံအခြေစိုက် မြန်မာ့အရေးလှုပ်ရှားမှုအဖွဲ့ (Burma Campaign US) အဖွဲ့အမှုဆောင်ဒါရိုက်တာ ဦးအောင်ဒင်ကလည်း အမေရိကန်အစိုးရရဲ့ ဆုံးဖြတ်ချက်ကို ကြိုဆိုလိုက်ပြီး ဒီဆုံးဖြတ်ချက်ကြောင့် တခြား ကမ□ာ့နိုင်ငံတွေကလည်း အမေရိကန်အစိုးရနဲ့ အတူ ပူးပေါင်းပါဝင်လာဖို့ မျှော်လင့်ပါတယ်လို့ ပြောပါတယ်။

အမေရိကန်အစိုးရအနေနဲ့ မြန်မာစစ်အစိုးရအပေါ် ယုံကြည်မှု မရှိတဲ့အခြေအနေနဲ့ မြန်မာစစ်အစိုးရကျင်းပမဲ့ ရွေးကောက်ပွဲကို အသိအမှတ်ပြုမှာ မဟုတ်ဘူးဆိုတာ အတိအလင်း ထုတ်ဖော်ပြသလိုက်တာ ဖြစ်တယ်လို့လည်း ဦးအောင်ဒင်က ဆိုပါတယ်။

အခုလို အမေရိကန်အစိုးရက ဆုံးဖြတ်လိုက်တဲ့အတွက် လာမဲ့လမှာ ကျင်းပမဲ့ ကုလသမဂ္ဂ အစည်းအဝေးတွေမှာ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်ကို တင်သွင်းတဲ့အခါ မြန်မာနိုင်ငံက သက်ဆိုင်ရာအဖွဲ့အစည်းတွေက ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီကဖြစ်စေ၊ ကုလသမဂ္ဂညီလာခံကဖြစ်စေ စုံစမ်းရေးကော်မရှင်ဖွဲ့ပြီး မြန်မာနိုင်ငံက စစ်ရာဇဝတ်မှုတွေကို စုံစမ်းစစ်ဆေးတဲ့ တောင်းဆိုချက်တွေ ပါဝင်လာဖို့ မျှော်လင့်ပါတယ်၊ ဒါကြောင့် အမေရိကန်အစိုးရရဲ့ထောက်ခံမှုက အင်မတန်အားရှိပါတယ်။ ကုလသမဂ္ဂရဲ့ ဒီအစီအစဉ်ကို ဩစတြေးလျ၊ ဗြိတိန် ၊ ချက် သမတနိုင်ငံနဲ့ ဆလိုဗက်ကီးယား နိုင်ငံတွေက ထောက်ခံထားပြီး ဖြစ်တဲ့အတွက် အခုလို အမေရိကန်အစိုးရ ပါဝင်လာတဲ့အတွက် တခြား ကမ□ာ့နိုင်ငံတွေကလည်း အမေရိကန်အစိုးရနဲ့အတူ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်ကို ပိုပြီး ပြင်းထန်လာအောင် ဝိုင်းဝန်းကြိုးပမ်းကြလိမ့်မယ်လို့ မျှော်လင့်ကြောင်းလည်း ဦးအောင်ဒင်က ပြောပါတယ်။

CSW လို့ခေါ်တဲ့ ကမ□ာ့ ခရစ်ယာန် ညီညွတ်ရေးအဖွဲ့ကလည်း အမေရိကန်အစိုးရရဲ့ ဆုံးဖြတ်ချက်ကို ကြိုဆိုလိုက်ပြီး ဥရောပသမဂ္ဂ နိုင်ငံတွေကလည်း ကုလသမဂ္ဂရဲ့ ဒီအစီအစဉ်ကို ပံ့ပိုးကူညီကြဖို့ တောင်းဆိုလိုက်ပါတယ်။

ကုလသမဂ္ဂ လူ့အခွင့်အရေး ကိုယ်စားလှယ်တဦးက မြန်မာစစ်အစိုးရရဲ့ နိုင်ငံရေးလှုပ်ရှားသူတွေနဲ့ တိုင်းရင်းသား လက်နက်ကိုင်တွေအပေါ် ချေမှုန်းနေမှုတွေကို အရေးယူစုံစမ်းဖို့ တောင်းဆိုလိုက်ပါတယ်။ မြန်မာနိုင်ငံက လူသားချင်းစာနာမှု ကင်းမဲ့တဲ့ ရာဇဝတ်မှုတွေအတွက် မြန်မာစစ်အစိုးရ ခေါင်းဆောင်ပိုင်း အထူးသဖြင့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေရဲ့ အခန်းကဏ္ဍကို အဓိကထား စစ်ဆေးအရေးယူဖို့ အရေးကြီးတဲ့အကြောင်း အမေရိကန်အစိုးရ ထိပ်တန်း ခေါင်းဆောင်တဦးကလည်း ဆိုပါတယ်။

ကုလသမဂ္ဂရဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းရေး လုံခြုံရေးကောင်စီမှာ တရုတ်အစိုးရအနေနဲ့ ဗီတိုအာဏာနဲ့ ပယ်ချနိုင်ပေမဲ့ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း ဒါမှမဟုတ် ကုလသမဂ္ဂရဲ့ စုံစမ်းရေးကော်မရှင်က တိုက်ရိုက် ဖွဲ့စည်းနိုင်လိမ့်မယ်လို ဝါရှင်တန်ပို့စ် သတင်းစာမှာ ရေးသားထားပါတယ်။ မြန်မာနိုင်ငံက လူ့အခွင့်အရေး ချိုးဖောက်မှုတွေအတွက် အမေရိကန်အစိုးရက သံတမန်တွေ စေလွှတ်ခဲ့ပေမဲ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး တိုးတက်မှု မရှိသေးတာကို တွေ့ရတယ်လို့ အမေရိကန်အစိုးရ ထိပ်တန်းအရာရှိတဦးက ဆိုပါတယ်။

မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး ကိုယ်စားလှယ် မစ္စတာ ကင်တားနားကတော့ မြန်မာနိုင်ငံက လူ့အခွင့်အရေး ချိုးဖောက်မှုတွေဟာ နိုင်ငံတကာ ရာဇဝတ်ခုံရုံးမှာ စစ်ဆေးဖို့ အကျုံးဝင်နိုင်ကြောင်း ပြောဆိုထားပါတယ်။

အခုလို ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံက လူမဆန်တဲ့ စစ်ရာဇဝတ်မှုတွေကို စုံစမ်းစစ်ဆေးရေး အစီအစဉ်ကြောင့် မြန်မာစစ်အစိုးရအနေနဲ့ ငြိမ်းချမ်းတဲ့ တွေ့ဆုံဆွေးနွေးရေးတွေကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်လိမ့်မယ်လို့ နိုင်ငံရေးအကဲခတ်တွေက သုံးသပ်နေကြပါတယ်။
http://www.rfa.org/burmese

## တောင်ကိုးရီးယား ဒု–နိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံကို လာမည်

**ခင်နှင်းထက်**

၁၈ ဩဂုတ် ၂၀၁၀ – တောင်ကိုးရီးယား ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရှင်းဂါက်စု အခုလ ၁၉ ရက်နေ့မှာ မြန်မာနိုင်ငံကို လာရောက် လည်ပတ်ဖို့ ရှိတယ်လို့ သိရပါတယ်။

ဒီခရီးစဉ်အတွင်း နေပြည်တော်ရှိ စစ်ဖက်ထိပ်တန်းခေါင်းဆောင်တွေနဲ့ တွေ့မှာ ဖြစ်သလို ရန်ကုန်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် အတိုက်ခံ နိုင်ငံရေးပါတီတွေနဲ့လည်း တွေ့ဖို့ရှိတယ်လို့ သိရပါတယ်။

ဘာတွေဆွေးနွေးမလဲဆိုတာ အတိအကျ မသိရသေးပေမယ့် မြောက်ကိုးရီးယား–မြန်မာ ဆက်ဆံရေးကိစ္စနဲ့ ရွေးကောက်ပွဲမှာ အားလုံး ပါဝင်ခွင့်ရရေး ကိစ္စတွေ ပါဝင်နိုင်တယ်လို့ ဆိုးလ်နဲ့ ရန်ကုန်ကလာတဲ့ သတင်းတွေမှာ ဖော်ပြထားပါတယ်။

အန်အယ်လ်ဒီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့နဲ့ တောင်ကိုးရီးယား ဒု–နိုင်ငံခြားရေးဝန်ကြီးတို့ လာမယ့်စနေနေ့မှာ တွေ့ဖို့ရှိတယ်လို့ ပါတီ ဒု–ဥက္ကဋ္ဌ ဦးတင်ဦးက ပြောပါတယ်။ မစ္စတာရှင်းဂါက်စုဟာ အခုလ ၂၁ ရက်နေ့ မနက်အစောပိုင်းမှာ နေပြည်တော်ကနေ ရန်ကုန်ကို ပြန်လာမှာဖြစ်ပြီး အဲဒီနေ့ ညနေပိုင်းမှာ အန်အယ်လ်ဒီ ပါတီခေါင်းဆောင်တွေနဲ့ တွေ့မယ်လို့ ဆိုပါတယ်။ မစ္စတာရှင်းဂါက်စုနဲ့ တွေ့တဲ့အခါ ဘာတွေတင်ပြဖို့ ရှိပါသလဲလို့ မေးကြည့်တဲ့အခါ ဦးတင်ဦးက အခုလို ပြောပြပါတယ်။

"ကျနော်တို့နဲ့ တွေ့ရင်တော့ဖြင့် ဒီရွေးကောက်ပွဲ ရွေးကောက်မယ့်နေ့ပေါ့ဗျာ၊ နိုဝင်ဘာ ၇ ရက် ကြေညာပြီးတဲ့နောက်ပိုင်းမှာ အန်အယ်လ်ဒီနဲ့ ပတ်သက်ပြီးတော့ အဖွဲ့ချုပ်က ဘယ်လိုသဘောထားများ ထားမလဲ၊ ဒီလိုဟာတွေလည်း ပြောချင်လည်း ပြောမလား မသိဘူး။ သူတို့ပြောတာဟာ နားလည်မှုအပေါ် မူတည်ပြီး ပြောရမှာပေ့ါ။ ကျနော်တို့ကလည်း အဲဒီကိစ္စနဲ့ ပတ်သက်ရင် ပြောရင်တော့လည်း ကျနော်တို့က ဒီကိစ္စနဲ့ ပတ်သက်တဲ့ ကျနော်တို့ အရင်သတ်မှတ်ထားတဲ့ Nuclear ပတ်သက်တဲ့ အရှေ့တောင်အာရှနဲ့ Non nuclear Zone ပေ့ါနော်။ အဲဒါဖြစ်တာနဲ့ ပတ်သက်လို့ စတဲ့ သဘောထားတွေပေါ်မှာလည်း ပြောရဆိုရမယ် ဆိုတာလည်း မပြောတတ်ဘူးပေ့ါ။

"နောက်တခုက အရေးကြီးတဲ့တချက်ကတော့ ကျနော်တို့ ဒီ စစ်အုပ်ချုပ်ရေးနဲ့ ဒီမိုကရေစီအင်အားစုအတွက် ကောင်းအောင်လုပ်နိုင်မယ့် အချက်တချက်က တောင်ကိုးရီးယားက လုပ်ပေးနိုင်တာ ရှိတယ်။ အဲဒါကတော့ ကျနော်တို့ မပြောတော့ဘူးလေ၊ အဲဒါကတော့ ကုလသမဂ္ဂမှာ လုပ်ရမယ့် ကိစ္စဖြစ်တယ်၊ သူတို့ ပါဝင်နေတယ်။ အဲဒီအပေါ်မှာ သူတို့အတွက် ဘယ်လောက်ထိ လုပ်ပေးနိုင်မလဲ။ အဲဒီ အပေါ်မှာလည်း ကျနော်တို့က ပြောဖို့တော့ ရှိတယ်။

"နောက်တခုက အရေးကြီးတဲ့တချက်က အဲဒါကတော့ ကျနော်တို့ ဒီ စစ်အုပ်ချုပ်ခံနဲ့ ဒီမိုကရေစီ အင်အားစုအတွက် ကောင်းအောင်လုပ်နိုင်မယ့် အချက်တချက်က တောင်ကိုးရီးယားက လုပ်ပေးနိုင်တာ ရှိတယ်။ အဲဒါကတော့ မပြောတော့ဘူးလေ။ အဲဒါကတော့ ကျနော်တို့ ကုလသမဂ္ဂမှာ လုပ်ရမယ့် အချက် ပါဝင်နေတယ်။ အဲဒီအပေါ်မှာ ကျနော်တို့အကျိုးအတွက် ဘယ်လောက် လုပ်ပေးနိုင်မလဲ၊ အဲဒီအပေါ်မှာလည်း ကျနော်တို့ ပြောဖို့ရှိတယ်။"

အစောပိုင်းက ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒီမိုကရေစီရေးလှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခဲ့တဲ့ တောင်ကိုးရီးယားနိုင်ငံက ဒေဝူးကုမ္ပဏီက နအဖနဲ့ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်နေတဲ့ ကိစ္စကိုလည်း ထည့်သွင်းပြောကြားဖို့ ရှိတယ်လို့လည်း ဦးတင်ဦးက ပြောပါတယ်။

တောင်ကိုးရီးယား ဒု–နိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံလာတာဟာ ဇူလိုင်လကုန်ပိုင်းက မြောက်ကိုးရီးယား နိုင်ငံခြားရေးဝန်ကြီးပတ်အီချွမ်း မြန်မာနိုင်ငံကို လာသွားတဲ့ကိစ္စနဲ့ ဆက်စပ်မှု ရှိနိုင်တယ်လို့လည်း ဦးတင်ဦးက ပြောပါတယ်။

မစ္စတာရှင်းဂါက်စုရဲ့ မြန်မာနိုင်ငံခရီးစဉ်နဲ့ ပတ်သက်ပြီး တောင်ကိုးရီယား သတင်းစာတွေက ဖော်ပြရာမှာတော့ မြန်မာ–မြောက်ကိုးရီးယားတို့ရဲ့ စစ်ရေးဆိုင်ရာ ဆက်သွယ်လုပ်ဆောင်နေမှုတွေကို လွတ်လပ်စွာ ဆွေးနွေးဖို့ရှိပြီး မြောက်ကိုးရီးယားနဲ့ နျူးကလီးယားကိစ္စ ပူးပေါင်းဆောင်ရွက်နေတဲ့အပေါ် စိုးရိမ်မှုတွေ ရှိနေကြောင်း ဖော်ပြထားတယ်လို့ သိရပါတယ်။

ဒ့ါအပြင် လာမယ့် အောက်တိုဘာလကစပြီး မြန်မာနိုင်ငံကို ဒေါ်လာလွှဲပြောင်းမှု ရပ်စဲတော့မယ့် အကြောင်းကိုလည်း မြန်မာစစ်အစိုးရခေါင်းဆောင်တွေကို ရှင်းပြမယ်လို့ သတင်းစာတွေမှာ ဖော်ပြထားကြောင်း အန်အယ်လ်ဒီ အယ်လ်အေကိုရီးယားဌာနခွဲမှ ကိုဇော်မိုးအောင်က ပြောပြပါတယ်။

တောင်ကိုးရီးယား ဒု–နိုင်ငံခြားရေးဝန်ကြီးရဲ့ မြန်မာနိုင်ငံခရီးစဉ်အပေါ် သူ့ရဲ့ သဘောထားကိုလည်း ကိုဇော်မိုးအောင်က အခုလို ပြောပြပါတယ်။

"သူတို့အနေနဲ့ တကယ်ကို မြောက်ကိုရီးယားနဲ့ ဆက်ဆံရေးကိစ္စကို တိတိလင်းလင်း ဆွေးနွေးနိုင်မယ်။ တကယ်ကို တိတိလင်းလင်း ဦးဆောင်နိုင်မယ် ဆိုရင်တော့ ကောင်းတဲ့ အလားအလာ တချက်ပဲလေ၊ ဘာဖြစ်လို့လဲဆိုတော့ တကမ္ဘာလုံးကနေ နျူးကလီးယားကိစ္စတွေ ထုတ်လုပ်ရေးမှာ ဆန့်ကျင်နေတဲ့အပေါ်မှာ ဒီအာဏာရှင် နှစ်နိုင်ငံအနေနဲ့ လက်တွဲပြီးတော့ လုပ်တယ်ဆိုတာက ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်လည်း အန္တရာယ်ရှိသလို မြန်မာပြည်မှာနေထိုင်တဲ့ မြန်မာတိုင်းရင်းသားတွေ အတွက်လည်း အလွန်တရာမှ အန္တရာယ် ရှိပါတယ်။

"ဒီကိစ္စကို တကယ်တိတိကျကျနဲ့ ပြတ်သားအောင် ဆွေးနွေးနိုင်မယ်ဆိုရင် အလွန်ကောင်းတဲ့ ဆွေးနွေးချက် တခုအနေနဲ့ ကျနော်မျှော်လင့်ပါတယ်။ ဒါမှမဟုတ် ပြတ်သားစွာ မဆွေးနွေးနိုင်ဘဲနဲ့ ပြန်ခဲ့မယ်ဆိုရင်တော့ ကမ္ဘာ့ငြိမ်းချမ်းရေး အာရှငြိမ်းချမ်းရေးအတွက် အင်မတန်မှ စိုးရိမ်စရာကောင်းတဲ့ ဆက်ဆံမှုလို့ ကျနော့်အနေနဲ့ ပြောကြားချင်ပါတယ်။"❖

## သီတဂူဆရာတော်ဘုရားကြီး အင်းစိန်ထောင်၌ တရားချီးမြှင့်မည်

**အေးနိုင်**

၁၈ ဩဂုတ် ၂၀၁၀ – နာမည်ကျော် တရားဟောဆရာတော် သီတဂူ ဆရာတော်ဘုရားကြီးက အင်းစိန်ထောင်တွင်း အကျဉ်းသား ကိုးထောင်ကျော်ကို ညမနက်စာ ကျွေးမွေးပြီး တရားခမ္မ ချီးမြှင့်မယ်လို့ သိရပါတယ်။

သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရဟာ လာမယ့်ဩဂုတ် ၂၁ ရက်ကျရင် ရန်ကုန်မြို့ အင်းစိန်ထောင်တွင်းမှာ အကျဉ်းသားတွေနဲ့ အကျဉ်းဦးစီးဌာနဝန်ထမ်းတွေကို တရားချီးမြှင့် ဟောကြားတော်မူမယ်လို့ သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့က ပြောပါတယ်။

အင်းစိန်ထောင်ထဲက အကျဉ်းသား ကိုးထောင်ဝန်းကျင်နဲ့ အကျဉ်းဦးစီးဌာနဝန်ထမ်းတွေကို မနက်စာ ဒန်ပေါက်ထမင်း၊ ညနေစာ ထမင်းဖြူနဲ့ ကြက်သားဟင်း ကျွေးမွေးမှာလို့ဆိုပါတယ်။ အကျဉ်းသားတွေအတွက် အသုံးတည့်မယ့် မြန်မာဆေး၊ အင်္ဂလိပ်ဆေး၊ မျက်နှာသုတ်ပုဝါ၊ သောက်ရေသန့်၊ ဖျော်ရည်တွေလည်း လှူဒါန်းမယ့်အပြင် နေ့ခင်းတနာရီထိုးကနေ သုံးနာရီထိ နှစ်နာရီကြာ တရားချီးမြှင့်မယ်လို့ အဖွဲ့အတွင်းရေးမှူး ဦးဟန်က ပြောပါတယ်။

"အင်းစိန်ထောင်မှာ ကျနော်တို့က မနက်ကတော့ ဒံပေါက်ထမင်းပေ့ါ၊ ညစာအတွက်ကတော့ ထမင်းဖြူ ကြက်သားကျော်၊ ငပိကျော်နဲ့ ပဲပြားကျော်ပေ့ါနော်။ အဲလိုလေးနဲ့ စုံစေ့အောင်လုပ်ပေးဖို့ နေ့ခင်းတချက် နှစ်ချက်ထိုးမှာ တရားဆရာတော်ကြီးက ချီးမြှင့်မယ်။ သုံးနာရီလောက်ထိ ချီးမြှင့်ပြီးတော့ ညနေစာအတွက်နဲ့ မနက်စာအတွက်ပါ နှစ်ခုလှူဒါန်းဖို့ပါ။"

ဒီဒါနပြုတရားပွဲကို အခုလ ၂၅ ရက်နေ့မှာ ကျရောက်မယ့် ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ကို ရည်စူးလုပ်တာဖြစ်ပြီး အာဏာပိုင်တွေနဲ့ ဆရာတော်အား လပ်ရက် ညှိနှိုင်းပြီး ၂၁ ရက်နေ့ကို ကျွေးမွေးတရားဟောဖို့ သတ်မှတ်စီစဉ်တာဖြစ်ပါတယ်။ ကျပ်ငွေသိန်းငါးရာဝန်းကျင်ကျသင့်မယ့် ဒီလှူဒါန်းမှုကို ဆရာတော်ကြီးနဲ့ တကာ၊ တကာမတွေက စုပေါင်းထည့်ဝင် လှူဒါန်းကြတာဖြစ်ပါတယ်။

သီတဂူဆရာတော်ဘုရားကြီးဟာ အရင်တုန်းကလည်း အင်းစိန်ထောင်နဲ့ မန္တလေး အိုးဘိုထောင်တွေမှာ အလားတူ လှူဒါန်းတရားချီးမြှင့်ခဲ့ဖူးပြီး အခုအကြိမ်ဟာ စတုတ္ထအကြိမ် ဖြစ်တယ်လို့ဆိုပါတယ်။ နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့တုန်းက ရေဘေးဒုက္ခသည်တွေအတွက် ဦးစားပေးလှူဒါန်းနေတာကြောင့် ထောင်အလှူကို ခေတ္တရပ်ခဲ့ပြီး အခုပြန်လုပ်တာပါလို့ ဦးဟန်က ပြောပါတယ်။

မေတ္တာအခါတော်နေ့လို့ သတ်မှတ်တာကတော့ မြတ်စွာဘုရားရှင်လက်ထက်က မြတ်စွာဘုရားရှင်က ရဟန်းငါးရာတို့ကို မေတ္တာသုတ်တရားတော်ဟော ပြောတော်မူခဲ့တဲ့နေ့ကို အစွဲပြုပြီး ခေါ်ဝေါ်တာလို့ သိရပါတယ်။ ❖

## လွှတ်တော်ကိုယ်စားလှယ်ထားရှိရေး ပါတီများ အခက်တွေ့

**အုံ့ဘုန်းမြတ်**

၁၈ ဩဂုတ် ၂၀၁၀ – ရွေးကောက်ပွဲဝင် နိုင်ငံရေးပါတီတွေအနေနဲ့ ပြည်သူ့လွှတ်တော် အမည်စာရင်းတွေကို ဒီလကုန် နောက်ဆုံးထားပြီး တင်သွင်းကြရမှာ ဖြစ်တဲ့အတွက် ကိုယ်စားလှယ်လောင်းရှာဖွေရေးနဲ့ အာမခံငွေ ၅ သိန်းပေးကြရမှာ ၁၂ ရက်ပဲ ကျန်ပါတော့တယ်။

ဒီအခြေအနေမှာ နိုင်ငံရေးပါတီအားလုံးနီးပါး အခက်အခဲနဲ့ တွေ့ကြုံ ရင်ဆိုင်နေကြရပါတယ်။ ဒါ့အပြင် ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်လိုတဲ့ ပုဂ္ဂိုလ်တွေပါ အခက်တွေ့နေကြတာပါ။ ဒီအခြေအနေနဲ့ ပတ်သက်ပြီး ဒီမိုကရက်တစ်ပါတီ မြန်မာရဲ့ ဥက္ကဋ္ဌ ဦးသုဝေက အခုလို စပြောပါတယ်။

"ကျနော်တို့က ပထမတုန်းကတော့ ကိုယ့်ဟာကို တတ်နိုင်တဲ့လူတွေရယ်၊ မတတ်နိုင်တဲ့ လူတွေရယ် နှစ်ပိုင်းရှိတယ်၊ တတ်နိုင်တဲ့လူ ၁၀၀ လောက်၊ မတတ်နိုင်တဲ့လူတွေက များတာပေါ့။ မတတ်နိုင်တဲ့ လူတွေကလည်း အခု နှစ်ပတ်အတောအတွင်း ၁၂ ရက်လောက် အတောအတွင်းမှာဆိုတော့ သွားရှာဖို့ တော်တော် ခက်နေတယ်၊ အဲဒါအပြင် အခု အရင်တုန်းက ၁၀၀ လောက် မှန်းထားတဲ့ လူတွေကလည်း ချက်ချင်းကြီးဆိုတော့ ထုတ်ဖို့ရာ အခက်အခဲက ရှိကြတယ်။ အဲဒါကို မနည်း လုပ်နေရတယ်။"

ဒီမိုကရက်တစ်ပါတီ(မြန်မာ)အနေနဲ့လည်း ခန့်မှန်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေ ပြည့်မီတော့မှာ မဟုတ်ဘူးလို့လည်း ဥက္ကဋ္ဌ ဦးသုဝေက ဆိုပါတယ်။

မန္တလေးမြို့မှာ အခြေစိုက်ပြီး ထူထောင်ထားတဲ့ ဝံသာနု အန်အယ်လ်ဒီပါတီရဲ့ ခေါင်းဆောင်ဖြစ်သူ ဒေါ်နန်းရွှေကြာကလည်း သူတို့ပါတီရဲ့ အခြေအနေကို ပြောပြပါတယ်။

"အမည်စာရင်းတင်တဲ့ ရက်ကလည်း နည်းတဲ့အခါကျတော့ ငွေရေးကြေးရေး အတိုင်းအတာကျတော့ရော လွှတ်တော်ကိုယ်စားလှယ် အနေအထားကော ပြောတုန်းကတော့ ၂၅ ရာခိုင်နှုန်း မှန်းထားတာ။ တနိုင်ငံလုံး အတိုင်းအတာ ၂၅ ရာခိုင်နှုန်း မှန်းထားတာ။ ဘာပြောပြော အန်တီတို့က ၁၀ ရာခိုင်နှုန်းတောင် မနည်းကြိုးစားရမယ့် အပိုင်းဖြစ်နေပြီ။"

နိုင်ငံရေးပါတီတွေအနေနဲ့ လွှတ်တော်ကိုယ်စားလှယ် ထားရှိရေး အခက်အခဲတွေကြောင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် စတဲ့ လွှတ်တော် သုံးရပ်အတွက် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၁,၁၅၈ ဦးစာအတွက် ပါတီသစ်တွေ ပြင်ဆင်ဖို့ မဖြစ်နိုင်ကြတော့ပါဘူး။

ဒီအခြေအနေမျိုးကြောင့် အစိုးရကိုယ်တိုင်ပါဝင်တဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးပါတီက ကိုယ်စားလှယ်တွေပဲ ပြိုင်ဘက်မရှိ အနိုင်ရသွားမယ့် အခြေအနေမျိုးတွေ ဖြစ်နေတယ်လို့လည်း အခြား ပါတီခေါင်းဆောင်တွေက ဆိုပါတယ်။

ဒီလိုအခြေအနေတွေနဲ့ ပတ်သက်ပြီး အရပ်သားတွေ ဦးဆောင်ထူထောင်တဲ့ နိုင်ငံရေးပါတီတွေ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ကြဖို့ ရှိနေတယ်လို့ မြန်မာ့ဒီမိုကရေစီကွန်ဂရက်ပါတီရဲ့ အထွေထွေအတွင်းရေးမှူး ဦးဝေမှူးသွင်က ဆိုပါတယ်။

"ကော်မရှင်ကို ရွေးကောက်ပွဲကို နောက်ဆုတ်ပေးဖို့ တောင်းဆိုမယ်၊ ဒီနိုင်ငံရေးပါတီရဲ့ ကိုယ်စားလှယ်လောင်းတွေ လွှတ်တော်အမတ်လောင်းတွေ စာရင်းတင်တဲ့ရက်ကို နောက်ဆုတ်ပေးဖို့ တောင်းဆိုမယ်၊ ကိုယ်စားလှယ်လောင်း စပေါ်တင်ရမယ့် ၅ သိန်းကိုလည်း လျှော့ပေးဖို့ တောင်းဆိုမယ်။ အဲဒါတွေအပြင် အရေးကြီးတဲ့ တောင်းဆိုမှုတွေကို ဒီမိုကရေစီအင်အားစုတွေ၊ အရပ်ဘက်ပါတီတွေ အကုန်လုံးစုပြီးတော့ မဲဆန္ဒနယ် အကုန်လုံး ယှဉ်ပြိုင်နိုင်ရေးပေါ့။"

ဒီလိုပူးပေါင်း ဆောင်ရွက်ကြမယ့် အခြေအနေတွေအပေါ်ကိုလည်း ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအေးလွင်က ကြိုဆိုလိုက်ပါတယ်။

"ညှိညှိနှိုင်းနှိုင်း လုပ်နိုင်မယ်ဆိုရင်တော့ ပြည့်သွားမှာပါ။ ညှိညှိနှိုင်းနှိုင်း မလုပ်နိုင်ဘူးဆိုရင်တော့ လူတွေက တယောက်နဲ့တယောက် အားပြိုင်နေတဲ့ အနေအထားမျိုး ဖြစ်သွားမှာပေါ့။ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်တွေ အားလုံးက နိုင်ငံရေးသမားအချင်းချင်းက လုပ်ဖော်ကိုင်ဖက်တွေ သဘောထား သိပြီးတော့ အားပြုပြီးတော့ တယောက်နဲ့တယောက် လက်တွဲသွားကြတာမျိုးပေါ့။ အဲဒါမျိုး ကျနော်တို့ ဖြစ်စေချင်တယ်လေ။ သဘောထား ရှိတဲ့လူတွေနဲ့တော့ လက်တွဲသွားဖို့ အစီအစဉ် ရှိပါတယ်။

"ဒါကို လုပ်နိုင်မယ်ဆိုရင်တော့ မဲဆန္ဒနယ်မြေ တော်တော်များများ ရာခိုင်နှုန်းတခုအထိပေါ့။ နောက်ဆုံး ကျနော်တို့ မဲဆန္ဒနယ်မြေအသီးသီးက တင်သွင်းတဲ့ ကိုယ်စားလှယ်လောင်းတွေ ပြည်သူကထောက်ခံမယ်ဆိုရင် အစိုးရဖွဲ့နိုင်မယ့် အခြေအနေမျိုး အထိတောင် ရောက်သွားနိုင်ပါတယ်။ ဒါကတော့ ကျနော်တို့ ကြိုးစားလုပ်ရမှာပါ။"

နအဖစစ် အစိုးရကတော့ ရွေးကောက်ပွဲကို လာမယ့်နိုဝင်ဘာလ ၇ ရက်နေ့မှာ ကျင်းပပြုလုပ်မယ်လို့ ကြေညာထားပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီးမွန်း အပါအဝင်၊ အမေရိကန်၊ ဗြိတိန်၊ ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတွေ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက နအဖစစ်အစိုးရနေနဲ့ ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတမှုရှိတဲ့ ရွေးကောက်ပွဲအဖြစ် လူအများ ယုံကြည် လက်ခံနိုင်လောက်တဲ့ ရွေးကောက်ပွဲအဖြစ် ကျင်းပပြုလုပ်ဖို့နဲ့ နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်မြောက် ရေးနဲ့ နိုင်ငံရေးမှာ ပါဝင်ရရှိရေးတွေကို ဆောင်ရွက်ဖို့လည်း အသီးသီး တိုက်တွန်းထားပါတယ်။ ❖

## စီးပွားရေး – ဂျာနယ်အလုပ်ခေါ် ကြော်ငြာ … လိုင်စင်မဲ့ကား

**ရွှေအောင်**

၁၈ ဩဂုတ် ၂၀၁၀ – ဂျာနယ်တချို့မှာ အလုပ်ခေါ်တဲ့ကြော်ငြာကို အပတ်စဉ်ထည့်ပြီး 'ဂျာနယ်ကြော်အောင် ညာနေတယ်လို့' ရန်ကုန်က ဂျာနယ်သတင်းထောက် တဦးက ပြောပါတယ်။

ဂျာနယ်တိုက်အတွက်လိုတဲ့ သတင်းထောက်၊ လေးအောက်ဒီဇိုင်နာ၊ အရောင်းမြှင့်တင်ရေး စတဲ့နေရာတွေအတွက် အလုပ်ခေါ်တဲ့ ကြော်ငြာကို အပတ်စဉ်ထည့်သွင်း ခေါ်ယူလေ့ရှိပြီး ရမယ့်လစာကိုလည်း တခြားတိုက်တွေကမပေးတဲ့ လစာနှုန်းထားတွေ ဖော်ပြပြီး ခေါ်ယူလေ့ရှိတာပါ။ တကယ်သွားလျှောက်တဲ့အခါမှာတော့ အဲ့ဒီလစာတွေ မပေးဘူးလို့ပြောပါတယ်။

"ပန်းဆိုးတန်းမှာရှိတယ်။ အားကစားက သုံးလေးစောင်လောက်ထုတ်တယ်။ နိုင်ငံတကာရေးရာ၊ ကျန်းမာရေး၊ စသည်ဖြင့်ထုတ်တယ်။ နောက်ပြီး သတင်းဂျာနယ်က တခုထုတ်တယ်။ လစာက ဆိုပါစို့ ပုံမှန်တိုက်ဈေးတွေနဲ့ဆိုမြင့်တယ်။ သူတို့ခေါ်တဲ့ နှုန်းထားက ဟိုတုန်းက အလုပ်သင် အယ်ဒီတာကို ရှစ်သောင်းပေါ့။

"တခြား သတင်းထောက်တို့ဘာတို့ဆိုလည်း ငါးသောင်း၊ ခြောက်သောင်း အဲလိုခေါ်တယ်။ ဒါပေမယ့် တကယ်သွားလုပ်တဲ့အခါကျတော့ ဥပမာ … ခြောက်သောင်းဆိုရင် သုံးသောင်းအဲလိုဖြစ်သွားတယ်။ ဒီနောက်ပိုင်းမှာ ဒီလုပ်ငန်းက လူငယ်ကြားမှာလည်း ပါတာပေါ့။ ဒီအလုပ်ကို စိတ်ဝင်စားတဲ့လူတွေ များတယ်။ များတဲ့အပေါ်မှာ အဓိကတော့ သူတို့က စီးပွားရေးလုပ်တာပဲ။"

အဲ့ဒီတိုက်မှာ လုပ်တဲ့သူတွေလည်း ကြာကြာမခြဲဘဲ အဝင်အထွက်များတယ်လို့လည်း ပြောပါတယ်။ အဲ့ဒီဂျာနယ်တိုက်မှာ လုပ်ဖူးတဲ့ သတင်းထောက်တယောက်ကတော့ ဂျာနယ်မှာအလုပ်ကြော်ငြာ အမြဲထည့်ပြီး အလုပ်ရှာတဲ့သူတွေ ဝယ်ဖတ်အောင်လုပ်တာ ဖြစ်တယ်လို့လည်းဆိုပါတယ်။

လက်ရှိပြည်တွင်းမှာ ဂျာနယ်ပေါင်း တရာငါးဆယ်ကျော်ထုတ်ဝေနေပြီး သတင်းဂျာနယ်က အများဆုံးဖြစ်ပါတယ်။ အရောင်းရဆုံးကတော့ ဘောလုံးဂျာနယ်တွေ ဖြစ်တယ်လို့ ရန်ကုန်စာနယ်ဇင်း အသိုင်းအဝိုင်းအဆိုအရ သိရပါတယ်။

ထိုင်း–မြန်မာနယ်စပ် မဲဆောက်ဘက်ခြမ်းကနေ မြန်မာပြည်ထဲကို ညတိုင်းလိုလို တပတ်ရစ်ဂျပန်ကားတွေ တရားမဝင်သွင်းနေတယ်လို့ မဲဆောက်က မြန်မာကုန်သည်တဦးက ပြောပါတယ်။

ပြည်တွင်းမှာ လိုင်စင်မဲ့ကားတွေကို လိုင်စင်လုပ်ပေးနေကတည်းက အခုလို ကားတွေ သွင်းနေပါတယ်။ တိုယိုတာ မတ်တူးနဲ့ ပါဂျရိုးကားတွေ များတယ်လို့ဆိုပါတယ်။

ပြည်တွင်းမှာ လိုင်စင်လုပ်ဖူးတဲ့ကားပိုင်ရှင်တဦးကတော့ လိုင်စင်ကြေးတွေကို ညှိလို့ရတယ်။ အထူးသဖြင့် လိုင်းပျောက်လို့ခေါ်တဲ့ လူကြိုက်မများ၊ လူသုံးမများတဲ့ကားတွေဆို သက်သာတဲ့ကြေးနဲ့ ညှိပြီး လိုင်စင်လုပ်ရတယ်လို့ပြောပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင်လ ၂၃ ရက်ကစပြီး လိုင်စင်မဲ့ကားတွေကို ဒဏ်ကြေးအခွန်အဖြစ် ကားတန်ဖိုး ရဲ့ ၈၅ ရာခိုင်နှုန်း ပေးဆောင်စေပြီး လိုင်စင်လုပ်ပေးနေတာဖြစ်ပါတယ်။ ❖

## ခရမ်းမြို့နယ်၌ မဲ မပေးရေး ဆန့်ကျင်စာကပ်

**နော်နိုရင်း**

၁၈ ဩဂုတ် ၂၀၁၀ – ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်မှာ ဒီမနက်ပိုင်းက ရွေးကောက်ပွဲ ဆန့်ကျင်ရေးလှုပ်ရှားမှုတခု ဖြစ်ပွားခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ပုံပါ စာရွက်ပေါ်မှာ 'နိုင်ငံသားတိုင်းဟာ မဲပေးပိုင်ခွင့် ရှိသလို မဲမပေးဘဲ နေပိုင်ခွင့်လည်းရှိပါတယ်' နောက်ပြီး ၂၀၁၀ ရွေးကောက်ပွဲကို အလိုမရှိဆိုပြီး ရေးသားထားတဲ့ရွက်တွေကို လူစည်ကားရာနေရာတွေ လျှပ်စစ်တိုင်တွေ မှာ ပြန့်ကျဲနေတယ်လို့ မျက်မြင် တွေ့ရှိသူတဦးက အခုလို ပြောပြပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်ပုံပါပါတယ်။ နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့်ရှိသလို မဲမပေးဘဲ နေပိုင်ခွင့်လည်းရှိတယ်။ 'အတင်းအဓမ္မ မဲပေးခိုင်းခြင်းသည် ဥပဒေကိုချိုး ဖောက်ခြင်းဖြစ်သည်' ဒေါ်အောင်ဆန်းစုကြည်ပုံကြီးနဲ့ အောက်ကနေ ၂၀၁၀ ရွေး ကောက်ပွဲကို အလိုမရှိလို့ရေးထားတယ်။ ဆော့ပင်အနီနဲ့ အဲလိုရေးထားပြီးတော့ တွေ့တယ်။

အဲဒါကတော့ ခရမ်းမြို့နယ်အနောက်ခြမ်းက ပိန်းကန်မတော်ကနေ စီးလာ ပြီးတော့ မော်တော်ဂိတ်တွေမှာ အဲဒါမျိုးရေးထားတယ်။ နောက် ဈေးရှေ့တွေမှာ လည်းရေးထားတယ်။ လူထုတွေကတော့အံ့ကြည့်နေတာ၊ အောက်ကတော့ မှင်နီ ရောင်နဲ့ရယ် ၂၀၁၀ ရွေးကောက်ပွဲ အလိုမရှိ ဒါပဲပါတယ်၊ ဆိုင်းတွေဘာတွေတော့ မပါဘူး။"

ဒီလိုအလားတူ ခရမ်းမြို့နယ်အရှေ့ခြမ်းမှာလည်း ဒီလိုအလားတူ စာရွက်မျိုး ဖြန့်ဝေတာတွေ ရှိတယ်လို့ ကိုယ်တွေ့လာခဲ့သူတဦးက ပြောပါတယ်။

"လယ်တော်အရှေ့ခြမ်းကလေ ဘလူးတို့ဘာတို့ဘက်ကလာတာ၊ အဲဒီမော် တော်ဆိပ်မှာ စာတွေဘာတွေ ဖြန့်ဖြူးနေတာကို တွေ့ခဲ့တယ်။ မော်တော်ဆိပ်မှာ လေ ခရီးသည်အများစုက အဲဒီဒေါ်အောင်ဆန်းစုကြည်ပုံနဲ့ စာတွေကို ထုတ်တဲ့ဟာ တွေကို ဖတ်ရှုနေတာကို တွေ့လာခဲ့တယ်လို့ ကျမတို့အရှေ့ခြမ်းကနေ မော်တော်နဲ့ လာတော့ စာရွက်တွေကို တွေ့လိုက်တယ်။

"၂၀၁၀ ရွေးကောက်ပွဲအလိုမရှိ၊ အဲဒီစာရွက်က ဒေါ်အောင်ဆန်းစုကြည်ပုံပါ တယ်။ နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့်ရှိသလို မဲမပေးဘဲ နေထိုင်ခွင့်လည်းရှိတယ်။ အတင်းအဓမ္မမဲပေးခြင်းသည် ဥပဒေကိုချိုးဖောက်ခြင်းလည်း ဖြစ်သည်လို့ အောက် က ဒေါ်အောင်ဆန်းစုကြည်လို့ဆိုပြီးတော့ ရေးထားတာ အဲဒီစာကိုတွေ့ခဲ့တယ်။"

နေ့ခင်းပိုင်းအထိတော့ အာဏာပိုင်တွေက ဒီစာတွေကို သိမ်းယူတာတွေ မတွေ့ရသေးဘူးလို့ သူကပြောပါတယ်။ ဒီစာကို ဘယ်သူဘယ်ဝါ ဖြန့်ဝေခဲ့လဲဆိုတာ ကိုတော့ အတိအကျမသိရပါဘူး။ ဒါပေမယ့် ဒီစာဟာ လူထုတွေကို လမ်းပြတဲ့စာဖြစ် တယ်လို့ ယုံကြည်ကြောင်း အဲဒီ ဒေသခံမျက်မြင်တွေကပဲ ပြောဆိုသွားပါတယ်။ ❖

## ဒီကေဘီအေ နယ်ခြားစောင့်တပ်ဖွဲ့စည်းသည့်အခမ်းအနား ကျင်းပ

**နော်နိုရင်း**

၁၈ ဩဂုတ် ၂၀၁၀ – တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် (ဒီကေဘီအေ) တချို့နယ်ခြားစောင့်တပ်ပြောင်းလဲတဲ့ အခမ်းအနားကို မြိုင်ကြီးငူအ ထူးဒေသမှာ ဒီနေ့ကျင်းပပါတယ်။

ဒီကေဘီအေ တပ်တွေ နယ်ခြားစောင့်တပ်အသွင်ပြောင်းတဲ့ ဖွင့်ပွဲအခမ်းအ နားကို ကရင်ပြည်နယ်၊ မြိုင်ကြီးငူအထူးဒေသမှာ ခမ်းခမ်းနားနားပြုလုပ်ပါတယ်။ ဒီ အခမ်းအနားမှာ နယ်ခြားစောင့်တပ်အသွင်ပြောင်းထားတဲ့ ဒီကေဘီအေတပ်ဖွဲ့ဝင် ခြောက်ရာကို ဂုဏ်ပြုခဲ့ကြသလို တခြား 'နအဖ' စစ်တပ်က လေးဆယ်လောက်ကို လည်း ဂုဏ်ပြုခဲ့ကြတယ်လို့ အခမ်းအနားကိုတက်ရောက်ခဲ့သူတဦးက အခုလိုပြော ပြပါတယ်။

"အခမ်းအနားမှာတော့ သူတို့အရင်တခြားမှာ လုပ်တဲ့ပုံစံမျိုးတွေ ရာထူး ပေးတာ လုပ်တာတွေ အဲဒါမျိုးလုပ်တယ်။ အခမ်းအနား ၉ နာရီလောက်စတယ်။ ၁၀ နာရီ ၁၁ နာရီလောက်မှာပြီးတယ်။ ဒီက ဗိုလ်ချုပ်ကျော်သန်းတို့အဖွဲ့တွေ၊ သာထူး ကျော်တို့ အဲဒီလို အခမ်းအနားလာတာတော့ အင်အား ခြောက်ရာလောက်ရှိ တယ်။ တပ်ကလည်း ဗိုလ်မှူးတွေသွားတယ်။ ဗိုလ်မှူးအယောက်လေးဆယ်နဲ့ ဒီက အဖွဲ့နဲ့ နေရာအပြောင်းအလဲ ဘာညာ အခမ်းအနားနဲ့ပေးလိုက်တယ်။"

ဒီအခမ်းအနားမှာ တပ်မတော်ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ်–၄ အထူး စစ်ဆင်ရေးတပ်ဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ စစ်ဘက်ရေးရာ လုံခြုံရေးအကြီး အကဲ 'စရဖ' ဒု–ဗိုလ်ချုပ်ကြီးရဲမြင့်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူး ချုပ်သက်နိုင်ဝင်းတို့လည်း တက်ရောက်ခဲ့သလို ဒီကေဘီအေ ဘက်က စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကျော်သန်းအပါအဝင် ဒီကေဘီအေ တပ်မှူးကြီးတွေတက်ရောက်ပါတယ်။

အခုလဆန်းပိုင်းတုန်းက အဲဒီဒေသမှာ ယာဉ်တန်းကို ဗုံးခွဲတိုက်ခိုက်ခံခဲ့ရတဲ့ စစ်ဘက်အကြီးတန်း အရာရှိကြီးတွေဟာ ဒီမနက်အရုဏ်မတက်ခင်ကတည်းက ဖားအံမြို့ကနေ မြိုင်ကြီးငူကိုလုံခြုံရေးအပြည့်အစုံနဲ့ သွားခဲ့တာလို့အဲဒီ ဒေသခံကပဲ ပြောပါတယ်။ ဒီအခမ်းအနားမှာ စစ်တပ်တွေ၊ ပြည်သူတွေ၊ ကျောင်းသူကျောင်း သားတွေနဲ့ ဆရာဝန်အဖွဲ့တွေ လူအင်အားစုစုပေါင်း ငါးထောင်လောက်တက် ရောက်ခဲ့ပါတယ်။

ဒါပေမယ့် ဒီနေ့အခမ်းအနားမှာတော့ ဒီကေဘီအေ တပ်ဖွဲ့ဝင်ရဲ့ နာယက ဆရာတော် မြိုင်ကြီးငူဆရာတော် ဦးသုဇနကတော့ မတက်ရောက်ခဲ့ဘူးလို့ ဒေသခံ တွေက ပြောပါတယ်။ လာမယ့် ၂၀ ရက်နေ့ သောကြာနေ့မှာလည်း နယ်ခြားစောင့် တပ်ဖွင့်ပွဲအခမ်းအနားကို ကရင်ပြည်နယ်၊ ပိုင်ကျုံမြို့မှာ ပြုလုပ်ဖို့စီစဉ်ထားပြီး၊ ၂၂ ရက်နေ့မှာတော့ ဒီကေဘီအေ ၉၉၉ ဌာနချုပ် အခြေစိုက်ရာ မြဝတီမြို့နယ်၊ ရွှေကုက္ကို မှာ ကျင်းပဖို့ စီစဉ်ထားတယ်လို့ သတင်းထွက်နေပါတယ်။

၁၉၉၄ ခုနှစ်ကုန်ပိုင်းက ကရင်အမျိုးသားအစည်းအရုံးကနေ ခွဲထွက်သွားတဲ့ ကရင်လက်နက်ကိုင်တပ်ဖွဲ့ဝင်တွေက ဒီမိုကရက်တစ်ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် (ဒီကေဘီအေ) ကို ထူထောင်ခဲ့ပါတယ်။ အဲဒီနောက် 'နအဖ' စစ်အစိုး ရက လအတန်ကြာ လစာ၊ ရိက္ခာ ထောက်ပံ့မှုနဲ့ ရပ်တည်ခဲ့သလို ကရင်အမျိုးသား အစည်းအရုံးရဲ့ဌာနချုပ် မာနယ်ပလောကိုတိုက်ခိုက်ရာမှာ အစိုးရတပ်တွေနဲ့ ပူး ပေါင်းစစ်ဆင်ရေးဆောင်ရွက်ခဲ့ပါတယ်။

ဒီနောက် ဒီမိုကရက်တစ်ဆိုတဲ့နေရာမှာ တိုးတက်သောဆိုတဲ့ စကားလုံး ပြောင်းလဲခဲ့ပြီး နယ်စပ်တွေမှာ ဂိတ်ဖွင့်ပြီးအခွန်ကောက်ခံခွင့်၊ ပြည်တွင်းစီးပွားရေး လုပ်ငန်းတွေလုပ်ခွင့်၊ အမျိုးသားညီလာခံတက်ရောက်ခွင့်တွေ ပေးခဲ့ပါတယ်။ အခုလ ဆန်းပိုင်းမှာ 'နအဖ' ကမ်းလှမ်းတဲ့အတိုင်း နယ်ခြားစောင့်တပ်အသွင်ကူးပြောင်းဖို့ သဘောတူလက်မှတ်ထိုးခဲ့တာဖြစ်ပါတယ်။

ခန့်မှန်းတွက်ချက်သူတွေအပြောအရ ဒီကေဘီအေ တပ်ဖွဲ့ဝင်အင်အားဟာ မိုခိုအပါအဝင် လေးထောင်ဝန်းကျင်လောက်ရှိတယ်လို့ သိရပြီး တပ်ရင်းတရင်းကို သုံးရာဝန်းကျင်နဲ့ ခြောက်ရင်းဖွဲ့ခွင့်ရနိုင်တယ်လို့ဆိုပါတယ်။

ဒီကေဘီအေတပ်ထဲက တပ်မဟာ–၅ မှူး ဗိုလ်မှူးကြီးနွှတ်ခမ်းမွေးကတော့ နယ်ခြားစောင့်တပ်အသွင်ပြောင်းတာကို လက်မခံဘဲ အမျိုးဘာသာသာသနာအ တွက် ဒီကေဘီအေ နာမည်နဲ့ပဲ ဆက်လက်ရပ်တည်မယ်လို့ ဒီဗွီဘီကို ပြောဆိုထား ပါတယ်။ ❖

http://burmese.dvb.no/

## ဩဂုတ်လ ၁၉ ရက်နေ့တွင် မြန်မာနိုင်ငံ၌ ကမ္ဘာ့လူသားချင်း စာနာ ထောက်ထားသောနေ့ (World Humanitarian Day) ကိုကျင်းပမည်

မြန်မာနိုင်ငံ၌ ကမ္ဘာ့လူသားချင်း စာနာ ထောက်ထားသောနေ့ကို ဒုတိယအကြိမ်မြောက် ဂုဏ်ပြုကျင်းပမည် ဖြစ်ကြောင်းသိရ







မြန်မာနိုင်ငံ၌ ကမ္ဘာ့လူသားချင်း စာနာ ထောက်ထားသောနေ့ (World Humanitarian Day) ကို ဩဂုတ်လ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့ အင်းယားလိပ်ဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

လူသားများအတွက် ကူညီပံ့ပိုးနေသည့် လုပ်သားများအား ဂုဏ်ပြုသည့်အနေဖြင့် အဆိုပါနေ့ကို ကမ္ဘာတစ်ဝန်း ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း ဒုတိယအကြိမ်မြောက် ဂုဏ်ပြုကျင်းပခြင်း ဖြစ်ကြောင်း သိရှိရသည်။ ကုလသမဂ္ဂအဖွဲ့မှ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ လူသားများအတွက် ကူညီပံ့ပိုးနေသည့် တာဝန်ထမ်းဆောင်ရင်း အကြမ်းဖက်ဗုံး ဖောက်ခွဲမှုကြောင့် ကျဆုံးသွားခဲ့ရသည့် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Mr. Sergio Vieira de Mello နှင့်လူသားများအား အကူအညီပေးနေသည့် လုပ်သား ၂၂ ဦးတို့အား ဂုဏ်ပြုသည့်အနေဖြင့် ၂၀၀၈ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံက အဆိုပါနေ့ကို နှစ်စဉ် ဩဂုတ်လ ၁၉ ရက်နေ့တွင် ကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာတစ်ဝန်း စစ်ဘေးဒဏ်နှင့် သဘာဝဘေးဒုက္ခများ ကြုံတွေ့နေရသည့် ဒုက္ခသည်များကို ကူညီပံ့ပိုးပေးရန် လူသားချင်း စာနာထောက်ထား၍ အကူအညီပေးနေသူများအား အများက လက်ခံကြသကဲ့သို့ ၎င်းတို့အပေါ် အထင်အမြင်မှားပြီး ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခြင်းများလည်း ရှိနေကြောင်း၊  ၎င်းတို့သည် ကမ္ဘာတစ်ဝန်း စစ်ဘေးဖြစ်နေသည့်နေရာများ၊ သဘာဝဘေးဒုက္ခ ကြုံတွေ့နေရသည့် ဒေသများသို့ စားနပ်ရိက္ခာနှင့် ကယ်ဆယ်ရေး အ ထောက်အကူပြု ပစ္စည်းများရောက်ရှိ သွားရန်အတွက် များစွာ အထောက်အကူပြုသည့် အဆိုပါလူသားချင်း အကူအညီပေးနေသည့် သူများအား ဂုဏ်ပြုသည့်အနေဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။ ကုလသမဂ္ဂ အဖွဲ့မှဦးဆောင်၍ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် အင်န်ဂျီအိုပေါင်းစုံ ပါဝင်၍ ကျင်းပမည်ဖြစ်ပြီး ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ အမှာစာကိုလည်း အဆိုပါအခမ်းအနားတွင် ဖတ်ကြားသွားမည်ဖြစ်ကာ ပြည်တွင်း၊ ပြည်ပအင်န်ဂျီအိုများ၊ အလှူရှင်များ၊ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်မည်ဖြစ်သည်။

http://www.baymyanmar.com/2010/08/world-humanitarian-day.html